

တက္ကသိုလ်
သိဟအောင်
ကျန်းအိမင်ချိရှူးကျန့်တိကုရှ
ပဉ္စမဓား
-ပထမပိုင်း

ရှိုးတက်ရှေး..စာပေ

တက္ကသိုလ်

## သီဟာအောင်

# ပဥ္စမဓား

(ပထမပိုင်း)

စာမူခွင့်ပြုချက်အမှတ် ၅၀၀၀၀၃၀၁၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၀၃၇၀၁၁၀

၂၀၁၀ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

**ထုတ်ဝေသူ**
ဒေါ်မိုးကေခိုင်၊ (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းပုံနှိပ်**
ဦးအောင်မြင့်သိန်း၊ (အင်ကြင်းမြိုင် ပုံနှိပ်တိုက်)
၁၄၇၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပုံနှိပ်**
ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေးဦးတည်ချက်(၄)ရပ်**

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ရှီးတက်ရေး-စာပေ

## တာဝန်

နှင်းဖြူများ ဖုံးလွှမ်းကာ အအေးဓာတ်လွှမ်းခြုံထားသည်။ တောင်ပေါ်တစ်နေရာ၌ ဖြစ်လေသည်။

ကျောက်ဂူကြီးတစ်လုံးရှေ့၌ မီးပုံတစ်ခုရှိနေသည်။

မီးပုံပေါ်၌ ရေနွေးကြမ်းအိုးတည်ထားပြီး လူနှစ်ယောက် ကမျက်နှာချင်းတိုင် ထိုင်နေကြလေသည်။

အဘိုးအိုတစ်ယောက်နှင့် လူငယ်တစ်ယောက်တို့ ဖြစ်ကြပေသည်။

အဘိုးအိုသည် အသက်ရှစ်ဆယ်ခန့်ရှိပြီး ဆံပင်များ၊ မုတ်ဆိတ်မွေးများသာမက မျက်ခုံးမွေးများပင် ဖြူဖွေးနေလေသည်။

ဉပမိရုပ် အလွန်ကောင်းပြီး သူ၏မျက်လုံးများက အရောင်တဖိတ်ဖိတ် စူးရှတောက်ပနေသဖြင့် အတွင်းအားနှင့် သိုင်းပညာအရှင့်အထိပ် ရောက်ရှိနေသည့် သိုင်းဆရာကြီးတစ်ယောက်ဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေပါတော့သည်။

လူငယ်ကား အသက်ဆယ့်ရှစ်နှစ်ခန့်သာ ရှိသေးသည်။

ခန္ဓာကိုယ် တောင့်တင်းသန်မာပြီးသိုင်းပညာတတ်မြောက်ထားသူဖြစ်ကြောင်း မြင်ရုံဖြင့် သိနိုင်သော်လည်း သူ၏ရုပ်ရည်ကား ခက်ထန်ကြမ်းတမ်းသည့် အသွင်ရှိလေသည်။

အရိုးကွဲမတတ် အေးမြလှသော တောင်ပေါ်၌ရှိနေကြသော်လည်း နှစ်ယောက်သား အေးမြမှုကို ခံစားရပုံမရှိချေ။

အအေးဓာတ်ကို ခံနိုင်ရည်ရှိကာ လုံးဝအမှုမထားကြသည့်အသွင်ရှိကြလေသည်။

နှစ်ယောက်သား အတန်ကြာသည့်တိုင်အောင် တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေကြပြီးမှ အဘိုးအိုက စကားစလိုက်လေသည်။

“ရောင်ကျူး..မင်းဟာ သိုင်းပညာပြည့်စုံသွားပြီဆိုတော့ သိုင်းလောကထဲဆင်းပြီး အများအကျိုး၊ သိုင်းလောကအကျိုး သည်ပိုးဆောင်ရွက်ရတော့မယ်”

ရောင်ကျူးဆိုသောလူငယ် လှုပ်လှုပ်ရှားရှားဖြစ်သွား၏။

သူသည် မိဘမဲ့တစ်ကောင်ကြွက် တစ်ယောက်ဖြစ်သွားပြီး လမ်းပေါ်၌လေလွင့်ကာ ဒုက္ခရောက်ခဲ့ရလေသည်။

တစ်နေ့တွင် ကံကောင်းထောက်မပြီး သိုင်းဆရာကြီးတစ်ယောက်၏ ကယ်တင်မှုခံရကာ သိုင်းပညာလေ့ကျင့် သင်ကြားနိုင်



ခွင့်ရခဲ့သည်။

ရောင်ကျူးသည် ဘဝနာခဲ့သူဖြစ်ရကား သိုင်းပညာကိုအပတ်တကုတ်ကြိုးစားသင်ယူခဲ့လေသည်။

ယခုတော့ အရွယ်ရောက်လာသကဲ့သို့ သိုင်းပညာလည်း ပြည့်စုံခဲ့ပြီး ဖြစ်လေသည်။

ထို့ကြောင့် ကျေးဇူးရှင်သိုင်းဆရာကြီးကသူ့အားသိုင်းလောကသို့ စေလွှတ်ကာ သိုင်းလောကအကျိုး၊ အများအကျိုးဆောင်ရွက်ဖို့ တာဝန်ပေးနေခြင်းဖြစ်လေသည်။

ရောင်ကျူးကိုယ်တိုင်လည်း သိုင်းလောကသို့ဆင်းကာ ကျင်လည်ကျက်စားရမည်ဆိုခြင်းကြောင့် စိတ်လှုပ်ရှားနေပါတော့သည်။

အဘိုးအိုက....

“သိုင်းလောကဟာ ရှုပ်ထွေးပွေလီလှတယ်၊ ကောင်းတဲ့လူတွေရှိသလို မကောင်းတဲ့လူတွေလည်းရှိကြတယ်၊ အထူးသဖြင့် လူကြီးလူကောင်းဟန်ဆောင် မျက်နှာဖုံးစွပ်ထားတဲ့ လူတွေကအဆိုးဆုံးပဲ၊ ဒါကို မင်းသတိထားရမယ်”

ရောင်ကျူး ဦးညွှတ်လိုက်သည်။

“စိတ်ချပါခင်ဗျာ၊ ကျွန်တော် အထူးပဲ သတိထားပါ့မယ်”

အဘိုးအိုက...

“အေး..သိုင်းလောကထဲရောက်တဲ့အခါ တစ်ချိန်က ငါနဲ့ပတ်သက်ခဲ့ဖူးတဲ့ လူတစ်ယောက် အခက်အခဲကြုံနေတယ် သတင်းကြားရလို့ မင်းက သူ့ကိုအတတ်နိုင်ဆုံး ကူညီရလိမ့်မယ်”

“ဟုတ်ကဲ့ ကျွန်တော် အစွမ်းကုန်ကူညီပါ့မယ်ခင်ဗျာ”

“ဒါဖြင့် တောင်ပေါ်ကဆင်းသွားတာနဲ့ ကြူးစန်းမြို့ကိုသွားပါ။ အဲသည်မှာ သိုင်းဆရာ ‘ကိုမင်း’ ဆိုတဲ့လူတစ်ယောက်ရှိတယ်၊ သူနဲ့သွားတွေ့ပြီး လိုအပ်တာမှန်သမျှ ကူညီလိုက်ပါ”

“ကောင်းပါပြီဆရာ”

အဘိုးအိုသည် မီးပုံပေါ်မှ ပွက်ပွက်ဆူနေသော ရေနွေးကြမ်းအိုးကို သည်အတိုင်းဆွဲယူကာ ရေနွေးကြမ်းနှစ်ခွက်ငှဲ့လိုက်သည်။

ရှောင်ကျူးအား ရေနွေးကြမ်းတစ်ခွက် ပေးလိုက်သည်။

“ကဲ ရေနွေးကြမ်းသောက်ပြီးတာနဲ့ တောင်ပေါ်ကနေ ဆင်းသွားပေတော့”

ဟုပြောလိုက်လေတော့သည်။

အဘိုးအိုက လိုရင်းကို ခပ်ပြတ်ပြတ် ပြောတတ်သူဖြစ်သည်။

ရှောင်ကျူးကလည်း အဘိုးအိုနှင့်အတူ နှစ်ပေါင်းများစွာနေထိုင်ခဲ့သူဖြစ်ရကား အဘိုးအိုအကြောင်းကို ကောင်းစွာသိထားလေသည်။

ထို့ကြောင့် ရှည်ရှည်ဝေးဝေး ပြောမနေတော့ဘဲ ရေနွေးကြမ်းတစ်ခွက်သောက်ပြီးနောက် တောင်ပေါ်မှ ဆင်းသွားရန် ထိုင်ရာမှ ထလိုက်လေတော့သည်။

♣ ♣ ♣



ကြူးစန်းမြို့…။

ကြူးစန်းမြို့သည် စည်ကားသိုက်မြိုက်လှသော မြို့ကြီးတစ်မြို့ ဖြစ်လေသည်။

တောင်ပေါ်မှဆင်းလာသော ရှောင်ကျူးသည် ကြူးစန်းမြို့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာလေသည်။

စည်ကားသိုက်မြိုက်နေသော မင်းလမ်းမကြီးအတိုင်း ဟိုဟိုသည်သည်ကြည့်ကာ လျှောက်လာယင်း မြို့လယ်သို့ရောက်ရှိလာသောအခါ လမ်းသွားလမ်းလာတစ်ယောက်ထံ၌ စုံစမ်းကြည့်လိုက်လေသည်။

“ဗျို့ မိတ်ဆွေ သိုင်းဆရာကိုမင်းရဲ့အိမ်ကိုသိယင် လမ်းညွှန်ပေးပါလားဗျာ”

ထိုလူ အံ့သြသွားသည်။

“သိုင်းဆရာကိုမင်း ဟုတ်လား”

“ဟုတ်ပါတယ်ဗျာ၊ ကျုပ်က သူ့ဆီကိုသွားမလို့ပါ”

“ဟာ ဒုက္ခပါပဲ”

ထိုလူ လှုပ်လှုပ်ရှားရှား ဖြစ်သွားခြင်းကြောင့် ရှောင်ကျူးကြောင်အမ်းအမ်းဖြစ်သွားလေသည်။

“ဘာဖြစ်လို့လဲဗျ”

ထိုလူက…

“သိုင်းဆရာကိုမင်း ဒုက္ခရောက်နေတာကို မင်းမသိဘူးလား”

“သူက ဘယ်လိုဒုက္ခရောက်နေတာလဲဗျ”

"သူက အာမခံဌာနတစ်ခုကို ကူညီဖို့ ဆုံးမဖြတ်လိုက်လို့ အဲသည်အာမခံဌာနကို လုယက်တိုက်ခိုက်မယ့်လူဆိုးဓားပြတွေက သူ့ကိုမုန်းတီးပြီး လုပ်ကြံဖို့ကြိုးစားနေကြတာ"

ရှောင်ကျူး ပြုံးလိုက်လေသည်။

သိုင်းဆရာကို့မင်းကို ကူညီပြီးဟန့်တားနှောင့်ယှက်လိုကြသည့်လူဆိုးဓားပြများနှင့် တပွဲတလမ်းအကဲစမ်းရတော့မည်ဖြစ်၍ သဘောကျသွားလေသည်။

"ကိစ္စမရှိပါဘူးဗျာ၊ ကျုပ်က လူဆိုးဓားပြတွေကို မကြောက်ပါဘူး၊ သိုင်းဆရာကို့မင်းကို ကူညီဖို့လာခဲ့တာပါ၊ ဒါကြောင့် သူဘယ်မှာရှိတယ်ဆိုတာ ပြောပြပါလားဗျာ"

ထိုလူ ခေါင်းကုပ်ကာ ညည်းတွားလိုက်လေသည်။

"ဒုက္ခပါပဲ၊ သိုင်းဆရာကို့မင်းရဲ့တပည့်တွေကော သူ့ကိုကူညီတဲ့မိတ်ဆွေတွေကော ဒုက္ခရောက်သွားကြတာချည်းပဲ၊ မင်းကသွားပြီးကူညီမယ်ဆိုယင် မင်းလည်း ဒုက္ခရောက်သွားလိမ့်မယ်"

ရှောင်ကျူးက...

"ကျုပ် မကြောက်ပါဘူးဗျာ"

ထိုလူက...

"သည်ကနေ့မနက်ကတောင် သိုင်းဆရာကို့မင်းကို ကူညီမယ့်သိုင်းသမားနှစ်ယောက် ရောက်လာကြသေးတယ်"

ထိုစဉ် မြင်းခွာသံမြင်းဟီသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

လမ်းသွားလမ်းလာများ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ၏။



ရှောင်ကျူး ကြည့်လိုက်သောအခါ မင်းလမ်းမကြီးအတိုင်း ဒုန်းစိုင်းပြေးလွှားလာနေသည့် မြင်းနှစ်ကောင်ကို တွေ့လိုက်ရလေသည်။

ထိုမြင်းနှစ်ကောင်ပေါ်၌ လူနှစ်ယောက် ပါလာကြသော်လည်း သူတို့က မြင်းကိုစီးနင်းလာကြသည်မဟုတ်ပါ။

မြင်းကျောပေါ်၌ မှောက်လျက် ခြေလက်များတွဲလောင်းကျကာ လိုက်ပါလာကြခြင်း ဖြစ်လေသည်။

ထိုလူနှစ်ယောက် တစ်ကိုယ်လုံး သွေးချင်းချင်းနီရဲနေပြီး မြင်းနှစ်ကောင်ပြေးလွှားသွားရာ လမ်းတလျှောက်၌ သွေးစက်များ ကျကျန်ရစ်ခဲ့လေသည်။

မြင်းပေါ်မှလူနှစ်ယောက်မှာ ရက်ရက်စက်စက် တိုက်ခိုက်နှိပ်စက်ခံရပြီး သေဆုံးသွားကြခြင်း ဖြစ်ကြောင်းထင်ရှားနေပါတော့သည်။ ရှောင်ကျူး ကြည့်နေစဉ် ထိုလူက...

"အဲဒါ မနက်က သိုင်းဆရာကို့မင်းကို ကူညီဖို့ ရောက်လာကြတဲ့သိုင်းသမား နှစ်ယောက်ပေါ့၊ ခုတော့ သူတို့ဒုက္ခရောက်သွားကြပြီ"

ဟု အထိတ်တလန့် အော်ပြောလိုက်လေသည်။

ရှောင်ကျူးသည် ထိုလူအား ဆက်လက်မေးမြန်းခြင်း မပြုတော့ပါချေ။

မြင်းနှစ်ကောင်နောက်သို့ တဟုန်ထိုးပြေးလိုက်သွားလေတော့သည်။

♣ ♣ ♣

မြို့အရှေ့ပိုင်း၌ ခြံဝင်းကျယ်ကြီးတစ်ခု ရှိလေသည်။

ထိုခြံဝင်းအတွင်း၌ ခန်းနားထည်ဝါသော အဆောက်အဦးကြီးတစ်ခု ရှိနေ၏။

ထိုခြံဝင်းနှင့် အဆောက်အဦးပိုင်ရှင်မှာ အများသူငါအပေါ် အကူအညီပေးနေသည့် အဖြူရောင်သိုင်းသမားကြီးကိုမင်းဖြစ်လေသည်။

ယခင်ကဆိုလျှင် ကိုမင်း၏ခြံဝင်း၌ အစောင့်အကြပ်များ မိတ်ဆွေသင်္ဂဟများဖြင့် စည်ကားသိုက်မြိုက်နေလေ့ရှိသည်။

ယခုတလော၌မူ ခြံဝင်းမှာ တိတ်ဆိတ်ကာ လူရိပ်လူယောင်လည်းမတွေ့ရတော့ချေ။

သိုင်းဆရာကိုမင်းအား တားဆီးလိုသူများက အစောင့်အကြပ်များ၊ တပည့်တပန်းများအပြင် မိတ်ဆွေသင်္ဂဟများကိုပါ ချမ်းသာမပေးဘဲ လုပ်ကြံနေခြင်းကြောင့် အားလုံးထိတ်လန့်ကာ ထွက်ပြေးရှောင်တိမ်းသွားကြရာ သိုင်းဆရာကိုမင်းမှာ တစ်ယောက်ထဲအထီးကျန်ဖြစ်ရလေတော့သည်။

"ခွပ်ခွပ်...ခွပ်ခွပ်"

"ခွပ်ခွပ်...ခွပ်ခွပ်"

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

သေဆုံးနေပြီဖြစ်သော မြင်းစီးသမားနှစ်ယောက်၏ မြင်းနှစ်ကောင်သည် ခြံဝင်းထဲသို့ ဝင်ရောက်လာကြလေသည်။

မြင်းခွာသံများကြောင့် အဆောက်အဦးတံခါးပွင့်သွားပြီး သိုင်းဆရာကိုမင်း လှမ်းထွက်လာသည်။



ကိုမင်းသည် အသက်အရွယ်နှင့်မလိုက်အောင်အိုစာနေပြီဖြစ်လေသည်။

ယခုရက်ပိုင်းအတွင်း အန္တရာယ်များနှင့်လည်းကောင်း၊ စိတ်ထိခိုက်စရာ အဖြစ်အပျက်များနှင့်လည်းကောင်း ရင်ဆိုင်ခဲ့ရသည်မဟုတ်ပါလား။

ကိုမင်းက မြင်းခွာသံကြောင့် ကြည့်လိုက်ရာ မြင်းနှစ်ကောင်သည် အဆောက်အဦးနှင့် မလှမ်းမကမ်းသို့ ရောက်ရှိလာပြီး ရပ်တန့်သွားလေသည်။

"ဝုန်း...ဝုန်း"

မြင်းနှစ်ကောင် အရှိန်သပ်ရပ်တန့်လိုက်ခြင်းကြောင့် မြင်းပေါ်မှောက်လျက်ပါလာသူ နှစ်ယောက် ဝုန်းခနဲ ပြုတ်ကျသွားကြလေသည်။

ကိုမင်းသည် မိတ်ဆွေသိုင်းသမားနှစ်ယောက်၏ အဖြစ်ဆိုးကိုတွေ့ရလျှင် မျက်ရည်များရစ်ဝဲလာလေတော့သည်။

"ငါ့ကို ကူညီချင်တဲ့မိတ်ဆွေတွေဟာ ငါ့ကြောင့်ဒုက္ခရောက်ရပြီ"

ကြေကွဲစွာ ညည်းတွားလိုက်လေသည်။

ထိုစဉ်...

"ရှေ့ဆက်ဒုက္ခမရောက်ချင်ယင် ကျုပ်တို့စကားကို နားထောင်ပေါ့ဗျာ"

အေးတိအေးစက် စကားသံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကို့မင်း ကြည့်လိုက်သောအခါ လူတစ်ယောက် ရောက်ရှိလာသည်ကို တွေ့လိုက်ရလေသည်။

ထိုလူသည် ခန္ဓာကိုယ် ပိန်ပိန်ပါးပါးရှိပြီး အနက်ရောင်အဝတ်အစားများ ဝတ်ဆင်ထားလေသည်။

ထိုလူ၏မျက်နှာမှာ သွေးရောင်ကင်းမဲ့ကာ ဖြူဖပ်ဖြူရော် ဖြစ်နေသကဲ့သို့ မျက်လုံးများကလည်း အေးတိအေးစက် ရှိနေပါတော့သည်။

သိုင်းပညာထူးချွန်ပြီး ရက်စက်ကြမ်းကြုတ်မည့်သူဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။

ကို့မင်း ခံပြင်းသွားလေသည်။

ထိုလူအား သူကောင်းစွာ သိရှိထားလေသည်။

သူ့အား ဒုက္ခအမျိုးမျိုးပေးနေသည့် **'သွေးမျက်နှာ'** ဆိုသည့်လူဆိုးကြီးပင် ဖြစ်ပါတော့သည်။

သွေးမျက်နှာသည် သိုင်းလောက၏ထူးခြားသော သတင်းတစ်ခုရခဲ့လေသည်။

ထိုသတင်းသည် အာမခံဌာနတစ်ခုနှင့် ပတ်သက်နေ၏။

ထိုအာမခံဌာနနှင့် သိုင်းဆရာကို့မင်းက ပတ်သက်နေလေသည်။

ကို့မင်းသည် နာမည်ရှိပြီး မိတ်ဆွေသင်္ဂဟပေါများသောအဖြူရောင်သိုင်းဆရာကြီး တစ်ဦးဖြစ်လေသည်။

ကို့မင်းသည် သွေးမျက်နှာ၏စကားကြောင့် ဒေါသထွက်သွားလေသည်။



"ခင်ဗျားဟာ ရွှေကျားအာမခံဌာနကို ကူညီဖို့ဆက်ပြီးကြိုးစားမယ်ဆိုယင်တော့ ခင်ဗျားကို သုတ်သင်ရှင်းလင်းပစ်ရမှာပဲ"

"ကျုပ်ကလည်း မင်းတို့ကို ဆုံးမသွားမှာပါ"

ကို့မင်း ဒေါသထွက်ကာ စတင်တိုက်ခိုက်လိုက်လေသည်။

သွေးမျက်နှာကလည်း ပြန်လည်တိုက်ခိုက်လိုက်ရာ ပြင်းထန်သော တိုက်ပွဲဖြစ်ပေါ်လာလေတော့သည်။

♣ ♣ ♣

အဆောက်အဦးရှေ့ မြေကွက်လပ်၌ ပြင်းထန်သော တိုက်ပွဲဖြစ်ပေါ်လာလေသည်။

ကို့မင်းသည် ထိပ်တန်းသိုင်းပညာရှင်တစ်ဦးဖြစ်သည်နှင့်အညီ သူ၏သိုင်းပညာ ထက်မြက်နေပါသည်။

ခြေလက်များ အသုံးပြုကာ ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်လေသည်။

သူ၏တိုက်ခိုက်မှုကြောင့် သွေးမျက်နှာလဲကျသွားတော့မည်ဟုပင် ထင်ရလေသည်။

သို့သော်...

သွေးမျက်နှာမှာ ကို့မင်းထက်ပို၍ သိုင်းပညာထက်မြက်နေပါတော့သည်။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်လိုက်ကြပြီး မကြာမီ...

"ဝုန်း"

ကျယ်လောင်သော အသံထွက်ပေါ်လာကာ ကိုမင်းအဝေးသို့ လွင့်စဉ်သွားလေတော့သည်။

"ဟား...ဟား...ဟား"

သွေးမျက်နှာ လှောင်ပြောင်ရယ်မောလိုက်လေသည်။

"ကိုမင်း ခင်ဗျားလက်လျှော့လိုက်ဖို့ ကောင်းပါပြီဗျာ"

ကိုမင်းမြေပေါ်မှ လူးလိမ့်ထလိုက်သည်။

"ဝေါ့"

ပါးစပ်ထဲမှ သွေးများလည်း အန်ထုတ်လိုက်လေသည်။

သွေးမျက်နှာ၏လက်ချက်ဖြင့် ဒဏ်ရာပြင်းစွာ ရရှိသွားပြီဖြစ်ပါသည်။

သွေးမျက်နှာက...

"ကဲ ခင်ဗျားက ရွှေကျားအာမခံဌာနအကြောင်း ပြောပြယင်ကောင်းမယ်"

ကိုမင်း ခေါင်းခါယမ်းလိုက်လေသည်။

"ကျုပ်က ဘာမှမပြောနိုင်ဘူး"

"ဒါဖြင့် ခင်ဗျား သေရလိမ့်မယ်"

"ကျုပ်ကို သတ်ပစ်လိုက်စမ်းပါ၊ ကျုပ်မကြောက်သေးဘူး"

ကိုမင်း ရင်ကော့ပြီး ပြောလိုက်လေသည်။

သွေးမျက်နှာက...

"ရွှေကျားအာမခံဌာနဟာ သိုင်းလောကရဲ့အဖိုးတန်ရတနာပစ္စည်းကို တာဝန်ယူပြီးပို့ဆောင်ပေးကြလိမ့်မယ်၊ သူတို့ဟာ အကူအညီလိုအပ်နေတာကြောင့် ခင်ဗျားကို ဖိတ်ခေါ်လိုက်တယ် ဆိုတာ ကျုပ်တို့သိထားပြီးပါပြီဗျာ"



ကိုမင်း ဘာမှမပြောဘဲ နေလိုက်လေသည်။

သွေးမျက်နှာ စကားဆက်လိုက်သည်။

"ရွှေကျားအာမခံဌာနဟာ ဘယ်လိုပစ္စည်း သယ်ဆောင်သွားမယ်ဆိုတာ ခင်ဗျားသိတယ် မဟုတ်လား"

ကိုမင်းက...

"ကျုပ်သိတော့ကော မင်းကိုပြောပြရမှာလား"

"ဟုတ်တယ်၊ ပြောပြရလိမ့်မယ်၊ ခင်ဗျား မပြောဘဲနေလို့မရအောင် ခင်ဗျားကိုဖမ်းပြီး နှိပ်စက်ရတော့မှာပေါ့လေ"

သွေးမျက်နှာသည် ရုတ်တရက် ရှေ့တိုးလာပြီး ကိုမင်းအား ဖမ်းချုပ်ရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်...

"ဟူး"

လူတစ်ယောက် ကြားဝင် ရောက်ရှိလာလေသည်။

ထိုလူသည် ကိုမင်းနှင့်သွေးမျက်နှာတို့ နှစ်ယောက်ကြားသို့ ရောက်ရှိလာခြင်းဖြစ်သည်။

ကိုမင်း ကပျာကယာ နောက်ဆုတ်လိုက်၏။

သွေးမျက်နှာက...

"ဘယ်သူ ဝင်ရှုပ်တာလဲ၊ သေချင်ပြီထင်တယ်"

ထိုလူအား ဆက်လက်တိုက်ခိုက်လိုက်လေသည်။

သူ၏လက်သီးတစ်လုံးသည် ကြားဝင်လာသူ၏ရင်ဝကို ထိမှန်သွားလေသည်။

"ဖုတ်"

လက်သီးဖြင့် အထိုးခံလိုက်ရသူ ဘာမှမဖြစ်ဘဲ သွေးမျက်နှာ၏ လက်ချောင်းရိုးကလေးများ ကျိုးသွားလေတော့သည်။

"အား"

သွေးမျက်နှာ အထိတ်တလန့်အော်ကာ နောက်ဆုတ်သွားလေသည်။

ကြားဝင်လာသူကို မျက်လုံးပြူးကာ ကြည့်လိုက်လေသည်။

ထိုလူမှာ လူငယ်လေးတစ်ယောက် ဖြစ်ပါတော့သည်။

သွေးမျက်နှာ ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"မင်း...မင်း"

ကိုမင်းသည်လည်း ကြားဝင်ကူညီသည့် လူငယ်ကို လုံးဝမသိချေ။

ထိုလူငယ် ကြားဝင်လိုက်ခြင်းကြောင့် သွေးမျက်နှာ၏ ဖမ်းဆီးခြင်းမခံရသည့်တိုင် ရရှိထားသောဒဏ်ရာကြောင့်...

"ဝုန်း"

မြေပေါ် လဲကျသွားတော့သည်။

လူငယ်ကား အရှေ့တောင်တန်းပေါ်မှ ဆင်းလာသော လူငယ်လေးရောင်ကျူး ဖြစ်လေသည်။

ရောင်ကျူးက...

"ဦး ဒဏ်ရာရသွားတာလားဗျာ"

ကိုမင်းအား မေးမလိုက်လေသည်။

သွေးမျက်နှာသည် သူ့အားကျောခိုင်းထားသည့်ရောင်ကျူး



အား တိုက်ခိုက်လိုက်လေသည်။

ရောင်ကျူးက လှည့်မကြည့်ဘဲ လက်နောက်ပြန်ဝှေ့ယမ်းလိုက်လေသည်။

"ဝုန်း"

သွေးမျက်နှာသည် အပေါ်မြောက်တက်သွားပြီး မြေပေါ်ခြေပစ်လက်ပစ် ပြုတ်ကျသွားလေတော့သည်။

♣ ♣ ♣

ရောင်ကျူးသည် တောင်ပေါ်မှဆင်းလာပြီးနောက် ကြူးစန်းမြို့သို့ ရောက်ရှိလာပြီး သိုင်းဆရာကိုမင်းအား ကူညီနိုင်ခဲ့ပြီ ဖြစ်လေသည်။

သို့သော် သူအနည်းငယ် နောက်ကျသွားသဖြင့် ကိုမင်း ထိခိုက်ဒဏ်ရာရသွားခဲ့လေသည်။

ရောင်ကျူးသည် ကိုမင်း၏ဒဏ်ရာကို စစ်ဆေးကြည့်လိုက်သောအခါ ပြင်းထန်စွာ တိုက်ခိုက်ခံရသဖြင့် ရင်တွင်းကလီစာတချို့ ပျက်စီးသွားခြင်းဖြစ်ကြောင်း တွေ့ရလေသည်။

ကိုမင်းမှာ ရရှိထားသော ဒဏ်ရာများဖြင့် မကြာမီသေဆုံးသွားတော့မည် ဖြစ်လေသည်။

ရောင်ကျူး စိတ်မကောင်းဖြစ်သွားသည်။

"ဦးကို ကူညီဖို့ ကျွန်တော် အရှေ့တောင်တန်းပေါ်က ဆင်းလာတာပါခင်ဗျာ"

ကို့မင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

"မင်း...မင်းကို အရှေ့တောင်တန်းသိုင်းဆရာကြီးက လွှတ်လိုက်တာ ဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ"

"ဝမ်းသာလိုက်တာကွာ ကျုပ်မှာအခက်အခဲတစ်ခုကြုံ တွေ့နေရလို့ ဆရာကြီးကို အကြောင်းကြားပြီး အကူအညီတောင်းလိုက်ရတာ"

"ဟုတ်ပါတယ်၊ ဆရာကြီးက ဦးကိုသွားပြီး ကူညီရမယ်ဆိုပြီး ကျွန်တော့်ကို လွှတ်လိုက်တာပါ"

အရှေ့တောင်တန်း သိုင်းဆရာကြီးသည် သိုင်းလောက၌ ပြိုင်ဘက်ကင်းသော သိုင်းဆရာကြီးဖြစ်လေသည်။

ယခင်က တပည့်ကြီးငါးယောက်နှင့်အတူ သိုင်းလောက၌ နေထိုင်ခဲ့ပြီး တပည့်တစ်ယောက်က သစ္စာဖောက်ခဲ့ခြင်းကြောင့် မည်သူ့ကိုမျှ မျက်နှာမပြချင်တော့ဘဲ အရှေ့တောင်တန်းပေါ်၌သွားရောက်နေထိုင်ခဲ့လေသည်။

သိုင်းလောကနှင့် အဆက်အသွယ်ဖြတ်ကာ တစ်ဦးတည်း နေထိုင်ခဲ့ပြီး လမ်းပေါ်၌လေလွင့်ကာ ဒုက္ခရောက်နေသော ရှောင်ကျူးကိုတွေ့သောအခါ သနားသဖြင့် ခေါ်ယူစောင့်ရှောက်ကာ သိုင်းပညာသင်ကြားပေးခဲ့ခြင်း ဖြစ်လေသည်။

ရှောင်ကျူးသည် အရှေ့တောင်တန်းသိုင်းဆရာကြီး၏ ပဉ္စမမြောက် တပည့်ဖြစ်ပြီး ဆရာကြီး၏သိုင်းလောကရတနာ လက်နက်ကောင်းတစ်လက်ဖြစ်သော 'သံတုတ်တံ' လက်နက်အား အမွေရ



ခဲ့သူဖြစ်လေသည်။

ရှောင်ကျူးမှာ အသက်ငယ်ရွယ်သော လူငယ်လေးတစ်ဦး ဖြစ်သော်လည်း အရှေ့တောင်တန်းသိုင်းဆရာကြီး၏ ပဉ္စမမြောက် တပည့်ဖြစ်နေခြင်းကြောင့် ကို့မင်း အထင်မသေးဝံ့ပါချေ။

ယခုပင်လျှင် ကြောက်မက်ဖွယ်ကောင်းသော သွေးမျက်နှာအားအနိုင်ယူပြလိုက်ပြီ မဟုတ်ပါလား။

ရှောင်ကျူးသည် ကို့မင်းအား ကူညီရမည့်အပြင် ဆရာကြီးပေးအပ်လိုက်သော တာဝန်တစ်ခုကိုလည်း ထမ်းဆောင်ရလိမ့်မည် ဖြစ်လေသည်။

ကို့မင်းက...

"ဆရာကြီးကို ကျေးဇူးတင်လို့မဆုံးပါဘူး၊ မင်းက ရွှေကျားအာမခံဌာနကိုသွားပါ"

အင်္ကျီအိတ်ထဲမှ ကြေးဒင်္ဂါးလေးတစ်ပြားကို ထုတ်ပေးလိုက်လေသည်။

"ဟောသည် ကြေးဒင်္ဂါးလေးကိုပြလိုက်ယင် သူတို့ကမင်းကို လက်ခံကြပါလိမ့်မယ်၊ ကျုပ် အကူအညီတောင်းချင်တာက သူတို့တွေ ခရီးထွက်တဲ့အခါ လမ်းခရီးမှာ ဘေးအန္တရာယ်မကြုံတွေ့ရလေအောင် လိုက်ပါကူညီစောင့်ရှောက်ဖို့ပါပဲ"

ရှောင်ကျူးက ကြေးဒင်္ဂါးလေးကို လက်ခံလိုက်လေသည်။

"စိတ်ချပါခင်ဗျာ၊ ရွှေကျားအာမခံဌာနကို ကျွန်တော် ကူညီလိုက်ပါ့မယ်"

"ကျေးဇူးပါပဲကွယ်၊ သူတို့ဆီကိုရောက်ယင်..."

ကို့မင်းသည် စကားဆုံးအောင် မပြောနိုင်ဘဲ သွေးများ အန်ထုတ်လိုက်ပြန်လေသည်။

ထို့နောက် ရောင်ကျူး၏လက်ပေါ်မှာပင် ခေါင်းငိုက်စိုက်ကျကာ သေဆုံးသွားလေတော့သည်။

♣ ♣ ♣

## ခေါင်းကြီး

ကြူးစန်းမြို့...။

ကြူးစန်းမြို့သည် အနောက်ဘက်တွင် ကျန်ရစ်ခဲ့ပြီဖြစ်သည်။

ရောင်ကျူးသည် ကို့မင်း၏အလောင်းကို ကောင်းမွန်စွာ သင်္ဂြိုလ်ပေးပြီးနောက် ရွှေကျားအာမခံဌာနသို့ ဦးတည်ထွက်လာခဲ့လေသည်။

သုံးရက်တိုင်တိုင် ခရီးနှင်လာပြီးနောက် တောအုပ်တစ်ခုသို့ ရောက်ရှိလာလေသည်။

တောလမ်းအတိုင်း သွားနေစဉ်...

"ရပ်လိုက်စမ်း"

အော်ငေါက်သံနှင့်အတူ လူတစ်စုထွက်ပေါ်လာပြီး ဝိုင်းရံထားလိုက်ကြလေသည်။

ထိုလူစုမှာ ကိုယ်ကြပ်အကျီဝတ်ဆင်ထားကြပြီး လက်နက်ကိုယ်စီ ကိုင်ဆောင်ထားကြသဖြင့် သိုင်းသမားများဖြစ်ကြောင်း ထင်ရှားလေသည်။

ရောင်ကျူး ခြေလှမ်းရပ်လိုက်လေသည်။

ဝိုင်းရံဟန့်တားကြသူများကို ဝေ့ကြည့်လိုက်သည်။

"ကျွန်တော့်ကို ခုလိုဟန့်တားကြတာ ဘယ်လိုသဘောကြောင့်လဲဗျာ"

ဟု မေးလိုက်လေသည်။

ဝိုင်းရံထားကြသူများထဲမှ တစ်ယောက်က....

"မင်းကို ဆုံးမချင်လို့ပေါ့"

အော်ငေါက်ပြောဆိုယင်း စတင်တိုက်ခိုက်လိုက်လေတော့သည်။

"ဟာ"

ရောင်ကျူး ထိတ်လန့်သွားလေသည်။

ကပျာကယာ ရောင်တိမ်းလိုက်၏။

"သည်ကောင့်ကို မလွတ်စေနဲ့"

"တိုက်ကြ"

ဝိုင်းရံထားကြသူများသည် ညာသံပေးကာ တရကြမ်းတိုက်ခိုက်လာကြလေသည်။

ရောင်ကျူးမှာ ရောင်တိမ်း၍မရတော့ပါ။



"ခင်ဗျားတို့ကစပြီး တိုက်ခိုက်ကြတာ ကျုပ်ခုခံတာ အပြစ်မရှိဘူးနော်"

ဟုပြောပြီး ပြန်လည်တိုက်ခိုက်လိုက်ရလေတော့သည်။

ရောင်ကျူး ပြန်လည်တိုက်ခိုက်လိုက်သည်နှင့်....

"ဝုန်း"

"အား"

"အမယ်လေး"

စူးရှသောအော်ဟစ်သံများ တခဲနက်ထွက်ပေါ်လာလေသည်။

ရောင်ကျူး၏ တိုက်ခိုက်မှုကြောင့် ထိုလူများ ဖရိုဖရဲဖြစ်သွားကြလေတော့သည်။

ရောင်ကျူးက ထပ်မံတိုက်ခိုက်ခြင်းမပြုဘဲ ရပ်တန့်လိုက်၏။

ထိုလူများအား ဝေ့ကြည့်ကာ...

"ခင်ဗျားတို့ဆက်ပြီး တိုက်ခိုက်ချင်ကြသေးသလား"

ဟုမေးလိုက်လေသည်။

ထိုလူများ နောက်ဆုတ်သွားကြသည်။

ခပ်လှမ်းလှမ်းသို့ ရောက်လျှင်...

"ပြေးကြဟေ့"

တစ်ယောက်က အော်ပြောလိုက်လျှင် အားလုံးထွက်ပြေးသွားကြလေတော့သည်။

ရောင်ကျူး အံ့သြသွား၏။

"သည်လူတွေ ဘယ်သူတွေလဲ၊ ဘာကြောင့် ငါ့ကိုဝိုင်းပြီး တိုက်ခိုက်ကြပါလိမ့်"

ဟုရေရွတ်လိုက်လေသည်။

ထိုလူများအား သူလုံးဝမသိပါချေ။

အဘယ်ကြောင့် ဝိုင်းပြီးတိုက်ခိုက်ကြသည်ကိုလည်း မသိပါ။

ရှောင်ကျူး အတန်ကြာအောင် တွေဝေငေးငိုင်နေပြီးမှ ခေါင်းကုပ်ကာ ရှေ့ဆက်ထွက်လာခဲ့လေတော့သည်။

♣ ♣ ♣

ရှောင်ကျူး ခရီးဆက်ခဲ့ရာ ညနေဆည်းဆာအချိန်၌ တောမြို့လေးတစ်မြို့သို့ ရောက်ရှိလာလေသည်။

ရှောင်ကျူးသည် ပတ်ဝန်းကျင်ကို အကဲခတ်ပြီးနောက်...

"သည်တစ်ညတော့ သည်မြို့မှာပဲ အနားယူရတော့မယ်"

တစ်ညတာ အနားယူရန်ဆုံးဖြတ်လိုက်လေသည်။

စားသောက်ဆိုင်နှင့် တွဲဖက်ဖွင့်လှစ်ထားသည့် တည်းခိုခန်းတစ်ခန်းငှားရမ်းကာ တည်းခိုလိုက်၏။

ညစာကိုလည်း တည်းခိုခန်း၌ပင် စားသောက်လိုက်လေသည်။

ရှောင်ကျူး ခရီးပမ်းလာသဖြင့် ညမိုးချုပ်၍ အိပ်စက်လိုက်လျှင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားလေသည်။



မည်မျှကြာအောင် အိပ်ပျော်သွားမှန်းမသိ။ ထူးခြားသောလှုပ်ရှားဆော်မှုတစ်ခုကြောင့် လန့်နိုးလာတော့သည်။

အခန်းတွင်း၌ မှောင်မည်းနေပါသည်။

ရှောင်ကျူးက မျက်လုံးဖွင့်ကာ ပတ်ဝန်းကျင်ကို အကဲခတ်လိုက်၏။

အရာရာအားလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

ထူးခြားမှုမရှိသဖြင့် ပြန်လည်အိပ်စက်ရန် ဟန်ပြင်စဉ်...

"ကျွီ"

ပြတင်းတံခါးပွင့်သွားသည်ကို တွေ့မြင်လိုက်ရလေသည်။

တံခါးပွင့်သွားသဖြင့် အပြင်ဘက်မှ လရောင်တိုးဝင်လာ၏။

လရောင်ဖြင့် ပြတင်းပေါက်မှတဆင့် ဝင်ရောက်လာသူတစ်ဦးကို တွေ့လိုက်ရလေသည်။

"ညလူတစ်ယောက်ကိုး"

ညလူသည် အဘယ်ကြောင့် သူ၏အခန်းတွင်းသို့ ကျူးကျော်ဝင်ရောက်လာရပါသနည်း။

ကောင်းသောလာခြင်းဖြင့် လာခဲ့ခြင်းတော့ မဖြစ်နိုင်ပါချေ။

"အင်း..သူဘာလုပ်မလဲဆိုတာ စောင့်ကြည့်ရသေးတာပေါ့လေ"

ရှောင်ကျူးက မျက်လုံးမှေးစင်းကာ အသာကလေးစောင့်ကြည့်နေလိုက်လေသည်။

ညလူက အသံမထွက်အောင် ခြေဖော့နင်းကာ ရှောင်ကျူးအနီးသို့ တိတ်တဆိတ် ချဉ်းကပ်လာလေသည်။

သူ၏လက်ထဲ၌ဓားမြှောင်တစ်လက် ပါလာသည်။

ရှောင်ကျူးအနီးသို့ ရောက်လာပြီး ဓားမြှောင်ဖြင့် ရှောင်ကျူး၏ရင်ဝကို ထောက်ထားလိုက်လေသည်။

"မလှုပ်နဲ့"

ရှောင်ကျူးက...

"ခင်ဗျားက ဘာလိုချင်လို့လဲ"

"ကြေးဒင်္ဂါးလေး လိုချင်တယ်"

"ဘာဗျ"

"ကြေးဒင်္ဂါးလေးကို အသာတကြည် ထုတ်ပေးပါ၊ ဒါမှမဟုတ်ယင် မင်းဒုက္ခရောက်သွားလိမ့်မယ်"

ညလူက ခြိမ်းခြောက်လာခြင်းကြောင့် ရှောင်ကျူး ခံပြင်းသွားလေသည်။

"နေပါဦး တခြားပစ္စည်းမလိုချင်ဘဲ ကြေးဒင်္ဂါးလေးကိုမှ လိုချင်ရတာက ဘာသဘောလဲ"

"စကားမရှည်နဲ့ ကြေးဒင်္ဂါးလေးကိုသာ ထုတ်ပေးပါ"

"ကြေးဒင်္ဂါးဆိုတာ ဘာလဲ၊ ကျုပ်ဆီမှာဘာမှမရှိဘူး"

"မင်းကို သိုင်းဆရာကို့မင်းက ပေးခဲ့တာ ငြင်းလို့ရမယ်မထင်နဲ့၊ ခုချက်ချင်း ထုတ်ပေးစမ်း"

ညလူသည် ကြေးဒင်္ဂါးလေး ထုတ်မပေးလျှင် ရှောင်ကျူးအား တကယ်ပင် သတ်ပစ်တော့မည့်အသွင် ရှိလေသည်။

ရှောင်ကျူး ကြောက်လန့်သွားဟန်ဖြင့်...

"ကောင်းပါပြီဗျာ၊ ဟောသည်မှာပါ"



သူ၏လက်တစ်ဘက် ဆန့်ထုတ်လိုက်လျှင်...

"ဝုန်း"

ညလူမှာ လူတခြားဓားတခြားဖြစ်ကာ အဝေးသို့လွင့်စဉ်သွားလေတော့သည်။

ရှောင်ကျူး ခုန်ထလိုက်သည်။

ကြမ်းပြင်ပေါ် လဲကျသွားသည့် ညလူအနီးသို့ ချက်ချင်းရောက်ရှိသွားပြီး ထိုလူလွတ်ကျခဲ့သော ဓားမြှောင်ကို ကောက်ယူကာ ချိန်ရွယ်ထားလိုက်လေသည်။

"ကဲ ခင်ဗျားဘယ်သူလဲ၊ ဘာကြောင့် ကြေးဒင်္ဂါးလေးကို လိုချင်ရတာလဲ ပြောပါ"

ဟုမေးလိုက်လေသည်။

မျက်စိတမှိတ် လျှပ်တပြက်အတွင်း ရှောင်ကျူး တလှည့်ပြန်ပြီး အပေါ်စီးရသွားခြင်း ဖြစ်လေသည်။

"ကျုပ်..ကျုပ်က ရွှေကျားအာမခံဌာနထဲကို ဝင်နိုင်အောင် ကြေးဒင်္ဂါးလေးကို လိုချင်တာပါ"

"ရွှေကျားအာမခံဌာနထဲကို ဘာကြောင့် ဝင်ချင်ရတာလဲ ပြောပါဦး"

"သူတို့ဟာ သိုင်းလောက ရတနာပစ္စည်းတစ်ခုရထားတယ်လို့ သိရလို့ပါဗျာ"

"ဘယ်လိုရတနာမျိုးလဲ ပြောပါဦး"

"သိုင်းလောကရဲ့ ရတနာငါးမျိုးထဲမှာ တစ်ခုအပါအဝင်ဖြစ်တယ်လို့ သိရပေမယ့် ဘယ်လိုပစ္စည်းလဲဆိုတာတော့ ကျုပ်လည်း

သေသေချာချာ မသိပါဘူး"

ရှောင်ကျူး ရယ်မောလိုက်သည်။

"ဘာပစ္စည်းမှန်းမသိဘဲနဲ့ လိုချင်နေတာ ခင်ဗျားမှားမနေဘူးလားဗျာ၊ ခင်ဗျားအတွက် မရနိုင်ဘဲနဲ့ ဒုက္ခရောက်သွားနိုင်သေးတယ်ဆိုတာလည်း ထည့်စဉ်းစားသင့်တာပေါ့"

"ကျုပ်...ကျုပ် လောဘဇောတက်ပြီး မှားသွားပါတယ်"

ညလူသည် သူ၏အမှားကို ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ဝန်ခံလာလေတော့သည်။

ရှောင်ကျူးက...

"ကြေးဒင်္ဂါးလေးကိုရမှ ရွှေကျားအာမခံဌာနထဲကို ဝင်ခွင့်ရမယ် ဟုတ်လား"

ညလူက...

"သိုင်းဆရာကို့မင်းကို ရွှေကျားအာမခံဌာနကလူတွေက အကူအညီတောင်းထားတာ သူတို့ခရီးထွက်တဲ့အခါ အကူအညီပေးနိုင်မယ့် လူတစ်ယောက်လိုအပ်နေတယ်၊ သိုင်းဆရာ ကို့မင်းက သူတို့ကို ကူညီချင်ပေမယ့် မဖြစ်နိုင်တာကြောင့် အကူအညီရှာဖွေနေခဲ့တာ၊ ကြေးဒင်္ဂါးလေးရထားတဲ့လူကပဲ သိုင်းဆရာကို့မင်းလွှတ်လိုက်တဲ့လူဆိုပြီး သူတို့က လက်ခံကြမှာ"

ရှောင်ကျူး ပြုံးလိုက်သည်။

"ကျုပ်က ဆရာကြီးကို့မင်းနဲ့ တွေ့ပြီးပြီ၊ သူ့ဆီကကြေးဒင်္ဂါးလေးရခဲ့တယ်၊ ရွှေကျားအာမခံဌာနကိုသွားပြီး ကူညီမယ်၊ ကဲ ခင်ဗျားဝင်ရှုပ်ချင်သေးသလား"



ညလူ ခေါင်းခါယမ်းလိုက်လေသည်။

"ကျုပ် မနှောင့်ယှက်ဝံ့တော့ပါဘူးဗျာ"

"ဒါဖြင့် ခင်ဗျားသွားပေတော့"

ရှောင်ကျူးက ညလူအား ချမ်းသာပေးကာ လွှတ်ပေးလိုက်လေတော့သည်။

♣ ♣ ♣

## ရွှေကျားအာမခံဌာန

ရွှေကျားအာမခံဌာန...။

သိုင်းလောက၌ လျှမ်းလျှမ်းတောက် ကျော်ကြားနေသော ရွှေကျားအာမခံဌာနသို့ ရောင်ကျူး ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာခဲ့လေသည်။

ရောင်ကျူးက အစောင့်တစ်ယောက်အား ဌာနပိုင်ရှင်ဝမ်းစုနှင့်တွေ့လိုကြောင်း သိုင်းဆရာကို့မင်းက လွှတ်လိုက်ကြောင်းပြောပြလိုက်လျှင် အစောင့်က ချက်ချင်းခေါ်ဆောင်သွားပြီး ဌာနပိုင်ရှင်ဝမ်းစုနှင့်တွေ့လိုက်ရလေတော့သည်။

ဝမ်းစုသည် သိုင်းပညာထူးချွန်ပြီး သူပို့ဆောင်ပေးသော အာမခံပစ္စည်းများအတွက် အသက်စွန့်တာဝန်ယူဆောင်ရွက်သူဟု



သတင်းကြီးသူဖြစ်လေသည်။

ဝမ်းစု၏အနီး၌ အားထားရသော လူယုံတော်ကြီးယို့ကျားရှိနေ၏။

ယို့ကျားက ရောင်ကျူးအား ခြေဆုံးခေါင်းဆုံး အကဲခတ်လိုက်လေသည်။

"မင်းကို သိုင်းဆရာကို့မင်းက လွှတ်လိုက်တာ ဟုတ်လား"

ရောင်ကျူး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ၊ ဟောသည်မှာ သက်သေခံကြေးဒင်္ဂါးလေး ပါလာပါတယ်"

ကို့မင်းပေးလိုက်သည့် ကြေးဒင်္ဂါးလေးကို ထုတ်ပေးလိုက်လေသည်။

ယို့ကျားကယူပြီး အာမခံဌာနပိုင်ရှင်ဝမ်းစုကို ပေးလေသည်။

ဝမ်းစုက ကြေးဒင်္ဂါးလေးကို စစ်ဆေးကြည့်ပြီးမှ မလှမ်းမကမ်း၌ရပ်နေသော မိန်းမချောလေးတစ်ဦးထံသို့ လှမ်းသွားလိုက်လေသည်။

ရောင်ကျူးသည် ထိုမိန်းမချောလေးအား ယခုမှ သတိပြုမိလိုက်ခြင်း ဖြစ်လေသည်။

ဝမ်းစုနှင့် မိန်းမချောလေးတို့ ခေါင်းချင်းဆိုင်ကာ တီးတိုးပြောဆိုလိုက်ကြလေသည်။

ပြီးမှ နှစ်ယောက်သား ရောင်ကျူးထံသို့ လှမ်းလာကြလေသည်။

မိန်းမချောလေးက…

"ကျွန်မနာမည် ကျင်းကျင်းလို့ခေါ်တယ်၊ ရှင့်ရဲ့နာမည်ကို ပြောပါရှင်"

"ကျုပ်က ရောင်ကျူးပါ"

"ရှင့်ကို သိုင်းဆရာကို့မင်းက လွှတ်လိုက်တာ ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

"ကို့မင်းက ရှင့်ကို ဘာတွေများ မှာလိုက်သေးသလဲ ပြောပါဦး"

ရောင်ကျူးက…

"ဆရာကြီးကို့မင်းက သူ့ရဲ့ကိုယ်စား ရွှေကျားအာမခံဌာနကလူတွေ ပစ္စည်းတစ်ခု သယ်ဆောင်သွားတဲ့အခါ လိုက်လံကူညီစောင့်ရှောက်ပေးဖို့ မှာကြားလိုက်ပါတယ်ဗျာ"

ကျင်းကျင်းဆိုသော မိန်းမချောလေး ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်လေသည်။

"ကျွန်မတို့ဟာ အရေးကြီးတဲ့ပစ္စည်းတစ်ခုကို အနောက်ဘက်ဒေသရောက်အောင် ပို့ပေးဖို့ရှိနေတာကြောင့် ရွှေကျားအာမခံဌာနကို ငှားရမ်းခဲ့တယ်၊ ဒါပေမယ့် လမ်းခရီးမှာအခက်အခဲအန္တရာယ်တွေ ကြုံတွေ့ရဖို့ရှိနေတာကြောင့် ဆရာကြီးကို့မင်းကို လှမ်းပြီး အကူအညီတောင်းလိုက်ရတာ၊ ဆရာကြီးက သူကိုယ်တိုင်ကူညီဖို့ မလုံလောက်တာကြောင့် သူ့ရဲ့မိတ်ဆွေတစ်ယောက်ဆီမှာ တပ်ဆင့်အကူအညီတောင်းလိုက်ရတာရှင့်"

"ကျုပ်ရဲ့ဆရာကလည်း ဆရာကြီးကို့မင်း အကူအညီ



တောင်းလာတာကြောင့် ကူညီဖို့ ကျုပ်ကိုလွှတ်လိုက်တာပါဗျာ"

ကျင်းကျင်းက…

"ကောင်းပြီလေ၊ ရှင်ရောက်လာပြီဆိုတော့ ကျွန်မတို့ ခရီးထွက်ကြတာပေ့ါ၊ ကျွန်မသွားမယ့် ခရီးက အနောက်ဘက်ဒေသဖြစ်တယ်"

သူမသည် အာမခံပစ္စည်း သယ်ဆောင်သွားမည့် ခရီးစဉ်အကြောင်း အကြမ်းဖျင်းရှင်းပြလိုက်လေသည်။

ထို့နောက် ယို့ကျားနှင့်ဝမ်းစုတို့ ဆရာတပည့်နှစ်ယောက်ကရောင်ကျူး အနားယူနိုင်ရန် စီစဉ်ပေးလိုက်ကြလေတော့သည်။

♣ ♣ ♣

## စမ်းသပ်ခြင်း

ည...။

နေဝန်းနီမှာ အနောက်ဘက်တွင် ငုတ်လျှိုးပျောက်ကွယ်သွားတော့မည် ဖြစ်လေသည်။

ရှောင်ကျူးသည် ခရီးပမ်းလာသဖြင့် စောစောပင် အိပ်ရာဝင်ခဲ့လေသည်။

သိုင်းလောက၏ ပထမဆုံးအတွေ့အကြုံအဖြစ် အန္တရာယ်များသော ခရီးတစ်ခုသွားရတော့မည် မဟုတ်ပါလား။

ကျင်းကျင်းတို့က နောက်တစ်နေ့နံနက်စောစော၌ ခရီးထွက်ရန် စီစဉ်ထားကြသည် မဟုတ်ပါလား။

ရှောင်ကျူးက စားသောက်ပြီး အိပ်ရာဝင်လိုက်လျှင် ချက်ချင်း အိပ်ပျော်သွားလေတော့သည်။



သို့သော် သူကောင်းကောင်း မအိပ်လိုက်ရပါချေ။

အပြင်ဘက်မှ ဆူဆူညံညံအသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရခြင်းကြောင့် ဖြစ်လေသည်။

ရှောင်ကျူး လူးလိမ့်ထလိုက်သည်။

အခန်းတံခါးဖွင့်ကာ အပြင်ဘက်ထွက်လိုက်သောအခါ သူ့ထံသို့ ဦးတည်လာနေသော အိမ်ထိန်းကြီးယို့ကျားကို တွေ့လိုက်ရလေသည်။

ယို့ကျားက...

"အာမခံဌာနထဲကို ရန်သူတွေဝင်လာလို့ တိုက်ပွဲဖြစ်နေတယ်"

ဟုပြောလာလေသည်။

ရှောင်ကျူးက...

"ရန်သူအင်အား အတော်များသလား"

"ဟင့်အင်း မများပါဘူး၊ နှစ်ယောက်ထဲပါ"

"အခု ဘယ်မှာလဲ"

"အာမခံဌာနပိုင်ရှင်ဝမ်းစုနဲ့ သခင်မလေးကျင်းကျင်းတို့ တိုက်ခိုက်လိုက်ကြလို့ ရှောင်တိမ်းသွားကြပါပြီ၊ သူတို့နောက်ကို သခင်မလေးတို့ လိုက်သွားကြပါတယ်"

ရှောင်ကျူးလည်း လိုက်သွားရန် ဆုံးဖြတ်လိုက်လေသည်။

"ရန်သူတွေ ဘယ်ဘက်ကို ထွက်သွားကြတာလဲ"

"အရှေ့ဘက်ကို ထွက်သွားတာပါ"

"ကောင်းပြီ"

ရှောင်ကျူးလည်း အရှေ့ဘက်သို့ ဦးတည်ကာ ပြေးထွက်လာခဲ့လေတော့သည်။

♣ ♣ ♣

ကောင်းကင်ပေါ်၌ လဝန်းရှိနေ၏။

လရောင်ဖြင့် ဝန်းကျင်တစ်ခုလုံး အေးမြသာယာနေ၏။

ရှောင်ကျူးက အရှေ့ဘက်သို့ ဦးတည်ကာ ပြေးလွှားလာခဲ့လေသည်။

အတန်ကြာ ပြေးသွားပြီးမှ ခြေလှမ်းရပ်ကာ ပတ်ဝန်းကျင်ကို အကဲခတ်လိုက်လေသည်။

ဝန်းကျင်တစ်ခုလုံး လူသူကင်းရှင်းကာ မည်သူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရချေ။

"ဘယ်ရောက်ကုန်ပြီလဲ"

သူ တွေးနေစဉ်မှာပင်...

"ဝှစ်...ဝှစ်"

လက်နက်ပုန်းလေးများ ပစ်လွှင့်လာသည်ကို တွေ့လိုက်ရလေသည်။

ရှောင်ကျူး မဲ့ပြုံးပြုံးလိုက်သည်။

"သည်လိုနဲ့ ရရိုးလား"

သူ၏လက်ကို ဝှေ့ယမ်းကာ အင်္ကျီလက်ဖြင့် လက်နက်ပုန်းကလေးများကို လိပ်ယူဖမ်းဆီးထားလိုက်လေသည်။



လက်နက်ပုန်းကလေးများအား ဖမ်းယူပြီးသည်နှင့်...

"ခင်ဗျားတို့ပစ္စည်း ခင်ဗျားတို့ ပြန်ယူကြပါ"

ဟုအော်ပြောကာ လက်နက်ပုန်းလေးများအား ပြန်လည်ပစ်လွှင့်လိုက်လေသည်။

လက်နက်ပုန်းလေးများသည် လာရာလမ်းအတိုင်း ပြန်လည်ပစ်လွှင့်လာပြီးလျှင်...

"အား"

"အမယ်လေး"

အော်ဟစ်သံများနှင့်အတူ သစ်ပင်ချုံနွယ်များကြားမှ လဲကျသွားသောအသံများ ကြားလိုက်ရလေသည်။

ရှောင်ကျူးက ရိပ်ခနဲ ခုန်ဝင်ကာ အကဲခတ်လိုက်လျှင်မြေပေါ်၌လဲကျနေသူနှစ်ယောက်ကို တွေ့လိုက်ရ၏။

ထိုအချိန်မှာပင်...

"ဝှစ်"

ဝင်းလက်သော ဓားရောင်များ ထွက်ပေါ်လာကာ လူတစ်ယောက် ရိပ်ခနဲထွက်ပေါ်လာပြီး ဓားတစ်လက်အသုံးပြုကာ တိုက်ခိုက်လာလေတော့သည်။

ရှောင်ကျူး နှာခေါင်းရှုံ့လိုက်သည်။

"ကျုပ်ကို သည်လိုအလစ်ချောင်းပြီး တိုက်ခိုက်လို့ မရပါဘူးဗျာ"

ခန္ဓာကိုယ် ယိမ်းနွဲ့ကာ ပြင်းထန်သောဓားချက်များကို ရှောင်တိမ်းလိုက်ပြီး...

"သွားစမ်း"

အော်ငေါက်ကာ လက်ဝှေ့ယမ်းလိုက်လေသည်။

သူ၏လက်ဝါးမှ ပြင်းထန်သော လေပွေလှိုင်းများ ထွက်ပေါ်လာပြီးလျှင်...

"ဝုန်း"

ဓားဖြင့် တိုက်ခိုက်လာသူမှာ အဝေးသို့လွင့်စဉ်သွားတော့သည်။

ရှောင်ကျူးက ဆက်လက်တိုက်ခိုက်ခြင်း မပြုဘဲ အခြေအနေစောင့်ကြည့်နေလိုက်လေသည်။

ထိုအချိန်မှာပင်...

"ဟူး"

နောက်ကျောဘက်မှ လေတိုးသံများထွက်ပေါ်လာကာ လူတစ်ယောက်က တိတ်တဆိတ် တိုက်ခိုက်လာလေသည်။

တချိန်တည်းမှာပင်...

"ဟိတ်"

အခြားတစ်ယောက်က ညာသံပေးကာ သစ်ပင်ပေါ်မှခုန်ဆင်းလာယင်း ရှောင်ကျူး၏ဦးခေါင်းပိုင်းကို အပေါ်စီးမှ တိုက်ခိုက်လိုက်လေသည်။

ရန်သူများ ဟိုမှသည်မှ ထွက်ပေါ်လာကာ ရှောင်ကျူးအား တိတ်တဆိတ် အလစ်ချောင်းတိုက်ခိုက်လိုက်ကြခြင်း ဖြစ်ပေတော့သည်။

ရှောင်ကျူးလည်း ခြေလက်များ အသုံးပြုကာ ပြန်လည်



တိုက်ခိုက်လိုက်လေသည်။

ပြင်းထန်သော တိုက်ပွဲတစ်ခုဖြစ်ပေါ်လာပြီးလျှင်...

"ဝုန်း"

"အမယ်လေး"

"သေပါပြီဗျ"

စူးရှသော အော်ဟစ်သံများနှင့်အတူ တိုက်ခိုက်လာသူများ ဖရိုဖရဲ အရေးနိမ့်သွားကြလေတော့သည်။

ရှောင်ကျူး ရယ်မောလိုက်လေသည်။

"ခင်ဗျားတို့ သည်လောက်စမ်းသပ်ရယင် ကျေနပ်လောက်ပါပြီဗျာ"

ဟုပြောလိုက်လေသည်။

ရန်သူများ မြေပေါ်မှလူးလိမ့်ထကာ နောက်ဆုတ်လိုက်ကြလေသည်။

"ဟုတ်တယ်၊ တော်လောက်ပါပြီ"

စကားသံနှင့်အတူ သစ်ပင်များကြားမှ လူနှစ်ယောက် လှမ်းထွက်လာကြလေသည်။

ထိုလူနှစ်ယောက်မှာ အာမခံဌာနပိုင်ရှင်ဝမ်းစုနှင့် မိန်းမချောလေးကျင်းကျင်းတို့ ဖြစ်လေသည်။

ရှောင်ကျူးက...

"ခင်ဗျားတို့နှစ်ယောက်က ကျုပ်မှာ တကယ်ပဲ အရည်အချင်းရှိမရှိ စမ်းသပ်ကြည့်ကြတာ မဟုတ်လားဗျာ"

ဝမ်းစု ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျုပ်တို့သွားရမယ့် ခရီးဟာ အန္တရာယ်များလှပါတယ်၊ တော်ရုံသိုင်းသမားနဲ့ ဖြစ်မှာမဟုတ်လို့ မင်းရဲ့သိုင်းပညာကို စမ်းသပ်ကြည့်ရတာပါ"

ရှောင်ကျူး ရင်ကော့လိုက်သည်။

"ခုကော ခင်ဗျားတို့လက်ခံနိုင်ပြီလားဗျာ"

ဝမ်းစုက...

"ကျုပ်ကိုယ်တိုင် စမ်းသပ်ကြည့်ချင်သေးတယ် ဆိုယင်ကော မင်းဘယ်လို သဘောရသလဲ"

ရှောင်ကျူးသည် လုံးဝစိတ်မဆိုးဘဲ လက်ခံလိုက်လေသည်။

"ကျုပ်ကို ကြိုက်သလို စမ်းသပ်ကြည့်နိုင်ပါတယ်ဗျာ"

"ကောင်းပြီ မင်းသတိထားပါ"

ဝမ်းစုက လက်ဝါးနှစ်ဘက် အသုံးပြုကာ စတင်တိုက်ခိုက်လိုက်လေသည်။

ရှောင်ကျူးလည်း ပြန်လည် ရင်ဆိုင်လိုက်လေတော့သည်။

♣ ♣ ♣

ဝမ်းစုမှာ ကျော်ကြားသော အာမခံဌာနပိုင်ရှင်တစ်ယောက်ဖြစ်ပါသည်။

သိုင်းပညာထူးချွန်ပြီး တိုက်ပွဲအတွေ့အကြုံ ရင့်ကျက်သူဖြစ်သည်။

ရှောင်ကျူးအား ဆုံးမနိုင်မည်ဟု ဝမ်းစုကိုယ်တိုင်သာမက



ကျင်းကျင်းနှင့် အာမခံဌာနအဖွဲ့သားများကလည်း ယုံကြည်ထားကြလေသည်။

ရှောင်ကျူးမှာ နာမည်ရှိသူမဟုတ်သလို ယခုမှ သိုင်းလောကထဲဆင်းလာသည့် လူငယ်လေးတစ်ယောက်ဖြစ်ပါသသည်။

ထို့ကြောင့် ဝမ်းစုက အနိုင်ယူနိုင်မည်ဟု ယုံကြည်ထားသည်မှာ မှားယွင်းသည်ဟု မဆိုနိုင်ပါချေ။

သို့သော်....

ရှောင်ကျူးသည် သိုင်းလောက၌ ပြိုင်ဘက်ကင်းသော အရှေ့တောင်တန်းသိုင်းဆရာ၏ ပဉ္စမမြောက်တပည့်ဖြစ်နေသည်ကို မသိကြခြင်းက မှားယွင်းမှုကြီး ဖြစ်နေပါတော့သည်။

ရှောင်ကျူးနှင့်ဝမ်းစုတို့ ထိပ်တိုက်ရင်ဆိုင်လိုက်ကြပြီး မကြာမီမှာပင်...

"ဝုန်း"

ကျယ်လောင်သောအသံနှင့်အတူ ဝမ်းစု ဒယီးဒယိုင်ဖြင့် နောက်ဆုတ်လိုက်ရ၏။

ဝမ်းစု အရေးနိမ့်သွားလေတော့သည်။

♣ ♣ ♣

ဝမ်းစု ကိုယ့်ကိုကိုယ် မယုံနိုင်အောင် ဖြစ်နေ၏။

ရောင်ကျူးအား ဆုံးမနိုင်မည်ထင်ခဲ့သော်လည်း လုံးဝမယှဉ်နိုင်ဘဲ အရေးနိမ့်လိုက်ရခြင်းကြောင့် အံ့သြမဆုံးဖြစ်နေပါတော့သည်။

"ကျွန်မ စမ်းသပ်ကြည့်ချင်သေးတယ်"

ကျင်းကျင်းက ရှေ့သို့ ခုန်ထွက်လာလေသည်။

ရောင်ကျူး ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်က အမျိုးသမီးတစ်ယောက်နဲ့ မတိုက်ခိုက်ချင်ပါဘူးဗျာ"

ကျင်းကျင်းက...

"တကယ်လို့ လမ်းခရီးမှာ အာမခံပစ္စည်းလုယက်မယ့် အမျိုးသမီးတစ်ယောက်နဲ့ ဆုံတွေ့ရတယ်ဆိုယင်ကော ရှင်ဘယ်လိုလုပ်မလဲ"

ရောင်ကျူး အခက်ကြုံသွားလေသည်။

"ကောင်းပါပြီဗျာ၊ ကျုပ် မငြင်းတော့ပါဘူး"

ကျင်းကျင်းနှင့် ယှဉ်ပြိုင်ရန် လက်ခံလိုက်လေတော့သည်။

ကျင်းကျင်း ပြုံးလိုက်သည်။

"ဒါဖြင့် ရှင်သတိထားပါ"

သူမ၏လက်တစ်ဘက်က ဓား၊ ကျန်လက်တစ်ဘက်က လက်ဝါးအသွင်ဖြင့် စတင်တိုက်ခိုက်လိုက်လေသည်။

ငယ်ရွယ်နုပျိုသည့် မိန်းကလေးတစ်ယောက်ဖြစ်သည့်တိုင်အောင် သူမ၏တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင်



ပြင်းထန်နေပါသည်။

"ဝှစ်...ဝှစ်"

"ဝှီး...ဝှီး"

ဓားချက်များ၊ လက်ဝါးရိုက်ချက်များသည် ရောင်ကျူး၏တစ်ကိုယ်လုံး လွှမ်းခြုံသွားတော့သည်။

ရောင်ကျူး ပြုံးလိုက်သည်။

"သည်မိန်းကလေးရဲ့ သိုင်းပညာ မခေပါလား"

တဆက်တည်းပင် မြေပေါ်ခြေဆောင့်ကာ အပေါ်ခုန်တက်ရှောင်တိမ်းလိုက်သည်။

တဖန် ခြေထောက်နှစ်ချောင်းဖြင့် ကန်ကျောက်တိုက်ခိုက်လိုက်လေသည်။

ရောင်ကျူး၏ တိုက်ခိုက်မှုသည် သိုင်းသမားတစ်ယောက်၏စနစ်တကျ တိုက်ခိုက်ခြင်းမျိုးမဟုတ်ဘဲ သိုင်းပညာမတတ်သူ တစ်ယောက်၏ ပရမ်းပတာတိုက်ခိုက်ပုံမျိုး ဖြစ်နေပါတော့သည်။

သို့တိုင် ရောင်ကျူး၏ခြေထောက် ကန်ချက်များသည် ကျင်းကျင်းအား အခက်ကြုံသွားစေသည်။

မထင်မှတ်သော ရှုထောင့်များမှ ထွက်ပေါ်လာသဖြင့် ကျင်းကျင်းကြောင်အမ်းအမ်း ဖြစ်သွားချိန်မှာပင် သူမ၏လက်ထဲမှ ဓားမှာ ခြေထောက်ဖြင့် ကန်ထုတ်ခြင်း ခံလိုက်ရတော့သည်။

"ဟင်"

ကျင်းကျင်း ပိုပြီး ထိတ်လန့်သွားလေသည်။

ထိုအချိန်မှာပင် သူမ၏လက်ထဲမှ လွင့်စဉ်သွားသောဓားကို

ဖမ်းယူပြီး ရောင်ကျူး လေထဲမှခုန်ဆင်းလာသည်။

သူ၏ခြေထောက်နှစ်ချောင်း မြေပေါ်ရပ်မိသည်နှင့် ဖမ်းယူထားသောဓားဖြင့် ကျင်းကျင်း၏ရင်ဝကို ချိန်ရွယ်ထားပြီးသား ဖြစ်သွားတော့သည်။

"ရှင်...ရှင်"

ကျင်းကျင်း မျက်လုံးပြူးသွားလေသည်။

ရောင်ကျူး ရယ်မောလိုက်သည်။

"ခင်ဗျားရဲ့ဓားကို ပြန်ယူပါဗျာ"

သူ၏လက်ကောက်ဝတ်ကို တစ်ချက်လှည့်လိုက်လျှင် ဓားရှည်ကို ဓားဦး ဓားနောင့် ဖျပ်ခနဲလည်ထွက်သွားပြီး ဓားနောင့်က ကျင်းကျင်းဘက်သို့ ရောက်ရှိသွားလေသည်။

ကျင်းကျင်းသည် ရောင်ကျူးအား အတန်ကြာအောင် စိုက်ကြည့်နေပြီးမှ သက်ပြင်းချလိုက်လေသည်။

ဓားကိုဆွဲယူပြီး ဓားအိမ်ထဲသို့ ထိုးသွင်းထားလိုက်သည်။

ရောင်ကျူးက...

"ကဲ ကျုပ်ကို စမ်းသပ်ရတာ ကျေနပ်ရဲ့လားဗျာ"

ဟုမေးလိုက်လေ၏။ ကျင်းကျင်း ခေါင်းညိတ်လိုက်သည်။

"ကျေနပ်ပါတယ်၊ ရှင်ဟာ ကျွန်မတို့သွားမယ့်ခရီးမှာ အားကိုးရမယ့် လူတစ်ယောက်ဖြစ်လာလိမ့်မယ်လို့ ယုံကြည်ပါတယ်ရှင်"

ထိုစကားကြောင့် ရောင်ကျူးလည်း ကျေနပ်သွားတော့သည်။

♣ ♣ ♣

## ခေါင်းကြီးတဲ့လူ

လူတစ်ယောက်သည် ခြေထောက်ကျိုးကာ ဒုက္ခိတဖြစ်နေခဲ့လျှင်သော်လည်းကောင်း၊ ခါးကုန်းနေလျှင်သော်လည်းကောင်း ခေါင်းကြီးနေလျှင်သော်လည်းကောင်း ကြည့်ကောင်းတော့မည် မဟုတ်ပါ။

သို့သော်...

ခေါင်းကြီးဆိုသော လူငယ်တစ်ယောက်ကမူ သူ၏ဦးခေါင်းက သူများထက်ကြီးနေသည်ကို ကျေနပ်နေမိလေသည်။

ခေါင်းကြီးသဖြင့် ဦးနှောက်ပိုများပြီး ဉာဏ်ပိုကောင်းသေးသည်ဟုပင် ယူဆထားလေသည်။

အမှန်တကယ်လည်း ခေါင်းကြီးက ဉာဏ်ကောင်းသူတစ်ယောက်ဖြစ်လေသည်။

သူ၏သိုင်းပညာ ဟုတ္တိပတ္တိ မရှိပါ။

သူ့အား သေသေချာချာ သင်ကြားပြသပေးမည့်ဆရာဟူ၍မရှိပါ။

ခေါင်းကြီးသည် ကိုယ်တိုင်လည်း ရန်ဖြစ်သည်။

သူတပါးရန်ဖြစ်လျှင်လည်း မည်သို့မည်ပုံ တိုက်ခိုက်ကြသည် ခုခံကြသည်ကို လေ့လာမှတ်သားသည်။

သို့ဖြင့် တဖြည်းဖြည်း တိုက်ခိုက်ရေးကျွမ်းကျင်သူ ဖြစ်လာခဲ့လေသည်။

ခေါင်းကြီးက တိုက်ခိုက်ရေးကျွမ်းကျင်လာသောအခါ လူအများက အန္တရာယ်ရှိသူတစ်ယောက်ဟု သတ်မှတ်လိုက်ကြလေတော့သည်။

♣ ♣ ♣

နေရောင်ခြည်အောက်၌ မြင်းလှည်းတစ်စီးသည် အစောင့်အကြပ်များခြံရံကာ ခရီးနှင်နေသည်။

မြင်းလှည်းအား စောင့်ရှောက်လိုက်ပါလာကြသူများမှာ ရွှေကျားအာမခံဌာနပိုင်ရှင်ဝမ်းစု၊ လူယုံတော်ယို့ကျားနှင့် လက်ရွေးစင်သိုင်းသမားများဖြစ်လေသည်။

အာမခံပစ္စည်းပိုင်ရှင်ကျင်းကျင်းနှင့် သူမကိုယ်ရံတော်



အနက်ရောင် ဝတ်ဆင်ထားကြသူများက မြင်းလှည်းအနီး၌ခြံရံကာလိုက်ပါလာကြလေသည်။

ထူးခြားသည်ကား အာမခံပစ္စည်းသယ်ယူလာသည့် မြင်းလှည်းကိုမောင်းနှင်သူမှာ မိန်းကလေးတစ်ယောက် ဖြစ်လေသည်။

ဝမ်းစု၊ ကျင်းကျင်းတို့နှင့်အတူ ရှောင်ကျူးလည်း လိုက်လာခဲ့လေသည်။

သူတို့လူစုသည် အနောက်အရပ်ဆီသို့ ဦးတည်ကာ ငါးရက်တိုင်တိုင် ခရီးနှင်လာခဲ့ကြပြီးနောက် စိမ်းလန်းသောတောအုပ်များဖုံးလွှမ်းထားသော အရပ်ဒေသတစ်ခုသို့ ရောက်လာကြလေသည်။

ဝမ်းစုတို့သည် စည်းကမ်းစနစ်တကျဖြင့် ခရီးဆက်လာခဲ့ကြယင်း တစ်နေရာသို့ အရောက်တွင် အရှေ့ဘက်မှ မြင်းစီးသမား တစ်ယောက် ထွက်ပေါ်လာသည်ကို တွေ့လိုက်ရလေသည်။

ဝမ်းစုက လူယုံတော်ကြီးယို့ကျားအား ကြည့်လိုက်သည်။

ယို့ကျားက လေချွန်သံတစ်ချက် ပြုလိုက်ရာ...

"ရွှီး"

လေချွန်သံကြားသည်နှင့် အဖွဲ့သားအားလုံး ရပ်တန့်သွားကြလေတော့သည်။

ကျင်းကျင်း ပြုံးလိုက်သည်။

"သိပ်လည်း မစိုးရိမ်ပါနဲ့ရှင်၊ ဒါ ကျွန်မရဲ့လူတစ်ယောက်ပါ လမ်းခရီးအခြေအနေကို ကြိုတင်စုံစမ်းထားဖို့ လွှတ်ထားတာပါ"

သူမ၏ရှင်းပြမှုကြောင့် အားလုံး စိတ်အေးသွားကြ၏။

"ခွပ်ခွပ်...ခွပ်ခွပ်"

"ခွပ်ခွပ်..ခွပ်ခွပ်"

မြင်းခွာသံများ တစ်စထက်တစ်စ ကျယ်လောင်လာပြီး မြင်းစီးသမားမှာ အနီးသို့ ရောက်ရှိလာလေတော့သည်။

မြင်းစီးသမားသည် မြင်းပေါ်မှ လွှားခနဲခုန်ဆင်းကာ ကျင်းကျင်းရှေ့တွင် ဦးညွှတ်ဂါရဝပြုလိုက်သည်။

ထို့နောက် သူစုံစမ်းထားသော လမ်းခရီးအခြေအနေကို ပြောပြလိုက်လေသည်။

ကျင်းကျင်း ဦးခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေပြီးမှ ရောင်ကျူး၊ ဝမ်းစုနှင့်ယို့ကျားတို့ အနီးသို့ လှမ်းလာ၏။

ဝမ်းစုက...

"အခြေအနေ ဘာထူးသလဲ"

ဟုမေးလိုက်လေသည်။

ကျင်းကျင်းက...

"ထူးပါတယ်ရှင်၊ ရှေ့မှာ ခေါင်းကြီးဆိုတဲ့လူတစ်ယောက် သတင်းကြီးနေတယ်ရှင့်"

ရောင်ကျူးက...

"ဒါဖြင့် ကျုပ်တာဝန်ယူလိုက်ပါ့မယ်ဗျာ"

ကျင်းကျင်း ပြုံးလိုက်သည်။

"ကျွန်မတို့သွားနှင့်မယ်၊ ခေါင်းကြီးဟာ ဆိုးသွမ်းတယ်လို့ သတင်းထွက်နေပေမယ့် လူဆိုးတစ်ယောက်တော့ မဟုတ်ဘူးလို့ သိရတယ်၊ အဲဒါ ရှင်က သူ့ကိုဆုံးမပြီး ကျွန်မတို့အတွက် အသုံးဝင်နိုင်မယ်ဆိုယင်ခေါ်လာခဲ့ပါ၊ ရှေ့ဆက်ရမယ့် ခရီးမှာ အန္တရာယ်များ



တယ်ဆိုတော့ ကျွန်မတို့ကို ကူညီနိုင်မယ့်လူ လိုအပ်နေသေးတယ်၊ ကဲ ကျွန်တို့ရှေ့က သွားနှင့်ကြမယ်"

"ကောင်းပါပြီဗျာ"

ရောင်ကျူးက ကျင်းကျင်း၏စကားကို သဘောတူလိုက်လေသည်။

ထို့နောက် သူတို့လမ်းခွဲလိုက်ကြလေသည်။

♣ ♣ ♣

ရောင်ကျူး တစ်ယောက်ထဲထွက်လာခဲ့ပြီး အတန်ကြာသွားမိသောအခါ သစ်ပင်တစ်ပင်အောက်၌ ထိုင်နေသူတစ်ဦးကို တွေ့လိုက်ရလေသည်။

ထိုလူမှာ လူငယ်တစ်ယောက်ပင်ဖြစ်ပြီး သူ၏ဦးခေါင်းက သူများထက်ပိုကြီးလေသည်။

ရောင်ကျူး ပြုံးလိုက်သည်။

"မင်းက ခေါင်းကြီးလား"

လူငယ်က...

"ဟုတ်တယ်၊ မင်းကကော"

"ငါက ရောင်ကျူး၊ မင်းက သည်တဝိုက်မှာ နာမည်ကြီးနေတာပဲ"

ခေါင်းကြီးက...

"အေး...လူတွေက ငါ့ကို သိပ်ပြီးရန်ဖြစ်ချင်တဲ့လူလို့ သတ်

မှတ်ပြီး ကောင်းကောင်းမွန်မွန် မဆက်ဆံကြဘူး၊ ဒါကြောင့် ဘယ်နေရာကိုသွားယင်ကောင်းမလဲလို့ ထိုင်ပြီး စဉ်းစားနေတာ"

ရှောင်ကျူး သဘောကျသွားသည်။

"ဒါဖြင့် ငါနဲ့လိုက်ခဲ့ပါလား"

"ဘယ်ကို လိုက်ရမှာလဲ"

ကျင်းကျင်းနှင့် ရွှေကျားအာမခံဌာနအကြောင်း ပြောပြလိုက်လေသည်။

ခေါင်းကြီး စိတ်ဝင်စားသွားလေသည်။

"သည်အလုပ်က မဆိုးဘူး"

ရှောင်ကျူးက...

"မင်းလိုက်မလား"

ခေါင်းကြီး သက်ပြင်းချလိုက်သည်။

"ငါလိုက်တော့ လိုက်ချင်တယ်၊ ဒါပေမယ့် သူများခေါ်တိုင်းလိုက်ရတာမျိုး မဖြစ်ချင်ဘူး"

"ဒါဖြင့် သည်လိုလုပ်ပါလား"

"ဘယ်လိုလုပ်ရမှာလဲ"

ရှောင်ကျူးက...

"မင်းက ရန်ဖြစ်တာ ဝါသနာပါတယ် မဟုတ်လား၊ မင်းနဲ့ငါရန်ဖြစ်ကြမယ်လေ"

"ဟော"

"တကယ်လို့ မင်းနိုင်သွားယင် မင်းသဘောပဲ၊ ငါနိုင်ခဲ့ယင်မင်းက ငါ့နောက်ကိုလိုက်ခဲ့ရမယ်"



ခေါင်းကြီး၏မျက်လုံးများ အရောင်တဖိတ်ဖိတ် တောက်ပသွားလေသည်။

"ကောင်းလိုက်တဲ့အကြံ"

ဟု တဟားဟားရယ်မောကာ ပြောယင်း ရှောင်ကျူး၏အကြံကို လက်ခံလိုက်လေသည်။

ထို့နောက်..

"တစ်ယောက်ကိုတစ်ယောက် မညှာကြေးနော်"

"ဒါပေါ့"

ရှောင်ကျူးနှင့်ခေါင်းကြီးတို့ သူတပြန်ကိုယ်တပြန် တိုက်ခိုက်လိုက်ကြရာ မကြာပါချေ။

သတင်းကြီးနေသည့် ခေါင်းကြီးရှုံးနိမ့်သွားသဖြင့် ရှောင်ကျူးနှင့်လိုက်သွားရန် သဘောတူလိုက်ရလေတော့သည်။

♣ ♣ ♣

## လမ်းဓားပြလေး

နေခြစ်ခြစ်တောက် ပူပြင်းနေသည်။

လမ်းဘေး တစ်ဘက်တစ်ချက်တွင် ခြောက်သွေ့ညှိုးနွမ်းနေသော မြက်ခင်းပြင်များ ရှိနေ၏။

အရှေ့ဘက်ရှုးရှုးတွင် တောအုပ်တစ်ခုကို တွေ့မြင်ရသည်။

ခေါင်းကြီးက နဖူးပေါ်မှစီးကျလာသော ချွေးများကို သုတ်ပစ်လိုက်သည်။

ဘေးချင်းယှဉ်ကာ စီးနင်းလာသည့် ရှောင်ကျူးအား လှမ်းကြည့်လိုက်ပြီး...

"အရှေ့ဘက်က တောအုပ်ကို ဖြတ်ကျော်ပြီးယင်မြို့က



လေးတစ်မြို့ကို ရောက်သွားလိမ့်မယ်၊ အဲသည်နယ်တဝိုက်မှာ ဓားပြတစ်ယောက် သောင်းကျန်းနေတယ်လို့ ကြားတယ်ဗျ"

ဟုပြောလိုက်လေသည်။

ရှောင်ကျူး ရင်ထဲထင့်သွားသည်။

"ဓားပြတစ်ယောက် သောင်းကျန်းနေတယ် ဟုတ်လား"

"ဟုတ်တယ်"

"တော်တော်ဆိုးသလား"

"ဆိုးတာတော့ မပြောနဲ့၊ သူ့လက်က လွတ်တယ်လို့ကိုမရှိဘူးဆိုပြီး သတင်းကြီးနေတာပဲ"

"ဒါဆိုယင် ကျင်းကျင်းတို့လူစုနဲ့ ထိပ်တိုက်ရင်ဆိုင်တွေ့ကြတော့မယ်ထင်တယ်"

ရှောင်ကျူးမှာ ကျင်းကျင်းတို့လူစုအတွက် စိတ်ပူသွားလေသည်။

ထို့ကြောင့်...

"တို့မြန်မြန် သွားကြယင်ကောင်းမယ်"

ပြောယင်း မြင်းကို ဒုန်းစိုင်းမောင်းနှင်သွား၏။

ခေါင်းကြီးကလည်း ဘာမှမပြောဘဲ ထပ်ကြပ်မကွာ လိုက်ပါသွားလေသည်။

သူတို့ စိုးရိမ်ပူပန်နေချိန်၌ ကျင်းကျင်းတို့လူစု မည်သည့်နေရာရောက်ရှိနေပါသနည်း။

သူတို့တွက်ဆထားသည့်အတိုင်း ကျင်းကျင်းတို့လူစုမှာ အခက်အခဲ အန္တရာယ်နှင့်ရင်ဆိုင်ကြုံတွေ့နေရပြီ ဖြစ်လေသည်။

ရောင်ကျူးနှင့် ခေါင်းကြီးတို့မှာ တောအုပ်ကိုဖြတ်ကာ အရှေ့ဘက်တွင် တွေ့မြင်နေရသည့် မြို့ကလေးဆီသို့ ခရီးပြင်းနှင်နေကြလေတော့သည်။

♣ ♣ ♣

မြို့ကလေးမှာ သေးငယ်သော်လည်း မြို့ကြီးပြကြီးများနှင့်မခြား စည်စည်ကားကား ရှိလှပေသည်။

လူပြတ်လှသော တောလမ်းခရီးကို ဖြတ်ကျော်လာကြပြီးနောက် မြို့ကလေးအား လှမ်း၍တွေ့မြင်လိုက်ရသောအခါ အားလုံးဝမ်းသာပျော်ရွှင်သွားကြလေသည်။

မရပ်မနား ခရီးပြင်းနှင်ခဲ့ပြီးနောက် လူနေမြို့ရွာရောက်လျှင်ခေတ္တရပ်နား စခန်းချလိမ့်မည်ဟု အားလုံးနားလည်ထားကြသည် မဟုတ်ပါလား။

အနက်ရောင်ဝတ်ဆင်ထားသူများအား အနားပေးမှဖြစ်မည်ဟု ကျင်းကျင်း ကောင်းစွာနားလည်ထားပါ၏။

ခရီးရှည်နှင်ရမည်ဖြစ်ပေရာ ခရီးအစအဆုံး ရပ်နား အနားယူခြင်းမပြုဘဲ တောက်လျှောက်သွားနေ၍ဖြစ်မည် မဟုတ်ပါချေ။

ခရီးပြင်းနှင်ခဲ့ပြီးနောက် မည်သူမဆို အနားယူကြလိမ့်မည်ဖြစ်လေသည်။

မြို့ကလေးသို့ ဝင်ရောက်မိသည်နှင့် ကျင်းကျင်းက မြို့စွန်ရှိစားသောက်ဆိုင်တစ်ဆိုင်ရှေ့တွင် အားလုံးရပ်တန့်ရန် အမိန့်



ပေးလိုက်လေသည်။

သူမ၏လူများ ဝမ်းသာသွားကြလေသည်။

စားသောက်ဆိုင်မှာ အတော်ကလေး ကြီးမားသော ဆိုင်တစ်ဆိုင်ဖြစ်၏။

လမ်းဘေးခြံဝင်းတစ်ခုအတွင်း၌ ဖွင့်လှစ်ထားခြင်း ဖြစ်ပေသည်။

ပတ်ဝန်းကျင်တွင် လူနေအိမ်ခြေကျဲပါးသွားပြီး ခြံဝင်းကြီးများသာ ရှိပေသည်။

မြို့လယ်ပိုင်းမှာလို လူသူရှုပ်ထွေးနေခြင်း မရှိပေ။

အေးချမ်းတိတ်ဆိတ်လှသဖြင့် ကျင်းကျင်း သဘောကျသွား၏။

ထိုစားသောက်ဆိုင်၌ ခေတ္တအနားယူ စားသောက်ရန် ဆုံးဖြတ်လိုက်လေသည်။

သူမ၏ဆုံးဖြတ်ချက်အတိုင်း အားလုံးက ခြံဝင်းအတွင်းသို့ မြင်းကိုမောင်းနှင်ဝင်သွားကြလေသည်။

သူမ၏လူများကား အနက်ရောင်ဝတ်ဆင်ထားသူ ဆယ်ယောက်ခန့်နှင့် မိန်းကလေးငါးယောက် ဖြစ်ကြလေသည်။

ရွှေကျားအာမခံဌာနပိုင်ရှင်ဝမ်းစုနှင့် လူယုံကြီးယို့ကျားတို့လည်း ပါလာကြ၏။

ယို့ကျားသည် စားသောက်ဆိုင် ဖွင့်လှစ်ထားသည့် အဆောက်အအုံနှင့် ခြံဝင်းကြီးကိုကြည့်ကာ မျက်မှောင်ကြုတ်သွား၏။

ဝမ်းစုအနီးသို့ ချဉ်းကပ်သွားပြီး...

"ဆရာလေးဝမ်းစု သည်စားသောက်ဆိုင်ကို ကျုပ်တော့ သဘောမကျဘူး"

ဟုတီးတိုးပြောလိုက်၏။

ဝမ်းစုက...

"ဘာဖြစ်လို့လဲ ဆရာယို့"

ယို့ကျားက ရှင်းပြလေသည်။

"မြို့စွန်ပိုင်းဆိုတော့ တိတ်ဆိတ်ခြောက်သွေ့လွန်းတယ်၊ တစ်ယောက်ယောက်က ကျုပ်တို့ကို ထောင်ချောက်ဆင် ချင်တယ်ဆိုယင် သည်နေရာဟာ အကောင်းဆုံးနေရာပဲ၊ ကျုပ်တို့ လူစု မပြောနဲ့ လူတစ်ရာလောက် သည်ခြံဝင်းထဲဝင်လာပြီး ပျောက်ကွယ်သွားကြတယ်ဆိုယင်တောင် ဘယ်သူမှ သိလိုက်ကြမှာမဟုတ်ဘူး"

ဝမ်းစု ပြုံးလိုက်လေသည်။

"ဆရာယို့က အတော့်ကို စိုးရိမ်ပူပန်တတ်နေတာကိုး၊ သည်လောက်လည်း မဖြစ်နိုင်ပါဘူး"

"မဖြစ်နိုင်ဘူး မပြောနဲ့ဆရာ၊ သည်နယ်တဝိုက်မှာ ဓားပြတစ်ယောက် ကျင်လည်ကျက်စားနေတယ်လို့ ကျုပ်ကြားဖူးတယ်၊ အဲသည်ဓားပြဟာ သိပ်ကိုပါးနပ်လျင်မြန်တယ်လို့ သတင်းကြီးနေတာပဲ"

ဝမ်းစု စိတ်ဝင်စားသွားလေသည်။

"ဓားပြ ဟုတ်လား"

"ဟုတ်တယ်၊ သူ့နာမည် စွန်ရဲလို့ခေါ်တယ်၊ သူဘယ်သူ ဘယ်ဝါဆိုတာ ဘယ်သူမှမသိရဘူး"



"ဆရာယို့ကလည်း သူ့နာမည် စွန်ရဲလို့ခေါ်တယ်လည်း ပြောသေးတယ်၊ ဘယ်သူဘယ်ဝါမှန်း မသိရဘူးလည်းပြောတယ်၊ ကျုပ် ဘယ်လိုနားလည်ရတော့မှာလဲ"

ယို့ကျား သက်ပြင်းချလိုက်ပြီး...

"စွန်ရဲဆိုတာ လူတိုင်းသိကြတဲ့ နာမည်ပါ၊ ဒါပေမယ့် စွန်ရဲဆိုတာ လူကြီးလား၊ လူငယ်လား၊ ယောကျ်ားလား၊ မိန်းမလားဆိုတာတောင် ဘယ်သူမှမသိကြဘူး၊ သူ့ကိုတွေ့ဖူးမြင်ဖူးဖို့ဆိုတာ ပိုလို့တောင် ဝေးပါသေးတယ်"

ဝမ်းစု စိတ်ဝင်စားသွားလေသည်။

"စွန်ရဲလို့ နာမည်ကျော်ကြားပေမယ့် စွန်ရဲဟာ ဘယ်သူ ဘယ်ဝါဆိုတာ မသိကြဘူး ဟုတ်လား"

"ဟုတ်တယ်"

"စွန်ရဲဟာ ဘယ်လိုလူစားမျိုးလဲ"

"ဓားပြပဲ၊ အဖိုးတန်ပစ္စည်းပါလာပြီး သည်အရပ်ဒေသက ဖြတ်သွားတဲ့လူဆိုယင် တစ်ယောက်မှ အလွတ်မပေးဘူး၊ သူ့လက်ကလွတ်သွားတယ်ဆိုတာလည်း မရှိခဲ့ဘူးလို့ ပြောကြတာပဲ"

ဝမ်းစုက...

"အင်း...သူ့အကြောင်းကြားရတာ စိတ်ဝင်စားဖို့ကောင်းလိုက်တာ၊ သူ့ကိုတောင် တွေ့ချင်လာပြီ"

"ဗျာ"

ယို့ကျား ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

ဝမ်းစုကို အထိတ်တလန့် ကြည့်လိုက်၏။

ဝမ်းစု ပြုံးလိုက်သည်။

"ကျုပ်တို့ ရွှေကျားအာမခံဌာန တည်ထောင်ခဲ့တာ နှစ်ပေါင်းသုံးဆယ်ကျော်ပါပြီ၊ စွန်ရဲလို ဓားပြမျိုးမတွေ့ခဲ့ရသေးဘူး၊ သူကပဲနာမည်နဲ့လိုက်အောင် သတင်းကြီးမလား၊ ကျုပ်တို့ ရွှေကျားအာမခံဌာနကပဲ ကျုပ်တို့ဂုဏ်သရေကို ဆက်ပြီး ထိန်းထားနိုင်မလား စမ်းကြည့်ချင်လိုက်တာ"

ယို့ကျား ပါးစပ်ပိတ်ထားလိုက်၏။

ထိုစဉ်...

"ရှင်တို့ ဘာလုပ်နေကြတာလဲ"

စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

လှမ်းကြည့်လိုက်သောအခါ စားသောက်ဆိုင်ထဲမှ ကျင်းကျင်း လှမ်းထွက်လာသည်ကို တွေ့မြင်လိုက်ရ၏။

ကျင်းကျင်းတို့လူစုတွင် မြင်းလှည်းမောင်းသည့် မိန်းကလေးနှင့် မြင်းလှည်းဘေး၌ စောင့်ကြပ်နေသူနှစ်ယောက်မှအပ ကျန်လူအားလုံး စားသောက်ဆိုင်အတွင်းဘက် ရောက်ရှိသွားပြီဖြစ်လေသည်။

ဝမ်းစုက ကျင်းကျင်းအား ပြုံးပြလိုက်ပြီး...

"ကျုပ်တို့က စိတ်ဝင်စားစရာကောင်းတဲ့ ကိစ္စတစခု တွေ့နေလို့ဗျ"

ဟု လှမ်းပြောယင်း ကျင်းကျင်းထံ လျှောက်သွားသည်။

ကျင်းကျင်း ရယ်မောလိုက်သည်။



"ကျွန်မလည်း ကြားပြီးပါပြီ၊ စားသောက်ယင်း ပြောကြယင် မကောင်းဘူးလားရှင်"

"သိပ်ကောင်းတာပေါ့ဗျာ"

ဝမ်းစုက စားသောက်ဆိုင်ထဲသို့ လှမ်းဝင်လိုက်၏။

ယို့ကျားက မြင်းလှည်းဆီသို့ တစ်ချက်လှမ်းကြည့်လိုက်ပြီး မှဝမ်းစုနောက်သို့ လိုက်သွားလေသည်။

ကျင်းကျင်းတို့လူစုသည် မြင်းလှည်းအတွင်း၌ အဖိုးတန်ပစ္စည်း သယ်ဆောင်လာသည်ဟု နားလည်ထားသည် မဟုတ်ပါလား။

စားသောက်ဆိုင် အတွင်းဘက်၌ အနက်ရောင်ဝတ်ဆင်ထားသူများနှင့် မိန်းကလေးများ ဝိုင်းဖွဲ့ထိုင်ကာ စားသောက်နေကြသည်ကို တွေ့မြင်လိုက်ရလေသည်။

သူတို့သည် ဆာလောင်နေကြပြီဖြစ်ရာ ခေါင်းမဖော်နိုင်ကြဘဲ အားရပါးရ စားသောက်နေကြသည်။

ဝမ်းစုက လှမ်းကြည့်လိုက်ပြီး ကျေနပ်သွားသည်။

စားစရာရှိစား သွားစရာရှိသွား လုပ်စရာရှိလုပ် စောဒကမတက်သူ ဆင်ခြေမပေးတတ်သူများကို သူသဘောကျမိသည် မဟုတ်ပါလား။

သူတို့သုံးယောက် စားပွဲတစ်လုံး၌ ဝိုင်းဖွဲ့ထိုင်လိုက်ကြလေသည်။

မကြာပါချေ။

ကျင်းကျင်း ကြိုတင်မှာကြားထားသော စားသောက်ဖွယ်

ရာများ ရောက်ရှိလာသည်။

ကျင်းကျင်းက...

"ကဲ စားကြပါရှင်"

ဟုပြောလိုက်သည်။

ဝမ်းစု ခေါင်းညိတ်လိုက်သည်။

"ကျုပ်တို့ ခရီးထွက်လာခဲ့ကြတာနဲ့မတူဘဲ ပျော်ပွဲစားထွက်လာကြတာနဲ့ တူနေပြီ"

"ဟင်း...ဟင်း...ဟင်း"

ကျင်းကျင်း သဘောကျစွာ ရယ်မောလိုက်သည်။

သူတို့နှစ်ယောက် စားသောက်ရန် ဟန်ပြင်လိုက်စဉ်...

"ခဏနေပါဦး"

ယို့ကျား ဟန့်တားလိုက်လေသည်။

ဝမ်းစုနှင့်ကျင်းကျင်း လှမ်းကြည့်လိုက်သည်။

ဝမ်းစုက....

"ဘာဖြစ်လို့လဲ ဆရာယို့"

ဟုလှမ်းမေးလိုက်လေသည်။

ယို့ကျားက စိုးရိမ်ပူပန်သော မျက်နှာထားဖြင့်...

"အစားအသောက်တွေကို စစ်ဆေးပြီးမှစားသောက်ကြယင်ကောင်းမယ်ထင်တယ်"

ဟုပြောလိုက်လေသည်။

ဝမ်းစု ရယ်မောလိုက်လေသည်။

"ဆရာယို့က တော်တော်စိုးရိမ်ပူပန်တတ်တာကိုး၊ ကျုပ်တို့



ကို စားစရာသောက်စရာတွေထဲမှာ အဆိပ်ခတ်လို့မရဘူး"

ပြောပြောဆိုဆို ဟင်းခွက်တစ်ခွက်မှ နှိုက်ယူစားသောက်ရန်ဟန်ပြင်လိုက်သည်။

ကျင်းကျင်း ဟန့်တားလိုက်သည်။

"ခဏနေပါအုံးရှင်"

ဝမ်းစုက....

"ဘာဖြစ်လို့ပလဲ"

ကျင်းကျင်း ပြုံးလိုက်ပြီး...

"ဆရာယို့ပြောတာ မှန်ပါတယ်၊ ဘယ်နေရာမဆို စိတ်ချလက်ချထားလို့ မရဘူး မဟုတ်လား"

"ကောင်းပါပြီဗျာ"

ဝမ်းစုက အလျှော့ပေးဟန်ဖြင့် ပြောလိုက်သည်။

ကျင်းကျင်းက ငွေအပ်ကလေးတစ်ချောင်း ထုတ်ယူကာ ဟင်းခွက်များ၌ အဆိပ်ရှိမရှိ စမ်းသပ်ကြည့်လိုက်သည်။

စားသောက်ဖွယ်ရာများကို စုံလင်အောင် စမ်းသပ်ကြည့်လိုက်သော်လည်း ငွေအပ်ကလေး အရောင်ပြောင်းလဲသွားခြင်း မရှိပါချေ။

ကျင်းကျင်းက...

"အဆိပ်မရှိပါဘူးရှင်"

ဟုပြောလိုက်သည်။

ဝမ်းစု ရယ်မောလိုက်သည်။

"ဟား...ဟား...ဟား...ကျုပ်က ဘယ်နေရာမှာ အန္တရာယ်ရှိ

တယ် ဘယ်နေရာမှာ အန္တရာယ်မရှိဘူးဆိုတာ သိပါတယ်ဗျာ"

ဝင့်ကြွားစွာ ပြောလိုက်သည်။

ယို့ကျား ဘာမှမပြောသာတော့ပါချေ။

ငွေအပ်ကလေးကိုသာ စိတ်ပျက်လက်ပျက် ကြည့်လိုက်မိလေသည်။

ဝမ်းစုနှင့်ကျင်းကျင်းတို့ကား စားသောက်ရန် ဟန်ပြင်နေကြပြီဖြစ်သည်။

ယို့ကျား စိတ်ပျက်နေစဉ် ရုတ်တရက် ထူးခြားမှုတစ်ခုကို တွေ့မြင်လိုက်ရလေသည်။

"နေကြဦး…နေကြဦး မစားကြနဲ့"

ဟုထိုင်ရာမှ ဝုန်းခနဲထကာ အော်ပြောလိုက်သည်။

ဝမ်စုနှင့် ကျင်းကျင်းတို့သာမက စားသောက်နေကြသူများပါ တအံ့တသြဖြစ်ကာ လှမ်းကြည့်လိုက်ကြလေသည်။

စားသောက်ဆိုင်ထဲဝယ် လူရှင်းနေရာ စားသောက်နေသူဟူ၍ သူတို့လူစုသာ ရှိလေသည်။

ဝမ်းစုက…

"ဆရာယို့ ဘာဖြစ်လို့လဲ"

ဟုမေးလိုက်ကြလေသည်။

ယို့ကျားက…

"ငွေ…ငွေအပ်ကလေးကို ကြည့်လိုက်ပါဦး"

ကျင်းကျင်း အမှုမဲ့အမှတ်မဲ့ စားပွဲပေါ် ချထားသည့် ငွေအပ်ကလေးကို ညွှန်ပြယင်းပြောလိုက်သည်။



ဝမ်းစုနှင့် ကျင်းကျင်း လှမ်းကြည့်လိုက်ကြ၏။

ထိုအခါ…

ငွေအပ်ကလေးထိပ်ဖျားမှာ အစိမ်းရောင်သမ်းစပြုလာသည်ကို တွေ့ရလေသည်။

ဝမ်းစုနှင့်ကျင်းကျင်းတို့ အံ့သြသွားကြ၏။

သူတို့ ကြည့်နေစဉ် ငွေအပ်ကလေးတစ်ခုလုံး တဖြည်းဖြည်း အစိမ်းရောင်အဖြစ် ပြောင်းလဲသွားလေတော့သည်။

ကျင်းကျင်း ဝုန်းခနဲ ထရပ်လိုက်၏။

"ဟော့…ဘာတစ်ခုမှ မစားကြနဲ့"

ဟုအော်ပြောလိုက်လေသည်။

သူမ၏လူများ တအံ့တသြဖြစ်သွားကြ၏။

ကျင်းကျင်းက ငွေအပ်ကလေးကို ကောက်ယူကာ အပေါ် မြှောက်ပြလိုက်ပြီး…

"အစားအသောက်တွေမှာ အဆိပ်ရှိနေတယ်"

ဟုထပ်ပြောလိုက်၏။

သူမ၏လူများ လှုပ်လှုပ်ရှားရှားဖြစ်သွားကြလေသည်။

ကျင်းကျင်းက…

"မင်းတို့စားလိုက်မိကြပြီဆိုယင် အဆိပ်ဖြေဆေးမြန်မြန်သောက်လိုက်ကြပါ"

ဟု သတိပေးလိုက်လေသည်။

လမ်းခရီး၌ အန္တရာယ်အသွယ်သွယ် ကြုံတွေ့နိုင်သဖြင့် သူမက လက်ရွေးစင်တပည့်များကို ရွေးချယ်ကာ ခေါ်လာခဲ့ခြင်းဖြစ်

သည်။ သူမ၏လူများသည် သိုင်းပညာတော်ပြီး ပါးရည်နပ်ရည်ရှိသူများဖြစ်ကြလေသည်။

အဆိပ်ဖြေဆေးလည်း ကိုယ်စီကိုယ်ငှ ဆောင်ထားကြ၏။

ကျင်းကျင်း အမိန့်ပေးလိုက်လျှင် မိန်းကလေးများက စောဒကမတက်ကြဘဲ အဆိပ်ဖြေဆေးထုတ်ကာ သောက်လိုက်ကြလေသည်။

အနက်ရောင်ဝတ်ဆင်ထားသူ ဆယ်ယောက်အနက် တစ်ယောက်က မတ်တတ်ရပ်လိုက်ပြီး...

"သခင်မလေး..ကျုပ်တို့ အစားအစာတွေထဲမှာ အဆိပ်ရှိတယ်မရှိဘူးဆိုတာ သေသေချာချာ စမ်းသပ်ပြီးမှ စားသောက်ခဲ့ကြတာပါ။ ဘယ်လိုမှ အဆိပ်မိစရာ အကြောင်းမရှိပါဘူး"

ဟု စောဒကတက်လိုက်သည်။

ကျင်းကျင်း ဒေါပွသွား၏။

"အဆိပ်က စမ်းကြည့်လို့ ချက်ချင်းမသိနိုင်ဘူး၊ တဖြည်းဖြည်းချင်း အဆိပ်တက်အောင် စီစဉ်ထားတာ၊ စကားမရှည်နဲ့ အဆိပ်ဖြေဆေးသောက်လိုက်ပါ"

ဟု ထပ်မံအမိန့်ပေးလိုက်လေသည်။

အနက်ရောင်ဝတ်ထားသူဆယ်ယောက်အနက် ငါးယောက်ကအဆိပ်ဖြေဆေး ထုတ်ယူကာ သောက်လိုက်ကြ၏။

ကျန်ငါးယောက်က မကျေမနပ် ဖြစ်နေကြ၏။

သို့သော်...

ကျင်းကျင်း၏အမိန့်ကို မလွန်ဆန်ဝံ့ကြသဖြင့် အဆိပ်ဖြေဆေးထုတ်ယူလိုက်ကြလေသည်။



ထိုစဉ် တစ်ယောက်မှာ...

"အား"

စူးရှစွာ အော်ဟစ်လိုက်လေသည်။

ထိုင်ရာမှထရန် ကြိုးစားလိုက်စဉ်မှာပင် ကြမ်းပြင်ပေါ်ခွေခနဲလဲကျသွား၏။

ကျင်းကျင်း မျက်လုံးပြူးသွား၏။

"အဆိပ်ဖြေဆေး မြန်မြန်သောက်လိုက်"

ဟု ကပျာကယာ သတိပေးလိုက်လေသည်။

သူမ၏သတိပေးမှု နောက်ကျသွားချေပြီ။

"အား"

"အင့်"

"အမယ်လေး"

နောက်ထပ်သုံးယောက်မှာ စူးရှစွာအော်ဟစ်လိုက်ကြပြီး တစ်ယောက်ပြီးတစ်ယောက် ကြမ်းပြင်ပေါ်လဲကျသွားကြလေသည်။

လူကော ကုလားထိုင်ပါ လုံးထွေးကာ လဲကျသွားခြင်းဖြစ်လေတော့သည်။

ကျန်လူများကား အဆိပ်ဖြေဆေး အမြန်ဆုံးသောက်ချလိုက်ခြင်းကြောင့် သက်သာရာရသွားကြလေသည်။

ကျင်းကျင်း ဒေါပွသွားသည်။

"ငါတို့ကို အဆိပ်ခတ်တဲ့လူတွေ သိကြသေးတာပေါ့"

ပြောယင်း လျှပ်တပြက် ခုန်ထွက်သွား၏။

ယို့ကျားနှင့်ဝမ်းစုလည်း ထိုင်ရာမှ ထရပ်လိုက်ကြလေ၏။

စားသောက်ဆိုင်ထဲဝယ် သူတို့ဝင်လာစဉ်က ဆိုင်လုလင်များ ရှိနေကြ၏။

ယခုတော့ ဆိုင်လုလင် တစ်ယောက်တစ်လေမျှပင် ရှာမတွေ့တော့ပါချေ။

"ဆိုင်လုလင်တွေ ဘယ်ရောက်သွားပြီလဲ၊ ထွက်လာကြစမ်း"

ကျင်းကျင်းက ဒေါသတကြီး အော်ငေါက်လိုက်လေသည်။

သူမ၏စကားသံ ကျယ်လောင်စွာ ထွက်ပေါ်လာသော်လည်း တုန့်ပြန်သံ မကြားရပါချေ။

ဆိုင်လုလင် တစ်ယောက်တစ်လေမျှပင် မတွေ့ချေ။

"ရှင်တို့ထွက်မလာဘူးဆိုယင် စားသောက်ဆိုင်ကို ကျွန်မဖျက်ဆီးပစ်လိုက်မယ်"

ပြောပြောဆိုဆို စားပွဲတစ်လုံးကို ရိုက်ချိုးပစ်လိုက်လေသည်။

"ဝုန်း"

ကျယ်လောင်သော အသံတစ်ချက်ထွက်ပေါ်လာပြီး စားပွဲမှာ အပိုင်းပိုင်း ကျိုးပြတ်ပဲ့ထွက်သွားလေသည်။

သို့တိုင် မည်သူမျှ ထွက်လာသည်ကို မတွေ့ရပါ။

ကျင်းကျင်း အံကြိတ်လိုက်သည်။

"ကောင်းပြီ တစ်ဆိုင်လုံး ဖျက်ဆီးပစ်လိုက်မယ်ဆိုယင် ရှင်တို့ဘယ်လိုသဘောထားမလဲ ကြည့်ကြသေးတာပေါ့"



စကားဆုံးလျှင် သူမ၏လူများဘက်သို့လှည့်ကာ လက်ဝှေ့ယမ်းပြလိုက်လေသည်။

သူမ၏တပည့်များသည် ချက်ချင်းပင် စားပွဲကုလားထိုင်များ၊ ပန်းကန်ခွက်ယောက်များကို ရိုက်ချိုးဖျက်ဆီးပစ်လိုက်ကြသည်။

တဝုန်းဝုန်း တခွမ်းခွမ်းမြည်သံများ ဆူဆူညံညံ ထွက်ပေါ်လာလေသည်။

စားသောက်ဆိုင်အတွင်း၌ အကျိုးအပဲ့ အပျက်အစီးများဖြင့် ပွစာကျဲသွားလေတော့သည်။

ဤမျှ ရိုက်ချိုးဖျက်ဆီးလိုက်သော်လည်း လူသူတစ်စုံတစ်ယောက်မျှ ထွက်လာသည်ကို မတွေ့ရပါချေ။

ကျင်းကျင်းက...

"ကောင်းပြီ..ရှင်တို့ စားသောက်ဆိုင်ကို ကျွန်မ မီးရှို့ပစ်လိုက်တော့မယ်"

သူမသည် ပြောသည့်အတိုင်း ပြုလုပ်မည်ဖြစ်ကြောင်း ထင်ရှားလှပေသည်။

ယို့ကျားက....

"ခဏနေပါဦးဗျာ"

ကပျာကယာ ဟန့်တားလိုက်လေသည်။

ကျင်းကျင်း မျက်မှောင်ကြုတ်သွားပြီး...

"ဘာဖြစ်လို့လဲ"

ဟုမေးလိုက်၏။

ယို့ကျားက…

"ဆိုင်လုလင်တွေ တစ်ယောက်မှ ထွက်လာတာမတွေ့ရ ဘူး၊ သူတို့လည်း တစ်ခုခုဖြစ်နေပြီထင်တယ်"

"ဘာ"

ကျင်းကျင်း ကြောင်အမ်းအမ်း ဖြစ်သွား၏။

လမ်းခရီးတလျှောက်ဝယ် သူမ စီစဉ်လာသည့်အတိုင်း အံ ဝင်ခွင်ကျ ခရီးနှင်လာနိုင်ခြင်းကြောင့် ကိုယ့်ကိုကိုယ် ကျေနပ်နေမိ၏။

ဤမြို့ကလေး၌ ခေတ္တနားပြီး ခရီးဆက်ရမည်ဖြစ်လေ သည်။

မည်သို့သော အန္တရာယ်မျှ တွေ့နိုင်မည်မဟုတ်ဟု ယုံကြည် ခဲ့၏။

သို့သော်…

မမျှော်လင့်ဘဲ အန္တရာယ်နှင့်တွေ့ရသည့်အပြင် သူမ၏လု လေးယောက် ကြမ်းပြင်ပေါ် လဲကျသွားသည်ကို တွေ့လိုက်ရခြင်း ကြောင့် ကျင်းကျင်း၏ဒေါသများ ဆူဝေလာလေတော့သည်။

ဒေါသထွက်လာသောအခါ အမှန်အတိုင်း စဉ်းစားဆင်ခြင် နိုင်မှုအားပျောက်သွားလေသည်။

ယို့ကျား သတိပေးလိုက်မှ ကျင်းကျင်း သတိဝင်လာသည်။

"ကောင်းပြီ"

ယို့ကျား၏စကားကို သဘောတူလိုက်ပြီး ဆိုင်အနောက် ဘက်သို့ ခပ်သွက်သွက် ပြေးဝင်သွားလေသည်။

ယို့ကျားနှင့်ဝမ်းစုတို့လည်း နောက်မှထပ်ကြပ်မကွာ ပြေး



လိုက်သွားကြလေသည်။

စားသောက်ဆိုင်အနောက်ဘက်ဝယ် တိတ်ဆိတ်နေပါ၏။

ဆိုင်ရှင်ကိုလည်းကောင်း ဆိုင်လုလင်များကိုလည်းကောင်း တစ်ယောက်မျှ မတွေ့ရချေ။

"ဘယ်ရောက်ကုန်ပါလိမ့်"

ကျင်းကျင်း ညည်းညူလိုက်၏။

ယို့ကျားက…

"ဟိုမှာကြည့်စမ်း"

ဆိုင်အနောက်ရှိ မီးဖိုဆောင်တစ်နေရာဆီသို့ ညွှန်ပြယင်း ပြောလိုက်သည်။

ကျင်းကျင်းနှင့် ဝမ်းစုတို့ လှမ်းကြည့်လိုက်ကြ၏။

ထိုအခါ…

မီးဖိုဆောင်ထောင့် တစ်နေရာတွင် မမျှော်လင့်သော မြင် ကွင်းတစ်ခုကို တွေ့မြင်လိုက်ရ၏။

"ဟင်"

"ဟာ"

သူတို့နှစ်ယောက် လွှတ်ခနဲ ရေရွတ်လိုက်မိကြ၏။

မီးဖိုဆောင်ထောင့် တစ်နေရာတွင် လူတစ်စုရှိနေပါ၏။

ထိုလူများသည် ကြမ်းပြင်ပေါ်တွင် အတုံးအရုံးလဲကျနေကြ သည်။

ဆိုင်လုလင်များ၊ ထမင်းဟင်းချက်ပြုတ်သူများအပြင် ဆိုင် ရှင်လည်း ပါဝင်မည်ဖြစ်ကြောင်း သိနိုင်၏။

ကျင်းကျင်း မဲ့ပြုံးပြုံးလိုက်သည်။

"တော်တော် အတင့်ရဲတဲ့လူပဲ စားသောက်ဆိုင်ကလူ တစ်ယောက်မကျန် အဆိပ်ခတ်လိုက်တာကိုး"

ယို့ကျားက....

"သူက ဆိုင်လုလင်တွေကို အသုံးချပြီး နှုတ်ပိတ်ပစ်လိုက်တာထင်တယ်"

ပြောပြောဆိုဆို ရှေ့သို့ခပ်သွက်သွက် လှမ်းသွားပြီး ဆိုင်လုလင်များကို စမ်းသပ်ကြည့်လိုက်၏။

ဆိုင်လုလင်များကား အသက်သေဆုံးသွားခြင်းမရှိသေးဘဲ သတိလစ် မေ့မြောနေခြင်းဖြစ်ကြောင်း သိရ၏။

သေသေချာချာ စမ်းသပ်ကြည့်လိုက်မှ သွေးကြောပိတ်ခံထားရခြင်းဖြစ်ကြောင်း သိရ၏။

ယို့ကျားက ဝမ်းစုဘက်လှည့်ကာ...

"သူတို့ သွေးကြောပိတ်ခံထားရတယ်"

ဟုပြောလိုက်သည်။

ဝမ်းစု ခေါင်းညိတ်လိုက်၏။

"ကောင်းပြီ ဆရာယို့က တစ်ယောက်ယောက်ကို သွေးကြောဖွင့်ပေးလိုက်ပါ၊ ဘယ်လိုဖြစ်တယ်ဆိုတာ မေးကြည့်ကြတာပေါ့"

ယို့ကျားက ဆိုင်လုလင်တစ်ယောက်၏ သွေးကြောကို စမ်းသပ်ကာဖွင့်ပေးလိုက်၏။

"အင့်"



မသဲမကွဲညည်းညူသံနှင့်အတူ ဆိုင်လုလင်သတိရလာ၏။

ယို့ကျားကိုမြင်လျှင်...

"ခင်ဗျားတို့ ဘယ်သူတွေလဲ"

ဟု အထိတ်တလန့်မေးလေသည်။

ယို့ကျားက...

"ငါတို့ ဘယ်သူဘယ်ဝါဆိုတာ အရေးမကြီးဘူး၊ မင်းတို့ ဘယ်လိုဖြစ်တာလဲ ပြောစမ်း"

ဆိုင်လုလင်မှာ ယခုမှ မလှုပ်မကမ်းနိုင်၍ သတိလစ်မေ့မြောနေသည့် သူ၏အဖော်များ ရှိနေသေးသည်ကို သတိပြုမိသွားလေသည်။

ချက်ချင်း ကြောက်ရွံ့ထိတ်လန့်သွားပြီး..

"ကျုပ်..ကျုပ်ကို အသက်ချမ်းသာပေးပါဗျာ"

ဟု တောင်းပန်လိုက်သည်။

ယို့ကျား လက်ကာပြလိုက်၏။

"ငါတို့က မင်းကို ဒုက္ခပေးမှာမဟုတ်ဘူး၊ မင်းတို့ဘယ်လိုဖြစ်ကုန်ကြတယ်ဆိုတာ သိချင်တယ်၊ ငါတို့သည်ဆိုင်ကို ရောက်လာတော့ မင်းတို့ဒုက္ခရောက်နေတာကို တွေ့ရတာပဲ"

ဆိုင်လုလင် စိတ်သက်သာရာရသွားသည်။

အဖြစ်အပျက်များကို ရှင်းပြလိုက်သည်။

"သည်ကနေ့မနက် ကျွန်တော်တို့ အလုပ်လုပ်နေတုန်း လူတစ်ယောက် ရောက်လာပါတယ်၊ သူက နေ့လည်ပိုင်းမှာ ဧည့်သည်တွေရောက်လာမှာမို့ အကောင်းဆုံးစားသောက်ဖွယ်ရာတွေ ချက်

ပြုတ်ပေးပါလို့ မှာကြားပါတယ်၊ သူမှာကြားတာတွေကို ချက်ပြုတ်နေတုန်းမှာပဲ သတိလစ်သွားခဲ့တာပါ"

ဆိုင်လုလင် ဘုမသိဘမသိ သွေးကြောပိတ်ခံလိုက်ရခြင်းဖြစ်ကြောင်း ကျင်းကျင်းတို့ နားလည်သွားကြသည်။

ကျင်းကျင်းက...

"အဲသည်လူဟာ ဘယ်လိုပုံပန်းသဏ္ဌာန်ရှိတယ်ဆိုတာ ပြောပြစမ်းပါရှင်"

ဟုမေးလိုက်သည်။

ဆိုင်လုလင်က...

"အဘိုးအိုတစ်ယောက်ပါ၊ အသက်ခြောက်ဆယ်လောက် ရှိမယ်ထင်ပါတယ်"

"သူက စွန်ရဲလား"

"ဗျာ"

ဆိုင်လုလင် မျက်လုံးပြူးသွားလေသည်။

ကျင်းကျင်းကို လှမ်းကြည့်လိုက်သည်။

ကျင်းကျင်းက...

"စွန်ရဲကို ရှင်သိတယ် မဟုတ်လား"

ဟုထပ်မေးလိုက်လေသည်။

ဆိုင်လုလင်က ကြောက်ရွံ့ထိတ်လန့်စွာဖြင့်...

"စွန်..စွန်ရဲဟုတ်လား"

"ဟုတ်တယ်လေ၊ သည်နယ်တဝိုက်မှာ စွန်ရဲသောင်းကျန်းနေတာပဲ မဟုတ်လား"



"စွန်..စွန်ရဲသောင်းကျန်းနေတာ မှန်ပါတယ်ဗျာ၊ ဒါပေမယ့် သူ့ကို ကျွန်တော် မတွေ့ဖူးပါဘူး"

"စွန်ရဲသောင်းကျန်းနေတာကိုတော့ ရှင်တို့သိကြတယ်ပေါ့"

"စွန်ရဲအကြောင်း လူတိုင်းသိကြတာပဲ၊ သူ့ကို မြင်ဖူးတဲ့လူသာမရှိတာ"

"ရှင်တို့တွေ့ခဲ့တဲ့လူဟာ စွန်ရဲမဖြစ်နိုင်ဘူးလား"

"ကျုပ်မှ စွန်ရဲကိုမတွေ့ဘူးတာ ဘယ်လိုလုပ်ပြောရမလဲ"

ရှေ့ဆက်မေးပါကလည်း ဆိုင်လုလင် ဖြေနိုင်မည်မဟုတ်ကြောင်း ကျင်းကျင်းတို့ ရိပ်မိလိုက်ကြလေသည်။

ထို့ကြောင့်...

"ကျန်ဆိုင်လုလင်များကို သွေးကြောဖွင့်ပေးလိုက်ကြလေသည်။

ဆိုင်လုလင်များအား စစ်မေးကြည့်သော်လည်း အားလုံးသည် ပထမဦးဆုံး သတိရလာသည့်ဆိုင်လုလင်ကဲ့သို့ပင် တလေသံတည်းဖြေဆိုကြသည်ကို တွေ့ရလေသည်။

ကျင်းကျင်းတို့ စိတ်ပျက်သွားကြ၏။

ဆိုင်ရှေ့သို့ပြန်ထွက်လာလျှင် ကျင်းကျင်း၏တပည့်များ အခန်းအလယ်တွင် စုရုံးကာ ကြမ်းပြင်ပေါ်လဲကျနေသည့် လူလေးယောက်အား ဝိုင်းဝန်းပြုစုနေကြသည်ကို တွေ့မြင်ရလေသည်။

ကျင်းကျင်းက...

"ဘယ်လိုလဲဟေ့"

ဟုလှမ်းမေးလိုက်၏။

ထိုအခါ...

မိန်းကလေးတစ်ယောက်က...

"အားလုံး သတိရနေပါပြီ သခင်မလေး"

ဟု အစီရင်ခံလေသည်။

ကျင်းကျင်း ဝမ်းသာသွားလေသည်။

မှန်ပေသည်။

လဲကျသွားခဲ့သူလေးယောက်မှာ ပြန်လည်သတိရလာကြပြီ ဖြစ်လေသည်။

သို့သော်....

သူတို့လွန်စွာမှပင် မောပန်းနွမ်းနယ်ကာ ခွန်အားများ ကုန်ခမ်းနေပုံရ၏။

မျက်နှာမှာ သွေးရောင်ကင်းမဲ့ကာ ဖြူဖွေးနေလေသည်။

ကျင်းကျင်းက သူတို့လေးယောက်အား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်ပြီး သက်ပြင်းချလိုက်လေသည်။

သူမ၏လူလေးယောက်မှာ အသက်ရှင်နေပါသော်လည်း သူမအတွက် အသုံးဝင်နိုင်တော့မည် မဟုတ်ကြောင်း ရိပ်မိလိုက်သည်မဟုတ်လား။

သူမကဲ့သို့ပင် ဝမ်းစုနှင့်ယို့ကျားတို့လည်း ရိပ်မိလိုက်ကြလေသည်။

ကျင်းကျင်း၏လူများကား အသက်ရှင်နေကြပါသော်လည်း အဆိပ်မိခဲ့ခြင်းကြောင့် သိုင်းအားပျောက်ကွယ်သွားကြပြီဖြစ်လေသည်။



ဝမ်း[illegible]ပြုံးချလိုက်၏။

"ကျ[illegible]က စွန်ရဲနဲ့တွေ့နေပြီထင်တယ်၊ အခုအတိုင်းဆိုယင်တော့ ပွဲကြီးပွဲကောင်းကြည့်ရဦးမှာပဲ"

ဟုတီးတိုးရေရွတ်လိုက်လေသည်။

ယို့ကျား ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ စွန်ရဲက မခေတာ သေချာတယ်"

ထိုစဉ်...

ကျင်းကျင်း၏စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"မင်းတို့လေးယောက် ရွှေကျားအာမခံဌာနကို ပြန်သွားကြပါ၊ ငါတို့ပြန်ရောက်တဲ့အထိ အဲသည်မှာပဲ စောင့်နေကြပေါ့ ဟုတ်ပြီလား"

အဆိပ်မိခဲ့သူလေးယောက် ခေါင်းငုံ့သွားကြ၏။

ကျင်းကျင်းက...

"ကဲ တွေဝေမနေကြနဲ့၊ အခုချက်ချင်း ထွက်သွားကြ"

ဟုထပ်ပြောလိုက်သည်။

ထိုလူလေးယောက် မတတ်သာတော့ပါချေ။

ပြိုင်တူ ဦးညွှတ်လိုက်ကြ၏။

"ကောင်းပါပြီ သခင်မလေး၊ ကျုပ်တို့ ရွှေကျားအာမခံဌာနမှာစောင့်နေပါ့မယ်၊ သခင်မလေးပြန်ရောက်လာမှပဲ ကျုပ်တို့အပြစ်တွေခံယူပါ့မယ်"

ကျင်းကျင်းက....

"ဒါတွေ မေ့ထားလိုက်ပါ၊ ရှင်တို့မြန်မြန် ထွက်သွားကြပေတော့"

သိုင်းပညာအသုံးပြု၍ မရနိုင်တော့ခြင်းကြောင့် စွန့်ရဲတိုက်ခိုက်လာလျှင် ထိုလူလေးယောက် အဃင်ဆုံးဒုက္ခရောက်သွားမည်ဖြစ်လေသည်။

ထို့ကြောင့်..

ကျင်းကျင်းက အမြန်ဆုံးထွက်သွားရန် အမိန့်ပေးလိုက်ခြင်းဖြစ်၏။

ထိုလူလေးယောက်သည် ကျင်းကျင်းအား ဦးညွှတ်ကာထွက်သွားကြလေသည်။

မကြာပါချေ။

အပြင်ဘက်မှ မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ကျင်းကျင်း သက်ပြင်းချလိုက်သည်။

ဆိုင်ရှင်ဘက် လှည့်ကာ...

"ကျွန်မတို့အတွက် အဆိပ်မပါတဲ့စားစရာသောက်စရာနည်းနည်းလောက် ရနိုင်မလားရှင်"

ဟုမေးလိုက်လေသည်။

ဆိုင်ရှင် အားတုန့်အားနာဖြစ်သွား၏။

"ကျုပ် တောင်းပန်ပါတယ်ဗျာ၊ အကောင်းဆုံး စားသောက်ဖွယ်ရာတွေ ပြင်ဆင်ပေးပါ့မယ်၊ ခဏလောက်စောင့်ပါ"

ပြောပြီး စားသောက်ဖွယ်ရာများ ပြင်ဆင်ပေးရန် သူ၏တ



ပည့်များကို အမိန့်ပေးလိုက်လေသည်။

ဆိုင်လုလင်များလည်း ကျင်းကျင်းတို့ စိတ်တိုင်းကျဖြစ်အောင် ဆောင်ရွက်ပေးလိုက်ကြလေတော့သည်။

♣ ♣ ♣

မြင်းခွာသံများ တိတ်ဆိတ်ပျောက်ကွယ်သွားပြီ ဖြစ်လေသည်။

ကျင်းကျင်း၏လူများ ထွက်သွားကြပြီ ဖြစ်၏။

ကျင်းကျင်း၊ ဝမ်းစုနှင့် ယို့ကျားတို့ မျက်နှာချင်းဆိုင်ထိုင်နေသည်။

သူတို့၏ရှေ့တွင် စားသောက်ဖွယ်ရာများ ရောက်ရှိလာသည်။

စိတ်ချလက်ချ ဖြစ်ရလေအောင် ထပ်မံစစ်ဆေးပြီးမှ စားသောက်ခဲ့ကြလေသည်။

ဆာလောင်မှုကြောင့် စားသောက်ဆိုင်ထဲ ဝင်လာခဲ့သော်လည်း မမျှော်လင့်ဘဲ ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်ကြောင့် စားသောက်လိုစိတ်ပင် မရှိတော့ချေ။

သုံးယောက်သား တို့ကနန်း ဆိတ်ကနန်းသာ စားသောက်ခဲ့ကြလေသည်။

သူတို့စားသောက်စဉ် မြင်းလှည်းအနီး၌စောင့်ကြပ်သူသုံးယောက်နှင့် မြင်းလှည်းမောင်းသည့် မိန်းကလေးတို့အတွက် စား

သောက်ဖွယ်ရာများ သွားရောက်ပို့ဆောင်စေခဲ့သည်။

စားသောက်ဖွယ်ရာများ ပို့သည့် ဆိုင်လုလင်မှာ ချက်ချင်း ပြန်လည်ပြေးဝင်လာသည်ကို တွေ့ရ၏။

သူနှင့်အတူ အနက်ရောင်ဝတ်ဆင်ထားသူတစ်ယောက် ပါလာလေသည်။

ထိုလူသည် ကျင်းကျင်းအနီးသို့ရောက်လျှင် ဦးညွှတ်အရိုအသေပြုလိုက်ပြီး...

"သခင်မလေး ကလေးတစ်ယောက်က စာတစ်စောင်လာပေးသွားပါတယ်"

ပြောပြောဆိုဆို စာတစ်စောင် လှမ်းပေးလိုက်သည်။

ကျင်းကျင်းလည်း ချက်ချင်းယူကာ ဖောက်ဖတ်လိုက်လေသည်။

ဝမ်းစုနှင့်ယို့ကျားတို့က စိတ်ဝင်စားစွာ စောင့်ကြည့်နေကြ၏။

ကျင်းကျင်းက စာဖတ်ပြီး မဲ့ပြုံးပြုံးလိုက်၏။

ဝမ်းစုအား လှမ်းပေးယင်း...

"ဖတ်ကြည့်ပါဦးရှင်"

ဟုပြောလေသည်။

ဝမ်းစုလည်း ကပျာကယာ ဖတ်ကြည့်လိုက်လေသည်။

ထိုအခါ...

စာထဲ၌...

သိစေရန်...



မြင်းလှည်းနှင့်အတူ ပါလာတဲ့ပစ္စည်းတွေကိုထားပြီး ချက်ချင်းထွက်သွားပါ၊ ပထမအကြိမ် သတိပေးရုံမို့ လူလေးယောက်လျော့သွားပြီ မဟုတ်လား၊ ဒုတိယအကြိမ်ဆိုတာ ရှိမှာမဟုတ်တော့ဘူး၊ ကျုပ်သတိပေးတဲ့အတိုင်း လိုက်နာပါ။

စွန်ရဲ

ဟူ၍ရေးသားထားလေသည်။

ဝမ်းစု မဲ့ပြုံးပြုံးလိုက်သည်။

"စွန်ရဲဆိုပါလား၊ အတော်ပဲ ကျုပ်ကလည်း သူ့ကိုတွေ့ချင်နေတာ"

ဟုပြောလိုက်လေသည်။

ကျင်းကျင်းက...

"ကျွန်မလူတွေကို ဒုက္ခပေးလိုက်တာ စွန်ရဲဆိုယင် သူ့ကို ကျွန်မခွင့်မလွှတ်နိုင်ဘူး၊ ကျွန်မတို့အကြောင်းသိအောင် ဆုံးမရမှာပဲ"

သူတို့ပြောနေကြသည့်စကားများ ကြားလျှင် ဆိုင်လုလင်များ မျက်လုံးပြူးသွားလေသည်။

ကြောက်ရွံ့ထိတ်လန့်သွားကြပြီး နောက်သို့တရွေ့ရွေ့ဆုတ်သွားသည်။

ကျင်းကျင်းက...

"သည်စာကို ကလေးတစ်ယောက် လာပေးတယ်ဟုတ်လား"

ဟုမေးလိုက်သည်။

အနက်ရောင်ဝတ်ဆင်ထားသူ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် သခင်မလေး"

"အဲသည်ကလေးကော"

"ရှိပါတယ်"

ကျင်းကျင်း ပြုံးလိုက်၏။

"မင်းတို့ ဘယ်ဆိုးလို့တုန်း၊ ကဲသွားပြီးကြည့်ကြရအောင်" ပြောပြီး ထိုင်ရာမှထလိုက်သည်။

ဝမ်းစုနှင့် ယို့ကျားတို့လည်း ပြိုင်တူထရပ်လိုက်ကြလေသည်။

ထို့နောက်...

ဆိုင်အပြင်ဘက်သို့ ခပ်သွက်သွက် ထွက်လာခဲ့ကြလေတော့သည်။

♣ ♣ ♣

ဆိုင်ရှေ့တွင် မြင်းလှည်းရပ်ထား၏။

မြင်းလှည်းပေါ်တွင် အနက်ရောင်ဝတ်ဆင်ထားသူနှစ်ယောက်ရပ်နေ၏။

မြင်းလှည်းပေါ်တွင် မြင်းလှည်းမောင်းသည့် မိန်းကလေးထိုင်နေသည်။

ထိုမိန်းကလေးမှာ အသက်ဆယ့်ခုနစ်နှစ် ဆယ့်ရှစ်နှစ်ခန့်ရှိပြီး ချောမောလှပသူကလေးဖြစ်သည်။



သူမ မလှုပ်မယှက်ထိုင်နေပုံမှာ ကျောက်ရုပ်တစ်ခုအလား အတော်ပင် နေနိုင်သည့်မိန်းကလေးဟု ဝမ်းစုနှင့်ယို့ကျားတို့တွေးမိလိုက်ကြသည်။

ကျင်းကျင်း ထွက်လာသည်ကိုမြင်လျှင် အနက်ရောင်ဝတ်ဆင်ထားသူများက ဦးညွှတ် ဂါရဝပြုလိုက်ကြသည်။

အနက်ရောင်ဝတ်ဆင်ထားသူက ကလေးငယ်တစ်ယောက်အား လက်ဆွဲထားသည်ကိုလည်း တွေ့လိုက်ရလေသည်။

စာလာပို့သော အနက်ရောင်ဝတ်ဆင်ထားသူကကျင်းကျင်းကိုကြည့်ကာ...

"သည်စာကို လာပို့တာ အဲသည်ကောင်လေးပါပဲ သခင်မလေး"

ဟု ကလေးငယ်အား ညွှန်ပြကာ ကျင်းကျင်းအားပြောလိုက်လေသည်။

ကျင်းကျင်း ခေါင်းညိတ်လိုက်သည်။

ထို့နောက်...

ကောင်လေးအနီးသို့လည်း ချဉ်းကပ်သွားလိုက်လေသည်။

ကောင်လေးမှာ အသက်ဆယ်နှစ်ခန့်ရှိသော ကလေးငယ်တစ်ယောက်ဖြစ်သည်။

အဝတ်အစား ညစ်ပတ်ပေကျံနေသော်လည်း လည်လည်ဝယ်ဝယ်ရှိပုံရသည်။

ကျင်းကျင်း ပြုံးလိုက်သည်။

ကလေးငယ်မှာ ကျင်းကျင်းအား ကြောက်ရွံ့ထိတ်လန့်သော

အကြည့်ဖြင့် ကြည့်နေသည်။

ထို့ကြောင့်...

ကျင်းကျင်းက ကောင်လေးအား ချိုချိုသာသာပြောလိုက်လေသည်။

"ကလေး မင်းကို ဘယ်သူက စာပေးခိုင်းလိုက်တယ်ဆိုတာ ပြောပြပါလား ဟင်၊ မင်းကို မုန့်ဖိုးအများကြီးပေးမယ်"

ပြောပြောဆိုဆို ငွေစက္ကူတစ်ရွက်ထုတ်ကာ ပေးလိုက်လေ၏။

ကောင်လေးက နားမလည်ဟန် မျက်လုံးလေး ကလယ်ကလယ်ဖြင့် ကျင်းကျင်းကိုသာ ကြည့်နေလေသည်။

ကျင်းကျင်းက ငွေစက္ကူအား ကောင်လေးလက်ထဲထည့်ကာ

"ယူလေ ယူပါကွယ်၊ မမက မင်းကိုမုန့်ဖိုးပေးတာပါ"

ဟုပြောလိုက်သည်။

ကောင်လေး အားတက်သွား၏။

ကျင်းကျင်း၏လက်ထဲမှ ငွေစက္ကူကို ဆတ်ခနဲဆွဲယူလိုက်သည်။

ကျင်းကျင်းက...

"မောင်လေးကို ဘယ်သူက သည်စာကိုပေးခိုင်းလိုက်တာလဲဟင်"

ဟုမေးလိုက်သည်။

ကောင်လေးက...

"အင်း...အစ်ကိုကြီးတစ်ယောက်ပါ"



ဟုပြောလေသည်။

ကျင်းကျင်းက..

"ဘယ်က အစ်ကိုကြီးလဲ"

"အရက်ဆိုင်ကပါ"

"ဩော်..အရက်ဆိုင်ကဟုတ်လား၊ ဒါဖြင့် အရက်သမားကြီး တစ်ယောက်ပေါ့၊ ဘယ်အရက်ဆိုင်ကလဲဆိုတာ မမကိုပြောပြစမ်းပါဦးကွယ်"

ကောင်လေးက...

"အစ်ကိုကြီးက သိပ်ပြီးတော့ သဘောကောင်းတာဗျ၊ ကျွန်တော့်ကို ပိုက်ဆံတွေပေးတယ်၊ မုန့်တွေကိုလည်း အများကြီးဝယ်ကျွေးတယ်၊ ပြီးတော့ နေမကောင်းဖြစ်နေတဲ့လူတွေဆိုယင်လည်း ဆေးကုပေးတယ်၊ ကျွန်တော်တို့တွေအားလုံးက အဲသည်အစ်ကိုကြီးကို သူရဲကောင်းကြီးလို့ခေါ်တယ်ဗျ"

ကျင်းကျင်း အံ့သြသွားသည်။

တဆက်တည်းပင် ဝမ်းစုနှင့်ယို့ကျားတို့ကို လှမ်းကြည့်လိုက်မိလေသည်။

ဝမ်းစုက ပခုံးတွန့်ပြ၏။

ယို့ကျားက သက်ပြင်းချလိုက်လေသည်။

ကျင်းကျင်းက ကောင်လေးဘက်သို့ ပြန်၍လှည့်လိုက်ကာ..

"သူရဲကောင်းကြီး ဟုတ်လား၊ သူက သိပ်ပြီးသဘောကောင်းတာပေါ့နော်"

"ဟုတ်ပါတယ်"

ကျင်းကျင်းက...

"သူက ဘယ်မှာလဲဟင်"

"အဲသည် အစ်ကိုကြီးက အခုဆိုယင် အိမ်ပြန်သွားလောက်ပါပြီ"

"အိမ်ပြန်သွားပြီ ဟုတ်လား၊ သူ့ရဲ့အိမ်က ဘယ်မှာရှိတာလဲ"

ကောင်လေးက...

"မြို့ပြင်အရှေ့ဘက်က တောအုပ်ထဲမှာပါ"

ဟုပြော၏။

ကျင်းကျင်းက ဝမ်းစုတို့အား ဘယ်လိုသဘောရသလဲ။

ဟူသောအကြည့်ဖြင့် ကြည့်လိုက်၏

ဝမ်းစုက...

"ကျုပ်တို့လိုက်သွားကြယင် ကောင်းမယ်"

ဟုပြောလိုက်လေသည်။

ယို့ကျားက...

"ပြောစရာရှိတာတွေကို နောက်မှပြောကြတာပေါ့၊ အခု လောလောဆယ်မှာ သည်ကောင်လေးကို ပြန်လွှတ်ပေးလိုက်ပါဦး တော်ကြာ သူ့အိမ်ကမျှော်နေဦးမယ်"

ဟုကြားဝင်ပြောလိုက်သည်။

ယို့ကျား ပြောလိုက်သောစကားတွင် အဓိပ္ပါယ်ရှိနေပေသည်။

သူ၏စကားအဓိပ္ပါယ်ကို ကျင်းကျင်းက နားလည်သဘော



ပေါက်သွား၏။

"ဟုတ်သားပဲ၊ ကဲ မောင်လေး အိမ်ပြန်တော့နော်၊ မင်းရဲ့သူရဲကောင်းကြီးနဲ့တွေ့ယင် မမတို့ဆီကို စာပေးခဲ့ပြီးပြီဆိုတာကို ပြောပြလိုက် ဟုတ်ပြီလား"

ကောင်လေးက ခပ်သွက်သွက် ခေါင်းညိတ်လိုက်ကာ...

"ဟုတ်ကဲ့"

ဟုပြောလေသည်။

"ကဲ သွား သွား"

ကျင်းကျင်းက ပြောလိုက်၏။

ထို့နောက်...

အနက်ရောင်ဝတ်ဆင်ထားသူအား ကောင်လေးကို လွှတ်ပေးရန် မျက်ရိပ်ပြလိုက်သည်။

အနက်ရောင်ဝတ်ဆင်ထားသူက ကောင်လေးကို ချက်ချင်းပင်လွှတ်ပေးလိုက်လေသည်။

ကောင်လေးသည် အနက်ရောင်ဝတ်ဆင်ထားသူ၏လက်မှ လွတ်သည်နှင့် ကျင်းကျင်းတို့ကိုပင် မကြည့်တော့ဘဲ ငွေစက္ကူကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး ပြေးထွက်သွားလေတော့သည်။

♣ ♣ ♣

ကောင်လေး ထွက်သွားပြီ ဖြစ်လေသည်။

ကျင်းကျင်းက ကောင်လေးထွက်သွားရာဘက်သို့ ကြည့်နေသည်။

အတန်ကြာသည်အထိ မည်သူမျှ စကားမပြောဖြစ်ကြပါချေ။

ဝမ်းစုက ယို့ကျားအား တစ်ချက်လှမ်းကြည့်လိုက်လေသည်။

ထိုအခါ...

ယို့ကျားက...

"ကျုပ်တို့တွေဟာ ကောင်လေးပြောတဲ့ သူရဲကောင်းကြီးဆိုတဲ့လူကို စိတ်ဝင်စားနေတယ်ဆိုတာကို ကောင်လေးသိသွားလို့မဖြစ်ဘူး၊ သူ့ရဲ့အရှေ့မှာ အဲသည်အကြောင်း ပြောဆိုတိုင်ပင်နေလို့လည်း မဖြစ်ဘူး၊ ကောင်လေးက အဲသည်သူရဲကောင်းကို ပြန်ပြောမှာ သေချာတယ်"

ဟုပြောလိုက်လေသည်။

တနည်းအားဖြင့် ဝမ်းစုအား သွယ်ဝိုက်သတိပေးလိုက်ခြင်းဖြစ်လေသည်။

ဝမ်းစု ပါးစပ်ပိတ်ထားလိုက်သည်။

ကျင်းကျင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျွန်မတို့ ဘာလုပ်မယ်ဆိုတာ ကောင်လေးရှေ့မှာပြောလို့ မဖြစ်ဘူး၊ ဒါပေမယ့် ကောင်လေးနောက်ကို တစ်ယောက်ယောက် လိုက်သွားကြည့်ခိုင်းတာကောင်းမယ်၊ ကောင်လေး



က သူရဲကောင်းကြီးဆိုတဲ့ စွန်ရဲနဲ့သွားတွေ့မှာ သေချာတယ်"

ဟုပြောလိုက်သည်။

ဝမ်းစု ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ကောင်လေးနောက်ကို ခြေရာခံလိုက်သွားယင် တစ်ခုခုထူးခြားမှာ သေချာတယ်"

ကျင်းကျင်းက...

"အားဖုံး"

ဟုခေါ်လိုက်သည်။

ခန္ဓာကိုယ် ထွားကျိုင်းသန်မာလှသည့် အနက်ရောင်ဝတ်ဆင်ထားသူတစ်ယောက် ရှေ့သို့ လျှင်မြန်စွာထွက်လာသည်။

ကျင်းကျင်းအား ဂါရဝပြုလိုက်ပြီး...

"အမိန့်ရှိပါ သခင်မလေး"

ကျင်းကျင်းက...

"ကောင်လေးထွက်သွားတာ မင်းတွေ့တယ်မဟုတ်လား"

အနက်ရောင်ဝတ်ဆင်ထားသူ ခေါင်းညိတ်လိုက်သည်။

"တွေ့ပါတယ်"

"ကောင်းပြီ သူ့နောက်လိုက်သွား၊ သူဘယ်ကိုသွားတယ် ဘယ်သူနဲ့တွေ့တယ်ဆိုတာ မျက်ခြည်မပြတ်စေနဲ့ ဟုတ်ပြီလား"

"စိတ်ချပါ သခင်မ"

"မြန်မြန်သာ သွားပေတော့"

ကျင်းကျင်းက ဝမ်းစုဘက်လှည့်ကာ....

"ကျွန်မလူတွေထဲမှာတော့ အားဖုံးဟာ နောက်ယောင်ခံ

လိုက်တဲ့နေရာမှာ အကျွမ်းကျင်ဆုံးပဲ”

ဟုရှင်းပြလိုက်လေသည်။

ဝမ်းစုက...

“စွန်ရဲဟာ ဘယ်လိုလူမျိုးဆိုတာ စဉ်းစားလို့ရနိုင်တယ်ဆိုယင်ကော ခင်ဗျားလက်ခံမလား”

ကျင်းကျင်း ခေါင်းညိတ်လိုက်၏။

“သူဟာ ဆင်းရဲဒုက္ခရောက်နေသူတွေကို ကူညီတယ်ဆိုတော့ ဒုက္ခရောက်နေသူတွေကြားမှာ သူဟာသူရဲကောင်းကြီးတစ်ယောက်ပေါ့၊ သူဟာ ကျော်ကြားပေမယ့် သူ့ကိုဘယ်သူမှ မတွေ့ဖူး၊ မမြင်ဖူးဘူးဆိုတာ မဖြစ်နိုင်ဘူး၊ သည်မြို့ကလူတွေဟာ သူ့ကို ကျေးရူးရှင်ကြီးတစ်ယောက်လို့ယူဆပြီး အကာအကွယ်ပေးထားကြတာပဲဖြစ်မယ်”

သူမ၏အတွေးကို ဝမ်းစုနှင့်ယို့ကျားတို့ လက်ခံလိုက်ကြလေသည်။

ယို့ကျားက...

“သခင်မလေးပြောတာ ဖြစ်နိုင်ပါတယ်၊ စွန်ရဲဟာ သည်နယ်တဝိုက်မှာ ကျင်လည်ကျက်စားနေတယ်၊ သူ့လက်က ဘယ်သူမှ မလွတ်နိုင်ဘူးဆိုတော့ သူ့ကိုကူညီတဲ့လူတွေရှိလို့ပဲ ဖြစ်မှာပေါ့”

ကျင်းကျင်းက..

“ကဲ သူက မြို့ပြင်တောအုပ်ထဲမှာ နေတယ်ဆိုတော့ ကျွန်မတို့လိုက်သွားကြယင် မကောင်းဘူးလား”

“ခဏနေပါဦး”



ယို့ကျားက တားလိုက်သည်။

ကျင်းကျင်းက...

“ရှင်ဘာပြောမလို့လဲ”

ယို့ကျားက...

“ကျုပ်တို့အားလုံး လိုက်သွားကြမယ်ဆိုယင် မြင်းလှည်းကို ဘယ်သူ စောင့်ရှောက်မလဲ”

“ဟုတ်သားပဲ၊ သည်မှာလည်း နေခဲ့ကြဖို့လိုမယ်”

ဝမ်းစုက ကြားဝင်ပြောလေသည်။

ကျင်းကျင်း ခေါင်းညိတ်လိုက်သည်။

“ရှင်တို့ သည်မှာနေခဲ့ကြပါ၊ ကျွန်မက စွန်ရဲနဲ့သွားတွေ့လိုက်မယ်”

ယို့ကျားက...

“သခင်မလေး နေခဲ့ပါ၊ ကျုပ်တို့သွားပါ့မယ်ဗျာ”

ဝမ်းစုကလည်း ထောက်ခံလိုက်လေသည်။

“ဟုတ်တယ်၊ သည်မှာ သခင်မလေးနေခဲ့မှဖြစ်မယ်၊ မြို့ပြင်မှာအန္တရာယ်မရှိဘူးလို့ မပြောနိုင်ဘူး၊ မတော်တဆ အန္တရာယ်နဲ့တွေ့ယင် ကျုပ်တို့မပါလည်း သခင်မလေးက ဦးဆောင်နိုင်လိမ့်မယ် ကျုပ်တို့ကတော့ သခင်မလေးမရှိဘဲ ဘာမှဆက်လုပ်နိုင်မှာမဟုတ်ဘူး”

ကျင်းကျင်း သက်ပြင်းချလိုက်သည်။

“အန္တရာယ်နဲ့ ရင်ဆိုင်ရနိုင်မှန်းသိလျက်နဲ့ ကျွန်မကိုယ်တိုင်မသွားဘဲ ရှင်တို့ကိုလွှတ်လို့ ဖြစ်ပါ့မလားရှင်၊ ရှင်တို့သည်မှာစောင့်

နေကြပါ၊ ကျွန်မပဲ သွားလိုက်ပါ့မယ်"

"မဖြစ်ဘူးဗျ၊ ဒါဟာ ကျုပ်တို့တာဝန်ပါ၊ ကျုပ်တို့သွားရလိမ့်မယ်"

ဝမ်းစုက ခပ်ပြတ်ပြတ်ပြောလေသည်။

ယို့ကျားက...

"စွန်ရဲက ကျုပ်တို့ထင်ထားတာထက်ပိုပြီး ပါးနပ်နေတယ်ဆိုယင် ကျုပ်တို့မြို့ပြင်တောအုပ်ထဲကို လိုက်လာကြမယ်ဆိုတာ သိမှာပဲ၊ ကျုပ်တို့သွားတုန်း သည်ကိုရောက်မလာဘူးလို့ မပြောနိုင်ဘူး"

ဟုပြောလိုက်လေသည်။

ကျင်းကျင်း ငိုင်သွားသည်။

ယို့ကျားက ဆက်ပြောလိုက်သည်။

"အားဖုံး ပြန်လာယင် သထင်းထူးချင်ထူးဦးမယ် မဟုတ်လား၊ သခင်မလေး သည်မှာစောင့်နေဖို့ တကယ်ကို လိုအပ်ပါတယ်"

ကျင်းကျင်းထံမှ အတန်ကြာသည်အထိ တုန့်ပြန်စကားသံ ထွက်ပေါ်လာခြင်း မရှိပါချေ။

သူမက စွန်ရဲအား ရင်ဆိုင်ရန်နည်းလမ်းရှာကြံစဉ်းစားနေပုံရသည်

ထို့နောက်...

"ကောင်းပြီလေ ရှင်တို့သွားကြပါ၊ သတိလည်းထားကြဦးနော်"

ဟုပြောလိုက်လေသည်။



ဝမ်းစု သဘောကျစွာပြုံးလိုက်သည်။

"စိတ်ချပါနေဗျာ၊ အဆင်ပြေလာခဲ့ယင် ကျုပ်တို့က စွန်ရဲကိုတောင်ဖမ်းပြီးတော့ ခေါ်လာနိုင်ဦးမှာ"

စကားဆုံးလျှင် ခပ်သွက်သွက် ပြေးထွက်သွား၏။

ယို့ကျားကလည်း နောက်မှ ထပ်ကြပ်မကွာ လိုက်ပါသွားလေတော့သည်။

♣ ♣ ♣

ကောင်လေးက မင်းလမ်းမအတိုင်း ခပ်သွက်သွက်ပြေးသွားသည်။

မြို့အနောက်ပိုင်းသို့တိုင် ပြေးသွားပြီးမှ လမ်းကြားကလေးအတွင်းသို့ ချိုးကွေ့ဝင်လိုက်လေသည်။

အားဖုံး သဘောကျစွာ ပြုံးလိုက်သည်။

ခပ်သွက်သွက်လျှောက်သွားပြီး လမ်းကြားကလေးအတွင်းသို့ချိုးကွေ့ဝင်လိုက်လေသည်။

လမ်းကြားကလေးအတွင်း၌ လူရှင်းနေပါ၏။

မလှမ်းမကမ်းတွင် ပြေးလွှားသွားနေသည့် ကောင်လေးကို တွေ့မြင်ရလေသည်။

ကောင်လေးက နောက်လှည့်မကြည့်ဘဲ တစိုက်မတ်မတ် ပြေးလွှားသွားနေဆဲဖြစ်၏။

အားဖုံးက ခေါင်းငိုက်စိုက်ချထားကာ ခြေလှမ်းမှန်မှန်ဖြင့်

လိုက်သွားလေသည်။

သူလိုက်လာသည်ကို ကောင်လေးသိပုံမရချေ။

ထို့ကြောင့် ကျိတ်၍ဝမ်းသာနေမိ၏။

ကောင်လေးသည် လမ်းကြားအလယ်ရှိ ဟောင်းနွမ်းဆွေးမြည့်နေပြီဖြစ်သော အရက်ဆိုင်လေးတစ်ဆိုင်ရှေ့တွင် ရပ်တန့်လိုက်လေသည်။

ထို့နောက် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ပြီး ဆိုင်ထဲသို့စွတ်ခနဲဝင်သွားသည်ကို တွေ့လိုက်ရ၏။

အားဖုံး ပြုံးလိုက်သည်။

ကောင်လေးသည် တစ်စုံတစ်ယောက်နှင့် ဆက်သွယ်တော့မည်ဖြစ်ကြောင်းလည်း ရိပ်မိလိုက်၏။

ထို့ကြောင့် ခပ်သွက်သွက်လျှောက်သွားပြီး အရက်ဆိုင်ကလေးထဲ လှမ်းဝင်လိုက်လေသည်။

ကောင်လေးနှင့် ပတ်သက်နေသူကို အရက်ဆိုင်ထဲဝယ်ကျိန်းသေတွေ့ရလိမ့်မည်ဟု ယုံကြည်ထား၏။

သို့သော် ဆိုင်ထဲရောက်လျှင် အထင်နှင့်အမြင် တက်တက်စင်လွဲမှားသွားကြောင်း တွေ့လိုက်ရ၏။

ဆိုင်ထဲ၌ လူရှင်းနေ၏။

ခါးကုန်းနေပြီဖြစ်သော အဘိုးအိုတစ်ယောက်က စားပွဲခုံ၊ ထိုင်ခုံများအား အဝတ်စတစ်ခုဖြင့် သုတ်နေသည်ကို တွေ့ရ၏။

ဆိုင်ထဲဝင်သွားသည့်ကောင်လေး၏ အရိပ်အယောင်မျှပင် မတွေ့ရတော့ပါချေ။



အားဖုံး မျက်လုံးပြူးသွား၏။

မျက်လုံးဝေ့ကြည့်ကာ ရှာဖွေလိုက်ပါသော်လည်း ကောင်လေးပျောက်ချင်းမလှ ပျောက်သွားပြီတည်း။

အားဖုံး ကြောင်အမ်းအမ်းဖြစ်နေစဉ်...

"အရက် သောက်မလားဟင်"

အဘိုးအို၏စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

အားဖုံး၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

လှည့်ကြည့်လိုက်ရာ အဘိုးအိုက သူ့အားကြည့်နေသည်ကို တွေ့လိုက်ရလေသည်။

အားဖုံး ခံပြင်းသွားသည်။

တစ်စုံတစ်ရာ မှားယွင်းနေပြီဆိုလျှင် ထိုကိစ္စ၌ဆိုင်ရှင်အဘိုးအိုလည်း ပါဝင်ပတ်သက်ရလိမ့်မည်ဟု နားလည်ထား၏။

ထို့ကြောင့် အဘိုးအိုကို စေ့စေ့ကြည့်ကာ....

"ကောင်လေး ဘယ်မှာလဲ"

ဟုမေးလိုက်လေသည်။

အဘိုးအို အံ့သြသွားဟန်ရှိ၏။

အားဖုံးကို နားမလည်နိုင်စွာကြည့်ကာ...

"ကောင်လေး ဟုတ်လား၊ ဘယ်က ကောင်လေးလဲ"

အားဖုံး မကျေမနပ် ဖြစ်သွားလေသည်။

"ခင်ဗျား မသိချင်ဟန်ဆောင်မနေပါနဲ့၊ ကောင်လေးတစ်ယောက် ဒီဆိုင်ထဲဝင်လာတယ်ဆိုတာ ကျုပ်မျက်စိနဲ့ တပ်အပ်တွေ့

လိုက်ရတာပဲ"

"မင်း မင်းဘာတွေ လာပြောနေတာလဲ၊ အရက်သောက်မလို့ လာတာ မဟုတ်ဘူးလား"

အားဖုံး ဒေါပွသွားသည်။

"အရက်ဟုတ်လား၊ ကျုပ်က ဘာလုပ်ရမှာလဲ၊ ခင်ဗျားက ကောင်လေးကိုဖွက်ထားတယ် မဟုတ်လား၊ မှန်မှန်ပြောစမ်း"

"ဘယ်က ကောင်လေး"

အဘိုးအို စကားဆုံးအောင် မပြောလိုက်ရပါချေ။

အားဖုံးက သူ၏အနီးသို့ လျှပ်တပြက်ရောက်ရှိလာခြင်းကြောင့် ဖြစ်သည်။

အားဖုံးက ကြီးမားသောလက်သီးဆုပ်ကြီးကို မြှောက်ပြလိုက်ပြီး...

"ခင်ဗျား မှန်မှန်ပြောမလား မပြောဘူးလား"

ဟုခပ်ထန်ထန် မေးလိုက်သည်။

အဘိုးအိုက...

"ကျုပ်..ကျုပ်က"

"ကောင်လေး ဘယ်မှာလဲ"

"ကျုပ်...ကျုပ်...မသိ"

အားဖုံးသည် အဘိုးအိုကို အော်ငေါက်ယင်း မျက်လုံးအစုံကလည်း ပတ်ဝန်းကျင်ကို မျက်ခြည်မပြတ် အကဲခတ်ကြည့်နေပါသည်။

ထို့ကြောင့် ဆိုင်အနောက်ဘက်သို့ဝင်သည့် တံခါးပေါက်



တစ်ပေါက်ရှိနေကြောင်း တွေ့မြင်သွားသည်။

ကောင်လေးသည် ဆိုင်ထဲဝင်လာပြီး အနောက်ဘက်သို့ တောက်လျှောက်ဝင်သွားမည်ဆိုလျှင် ဆိုင်ထဲ၌ရှာတွေ့မည် မဟုတ်ကြောင်း ဆင်ခြင်မိသည်။

ကောင်လေး ဆိုင်နောက်ဘက်၌ပင် ရှိရမည်ဟု တွက်ဆကာ...

"ကောင်လေးကို ခင်ဗျားဖွက်ထားတယ် မဟုတ်လား"

ဟုမေးလိုက်သည်။

အဘိုးအို ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်..ကျုပ် ဘာမှဖွက်မထားပါဘူး၊ မင်းဘာတွေပြောနေတာလဲ၊ ကျုပ်နားမလည်ပါလား"

ဟုတွင်တွင် ပြောလေသည်။

အားဖုံး စိတ်မရှည်တော့ပါချေ။

"ခင်ဗျား ဘယ်လောက်လိမ်နိုင်မလဲ ကြည့်ကြသေးတာပေါ့"

စကားဆုံးလျှင် အဘိုးအို၏လက်ကို ဆွဲကိုင်လိုက်သည်။

ထို့နောက် ဆိုင်အနောက်ဘက်သို့ တွန်းထိုးခေါ်ဆောင်သွားသည်။

"ဟေ့..ဟေ့..မင်းဘာလုပ်တာလဲ"

အဘိုးအိုက မကျေမနပ်အော်ပြောသော်လည်း အားဖုံးခေါ်ဆောင်ရာနောက်သို့ လိုက်ပါသွားရသည်။

ဆိုင်အနောက်ဘက် တံခါးအနီးသို့ရောက်လျှင်...

"ဝင်စမ်း"

အားဖုံးက တွန်းထုတ်လိုက်သည်။

အဘိုးအိုက...

"မလုပ်ပါနဲ့"

ပြောယင်း အားဖုံး၏လက်ကို ပြန်လည်ဆုပ်ကိုင်လိုက်သည်။

အားဖုံးက အဘိုးအို၏လက်ကို ပုတ်ထုတ်ပစ်ရန် ဟန်ပြင်လိုက်သည်။

သို့သော် အဘိုးအို၏ လက်ချောင်းများကြားမှ ထူးခြားသောအင်အားတစ်ခု ထွက်ပေါ်လာပြီး သူ၏ခန္ဓာကိုယ်တွင်းသို့ စိမ့်ဝင်လာသည်ဟု ခံစားလိုက်ရသည်။

သူအံ့ဩနေစဉ် တစ်ကိုယ်လုံး လှုပ်ရှားမရဘဲ တောင့်တောင့်ကြီး ဖြစ်သွားလေတော့သည်။

သူ၏မျက်လုံးများ ပြူးထွက်လာပြီး အဘိုးအိုကို မယုံကြည်နိုင်စွာကြည့်လိုက်သည်။

အဘိုးအို ပြုံးလိုက်သည်။

အားဖုံး၏လက်ကို ညင်သာစွာ ဖြုတ်လိုက်ပြီး...

"မင်းမဆိုးပါဘူး၊ ဒါပေမယ့် သိပ်ပြီးလောကြီးတာကိုးကွ"

ဟုပြောလိုက်သည်။

သူ၏စကားသံ ပြောင်းလဲသွားချေပြီ။

အဘိုးအိုတစ်ယောက်၏ စကားသံမျိုး မဟုတ်တော့ဘဲ လူငယ်လူရွယ်တစ်ယောက်၏ စကားသံမျိုးအဖြစ် ပြောင်းလဲသွားခြင်းဖြစ်သည်။



အဘိုးအိုက လက်တစ်ဘက်ဝှေ့ယမ်းလိုက်သည်။

သူ၏လက်ထဲ၌ မျက်နှာဖုံးစွပ်တစ်ခု ပါလာသည်။

အဘိုးအို၏ ရုပ်သွင်မှ လူငယ်လေးတစ်ယောက်၏ ရုပ်သွင်ပေါ်ပေါက်လာသည်။

လူငယ်လေး၏မျက်နှာ ပြုံးရွှင်နေသည်။

မျက်လုံးကလေးများ ဝိုင်းစက်ကြည်လင်ကာ မိန်းမချောချောသော လူငယ်တစ်ယောက်ဖြစ်သည်။

အားဖုံးအား စိုက်ကြည့်ကာ...

"ခင်ဗျားက စွန်ရဲကို တွေ့ချင်နေတယ် မဟုတ်လား"

ဟုမေးလိုက်သည်။

အားဖုံးက စကားပြောရန် ကြိုးစားသည်။

သို့သော် သွေးကြောပိတ်ခြင်းခံထားရသဖြင့် စကားမပြောနိုင်ပါချေ။

လူငယ်လေးက...

"ကောင်းပြီ တွေ့ချင်တယ်ဆိုယင် သေသေချာချာကြည့်ထားပေတော့ ခင်ဗျားတွေ့ချင်တဲ့ စွန်ရဲဆိုတာ ကျုပ်ပဲ"

ဟုပြောလိုက်လေသည်။

♣ ♣ ♣

မြို့ပြင်...။

မြို့ပြင်တွင် စိမ်းလန်းစိုပြည်နေသည့် တောအုပ်များ ဖုံးလွှမ်းလျက် ရှိပါသည်။

မြို့ပြင်သို့ရောက်ရှိလာသည်နှင့် ဝမ်းစုက အရှေ့ဘက်သို့ ဦးတည်ကာ ပြေးလွှားသွား၏။

လူယုံတော်ယို့ကျားက နောက်မှလိုက်သွားလေသည်။

သူတို့နှစ်ယောက်သည် ပတ်ဝန်းကျင်ကို မျက်ခြည်မပြတ် အကဲခတ်ကြည့်ကာ ပြေးလွှားသွားကြ၏။

အတော်ကလေးကြာအောင် ပြေးသွားပြီးလျှင် ဝဲဘက်တစ်နေရာ၌ မီးခိုးများထွက်ပေါ်နေသည်ကို တွေ့ရလေသည်။

ဝမ်းစုက...

"မီးခိုးရှိယင် လူရှိမှာပဲ၊ သွားကြည့်ရအောင်"

ဟုပြောလိုက်သည်။

ထို့နောက် မီးခိုးများထွက်ပေါ်လာရာဆီသို့ ဦးတည်ကာ ပြေးလွှားသွားလေသည်။

လူယုံတော်ယို့ကျားလည်း နောက်မှ လိုက်သွား၏။

သစ်ပင်ချုံနွယ်များကို ကွေ့ပတ်ကာ ပြေးလွှားသွားကြရာ တောအုပ်အလယ်ရှိ မြေကွက်လပ်တစ်နေရာသို့ ရောက်ရှိလာကြ၏။

မြေကွက်လပ်ပေါ်တွင် သစ်လုံးအိမ်ကလေးတစ်လုံး ရှိနေသည်။

သစ်လုံးအိမ်ကလေး၏ မီးခိုးခေါင်းတိုင်မှ မီးခိုးများ တလူလူလွင့်တက်နေလေသည်။



ဝမ်းစုက သစ်လုံးအိမ်ကလေးကို သေသေချာချာ အကဲခတ်ကြည့်လိုက်၏။

သစ်လုံးအိမ်ကလေးမှာ မုဆိုးများ အမဲလိုက်ရာ၌ အနားယူအပန်းဖြေရန် ဆောက်လုပ်ထားသည့် အိမ်ကလေးမျိုးဖြစ်လေသည်။

ဤအိမ်ကလေးသည် ဆွန်ရဲအတွက် စခန်းချရန် လွန်စွာမှ အသုံးတည့်နေဟန်ရှိပေတော့သည်။

ဝမ်းစုက...

"ကျုပ်က ရှေ့ကဝင်မယ်၊ ဆရာယို့က အနောက်ဘက်က ဝင်ပါ"

ဟုပြောလိုက်၏။

ဆရာယို့ ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ'

သူတို့နှစ်ယောက် ချက်ချင်းလူခွဲလိုက်ကြသည်။

ဝမ်းစုက သစ်ပင်များကို အကာအကွယ်ယူကာ အိမ်ကလေးနှင့်အနီးဆုံးနေရာသို့တိုင် ချဉ်းကပ်သွား၏။

ယို့ကျားကလည်း ခပ်လှမ်းလှမ်းမှ ကွေ့ပတ်ကာ အိမ်ကလေးဆီသို့ အရောက်သွားလေသည်။

သူတို့နှစ်ယောက်သည် ရွှေကျားအာမခံဌာန တည်ထောင်ကတည်းက လက်တွဲလုပ်ကိုင်လာခဲ့ ကြသူများဖြစ်၏။

ထို့ကြောင့် တစ်ယောက်အကြောင်း တစ်ယောက်ကောင်းစွာနားလည်ထားကြပြီးဖြစ်သည်။

ဝမ်းစုက ရှေ့နောက်နှစ်ဘက်ညှပ်ကာ အိမ်ထဲမှလူအား အမိဖမ်းလိုကြောင်း ယို့ကျားကောင်းစွာ သိထားလေသည်။

ယို့ကျားသည် ခပ်သွက်သွက်လှုပ်ရှားလိုက်ပြီး မြင်ကွင်းမှ ကွယ်ပျောက်သွားလေသည်။

ယို့ကျား အိမ်နောက်ဘက်သို့ ရောက်ရှိသွားလောက်သည် အထိ စောင့်ဆိုင်းနေပြီးမှ ဝမ်စု ခပ်သွက်သွက် လှုပ်ရှားလိုက်၏။

ပတ်ဝန်းကျင်ကို အကဲခတ်ကာ လူရိပ်လူယောင်မမြင်လျှင် အိမ်ကလေးဆီသို့ လျှပ်တပြက် ချဉ်းကပ်သွား၏။

မျက်စိတမှိတ် အချိန်အတွင်း အိမ်ရှေ့တံခါးဘေး သစ်လုံးနံရံတွင် တသားတည်းကျပြေး၍ ကပ်နိုင်ခဲ့လေသည်။

ယို့ကျားကလည်း အနောက်ဘက်မှ တဆင့် ထိုးဖောက်ရန် ကြိုးစားနေပြီဖြစ်ကြောင်းနားလည်ထားလေသည်။

ဝမ်းစုက ခေတ္တခဏ ငြိမ်နေလိုက်သည်။

အိမ်ထဲမှ လှုပ်ရှားသံ ထွက်ပေါ်လာခြင်းမရှိမှ ပြတင်းပေါက်အနီးသို့ ချဉ်းကပ်သွားပြီး အတွင်းဘက်သို့ ချောင်းကြည့်လိုက်လေသည်။

အိမ်ထဲ၌ လင်းလင်းချင်းချင်း ရှိနေပါသည်။

ကြိမ်ထိုးကုလားထိုင် သုံးလေးလုံးနှင့် စားပွဲတစ်လုံး၊ ဗီရိုတစ်လုံးချထားသည်မှအပ အိမ်ရှေ့ခန်းတွင် လူရိပ်လူယောင်မရှိဘဲ ရှင်းရှင်းလင်းလင်း ဖြစ်နေသည်ကို တွေ့ရ၏။

အိမ်ကလေးမှ မီးခိုးများထွက်ပေါ်နေခြင်းကြောင့် ဇွန်ရဲသည်မီးဖိုဆောင်၌ ရှိနိုင်လေသည်။



ဤသို့ဆိုလျှင် အနောက်ဘက်မှ ထိုးဖောက်ဝင်ရောက်နိုင်မည့်ယို့ကျားနှင့် ထိပ်တိုက် ရင်ဆိုင်တိုးမိမည် ဖြစ်လေသည်။

ဝမ်းစု ယို့ကျားအား စိတ်မချပါ။

ပြတင်းတံခါးကို အသာကြိုးစားဖွင့်လိုက်သည်။

"ချက်"

မြည်သံသဲ့သဲ့နှင့်အတူ ပြတင်းပေါက်တံခါးပွင့်သွား၏။

ဝမ်းစုက အတွင်းဘက် အသာလျှိုဝင်လိုက်သည်။

ထိုစဉ် အိမ်အနောက်ဘက်မှ လှုပ်ရှားသံသဲ့သဲ့ ထွက်ပေါ်လာသည်ကို ကြားရလေသည်။

ဝမ်းစု တုန့်ဆိုင်းမနေတော့ဘဲ ခါးမှဓားကို ဆွဲထုတ်ကာ တရကြမ်း ပြေးသွားလေသည်။

အိမ်ရှေ့ခန်းကို ဖြတ်ကျော်ကာ အနောက်ဘက်သို့ ဝင်လိုက်မိသည်နှင့် ခုန်ဝင်လာသည့် လူရိပ်တစ်ခုကို တွေ့မြင်လိုက်ရ၏။

ဝမ်းစုက တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

"လူမှားမယ်"

ရုတ်တရက် ယို့ကျား၏ အော်ဟစ်သံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ဝမ်းစု ရင်ထိတ်သွား၏။

ချက်ချင်းပင် တိုက်ကွက်ကို ရုပ်သိမ်းကာ နောက်ပြန်ဆုတ်လိုက်၏။

ရှေ့သို့ စိုက်ကြည့်လိုက်သောအခါ ယို့ကျားရောက်ရှိလာသည်ကိုတွေ့မြင်ရ၏။

ဝမ်းစု အံ့သြသွားပြီး…

"စွန်ရဲကို တွေ့သလား"

ဟုမေးလိုက်လေသည်။

ယို့ကျား ခေါင်းယမ်းလိုက်၏။

"မတွေ့ဘူး၊ အနောက်ဘက်မှာ သူမရှိဘူး၊ အရှေ့ဘက်မှာကော"

ဝမ်းစု စိတ်ပျက်သွားလေသည်။

"အိမ်ရှေ့မှာလည်း မရှိဘူး"

ဟုပြောလိုက်သည်။

ယို့ကျားက…

"အိမ်ရှေ့မှာကော အိမ်နောက်ဘက်မှာပါ မရှိယင် သူဘယ်ရောက်သွားပြီလဲ"

ဝမ်းစု ပါးစပ်ပိတ်ထားလိုက်သည်။

ယို့ကျားက မကျေမနပ်ဖြင့် အိမ်ထဲလိုက်လံရှာဖွေလေသည်။

တစ်အိမ်လုံး ရှာဖွေသော်လည်း စွန်ရဲ၏အရိပ်အယောင်မျှပင်မတွေ့ရပါချေ။

ယို့ကျား စိတ်ပျက်သွားလေသည်။

ဝမ်းစုက…

"စွန်ရဲမရှိဘဲ မီးခိုးခေါင်းတိုင်က ဘာကြောင့်မီးခိုးထွက်နေရတာလဲ"

ဟုမေးလိုက်၏။



ယို့ကျားက အဖြေမပေးဘဲ အနောက်ဘက်သို့ ညွှန်ပြလိုက်သည်။

ဝမ်းစုက မီးဖိုဆောင်ဘက်ဝင်ကာ စစ်ဆေးကြည့်လိုက်၏။

ထိုအခါမှ လူမရှိဘဲ မီးခိုးထွက်နေရသည့်အဖြစ်ကို သိရှိလိုက်ရလေတော့သည်။

မီးဖိုတွင် ထင်းတုံးများထည့်ထားပြီးမှ မီးဖိုထားခြင်းဖြစ်သည်။

ရေစိုနေသောထင်းမှာ ဘေးမှမီး၊ ၂ိုမီးခဲများ၏ အပူရှိန်ဖြင့် တငွေ့ငွေ့လောက်ကျွမ်းကာ မီးခိုးများ အလိပ်လိုက်ထလာရတော့သည် မဟုတ်ပါလား။

"တောက်…တော်တော်လည်တဲ့ကောင်"

ဝမ်းစု မကျေမနပ် ရေရွတ်လိုက်လေသည်။

ယို့ကျား ပြုံးလိုက်သည်။

"စွန်ရဲ နာမည်ကြီးနေတာ အကြောင်းမဲ့တော့ မဟုတ်ပါလား"

ဟု မျှတ်ချက်ချလိုက်လေသည်။

ဝမ်းစုမှာ ဒေါသထွက်နေသည့်ကြားမှ ရုတ်တရက် တစ်စုံတစ်ခုကို စဉ်းစားလာမိလေသည်။

သူ၏နဖူးကို လက်ဝါးဖြင့်ရိုက်လိုက်ပြီး…

"ဟိုက် ဒုက္ခပဲ"

ဟုညည်းညူလိုက်၏။

ယို့ကျား အံ့သြသွားပြီး…

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ၊ သူက ဒီမှာမရှိဘူးဆိုယင် သူရှိနေမယ့်နေရာဟာ စားသောက်ဆိုင်ပဲပေါ့"

ဝမ်းစုက ဒရေသောပါး ပြောလိုက်၏။

ယို့ကျား မျက်လုံးပြူးသွား၏။

မှန်ပေသည်။

စွန်ရဲသည် သစ်လုံးအိမ်ကလေး၌ရှိမနေလျှင် သူရှိနေနိုင်သည်မှာ နေရာတစ်ခုတည်းသာ ကျန်ပါတော့၏။

စွန်ရဲသည် သူတို့လူစုအား အကွဲကွဲအပြားပြားဖြင့် အားအင်ချည့်နဲ့သွားအောင် ပြုလုပ်ပြီးမှ ပစ္စည်းလုယူဖို့ကြံစည်ထားကြောင်းထင်ရှား၏။

သူတို့ ဤနေရာသို့ ရောက်ရှိနေချိန်ဝယ် စွန်ရဲသည် ကျင်းကျင်းတို့လူစုထံသို့ သွားနေသည်မှာ သေချာလှပေတော့သည်။

♣ ♣ ♣

အားဖုံး ထွက်သွားပြီဖြစ်သည်။

မရှေးမနှောင်းမှာပင် ဝမ်းစုနှင့်ယို့ကျားတို့ ထွက်သွားကြလေသည်။

သူတို့သည် စွန်ရဲအား ဖော်ထုတ်ရန် အပြင်းအထန်ကြိုးစားကြမည်မှာ သေချာလှပေသည်။

စွန်ရဲကြောင့် ကျင်းကျင်း၏လူဆယ်ယောက်အနက် လေး



ယောက်ကို ပြန်လွှတ်လိုက်ရပြီဖြစ်သည်။

ထွက်သွားသည့်အားဖုံးကို ထည့်တွက်မည်ဆိုပါမှ လူဆယ့်နှစ်ယောက် ကျန်ရစ်တော့၏။

ကျန်ဆယ့်နှစ်ယောက်အနက် မိန်းကလေးငါးယောက်အဆိပ်ဖြေဆေးသောက်ထားရသဖြင့် တိုက်ပွဲဖြစ်ပွားလာပါက ပါဝင်တိုက်ခိုက်နိုင်ကြဦးမည် မဟုတ်ပါချေ။

ထို့ကြောင့် ကျင်းကျင်းက ပိုင်ရှင်ထံ အကူအညီတောင်းကာ ဆိုင်ထဲ၌ နေရာချထားပေးပြီး အနားယူ စေခိုင်းထားရသည်။

မြင်းလှည်းမောင်းသည့် မိန်းကလေးနှင့် ကိုယ်ရံတော်ခြောက်ယောက်သာလျှင် ရန်သူရောက်လာပါက ခုခံတိုက်ခိုက်ရန် အသုံးချ၍ရမည် ဖြစ်ပေသည်။

ဝမ်းစုတို့ထွက်သွားသည်နှင့် ကိုယ်ရံတော်ခြောက်ယောက်အား မြင်းလှည်းနံဘေး၌ ဝိုင်းရံစောင့်ကြပ်ရန် စေခိုင်းခဲ့၏။

မြင်းလှည်းမောင်းသည့် မိန်းကလေးမှာ မြင်းလှည်းပေါ်မှ တဖဝါးမှမခွာဘဲထိုင်နေ၏။

ကျင်းကျင်းက မြင်းလှည်းနှင့် မလှမ်းမကမ်းတစ်နေရာတွင် ရပ်နေလိုက်၏။

မကြာမီ သူမထံသို့ အားဖုံး သို့မဟုတ် ဝမ်းစုနှင့်ယို့ကျားတို့ ပြန်လည်ရောက်ရှိလာကြမည် ဖြစ်သည်။

သူတို့ ရောက်မလာလျှင် ရောက်လာမည့်သူမှာ စွန်ရဲသာ ဖြစ်ပေလိမ့်မည်။

ကျင်းကျင်းက လမ်းမပေါ်သို့ မျှော်ကြည့်လိုက်လေသည်။

ထိုစဉ် လမ်းမအတိုင်း သူ့ထံသို့ လူငယ်တစ်ယောက် လှမ်းလာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ကျင်းကျင်း မျက်မှောင်ကြုတ်သွား၏။

လူငယ်ကို တစ်ချက်အကဲခတ်လိုက်ပြီး လူငယ်ကိုကျော်ကာ လမ်းမပေါ်သို့ ဆက်၍မျှော်ကြည့်လိုက်၏။

ကျင်းကျင်း မျက်မှောင်ကြုတ်သွား၏။

ယခုအကြိမ် သူမ၏အကြည့်မှာ လူငယ်ထံမှ လွှဲဖယ်၍မရပါတော့ချေ။

သူမ စောင့်ကြည့်နေစဉ်မှာပင် လူငယ်သည် တဖြည်းဖြည်း နီးကပ်လာလေသည်။

လူငယ်၏မျက်နှာ ပြုံးရွှင်နေ၏။

ချောမောခန့်ညားသော လူငယ်တစ်ယောက်ဖြစ်လေသည်။

ကျင်းကျင်းက လက်ကာပြလိုက်ပြီး...

"ရှင် ဘယ်သွားမလို့လဲ"

ဟု လှမ်းမေးလိုက်သည်။

မှန်ပေသည်။

လူငယ်ဆက်သွားမည်ဆိုပါက သူမအား ကျော်ဖြတ်ကာ မြင်းလှည်းဆီသို့ ရောက်ရှိသွားတော့မည် ဖြစ်ပေသည်။

လူငယ်ခြေလှမ်း တုန့်ခနဲ ရပ်သွား၏။

ကျင်းကျင်းအား ပြုံးပြလိုက်ပြီး..

"ခင်ဗျားတို့က ခရီးသည်တွေမဟုတ်လားဗျာ၊ အနောက်ဘက် မန္တိုမဒေသ ကို ခရီးထွက်ကြမလို့ မဟုတ်လား၊ ရန်ကြူးမြို့ကို ရောက်မယ်ဆိုယင် ကျုပ်လည်း လမ်းကြုံလိုက်ပါရစေ"

ဟု ပြောလိုက်လေသည်။



ကျင်းကျင်း ခေါင်းယမ်းလိုက်သည်။

"ဝမ်းနည်းပါတယ်ရှင်၊ ကျွန်မတို့က ရန်ကြူးမြို့ကို ရောက်နိုင်စရာအကြောင်းမရှိပါဘူး၊ ပြီးတော့ မိတ်ဆွေတွေကို စောင့်ရသေးတာမို့ အခုလောလောဆယ် ခရီးထွက်ဖြစ်ဦးမှာ မဟုတ်ပါဘူး"

လူငယ်က...

"သြော် လမ်းမကြုံယင်လည်း ကိစ္စမရှိပါဘူး၊ ဒီနယ်တဝိုက်မှာ စွန်ရဲဆိုတဲ့ ဓားပြကြီးတစ်ယောက် သောင်းကျန်းနေတာကြောင့် တစ်ယောက်ထဲ ခရီးသွားရတာ စိတ်မချဘူးဖြစ်နေလို့ပါ။ တကယ်လို့ ရန်ကြူးမြို့ကို မရောက်ယင်လည်း ကျောက်ဖြူလမ်းဆုံကို မရောက်နိုင်ဘူးလားဗျာ၊ ကျုပ်က အဲဒီဘက်ရောက်ယင်လည်း လမ်းကြုံပါတယ်"

ကျင်းကျင်းက လက်မခံချေ။

"ဝမ်းနည်းပါတယ်ရှင်၊ ကျောက်ဖြူလမ်းဆုံဘက်ကိုလည်း ကျွန်မတို့ရောက်မှာ မဟုတ်ပါဘူးရှင်"

"ဒါဆို ဘယ်ကိုရောက်မလဲ ပြောပါဗျာ"

"ရှင်က ဘာလုပ်မလို့လဲ"

ကျင်းကျင်းက အချက်ကျကျ ပြန်မေးလိုက်သည်။

လူငယ်က ရယ်မောလိုက်သည်။

"ရှင်းရှင်းပြောရယင် ကျုပ်က သည်နယ်ကိုကုန်ရောင်းမယ်း

စွန်ရဲနဲ့တွေ့လို့ ပါသမျှ အကုန်ပြောင်သွားတယ်လေ၊ ထမင်းစားရိတ် တောင်မကျန်တော့ဘူး၊ ဆိုပါတော့ဗျာ၊ ဒါကြောင့် ခရီးသွားလမ်းကြုံ မိတ်ဆွေဖွဲ့ပြီး လိုက်ချင်လို့ပါ၊ နို့မဟုတ်ယင် အိမ်ရောက်တဲ့အထိ လမ်းလျှောက်ပြန်ရတော့မှာ သေချာတယ်"

ကျင်းကျင်းက…

"ရှင်က လမ်းကြုံလိုက်ချင်တယ် ဆိုပါတော့"

"ဟုတ်ပါတယ်"

"ရှင်က ဘယ်ကိုသွားမလို့လဲ"

"အနောက်ဘက်ကိုပါ"

အမှန်ဆိုလျှင် အနောက်ဘက်သို့ သွားရန် လမ်းကြုံလေသည်။

မည်သို့ဆိုစေ တစိမ်းတရံစာ တစ်ယောက်အား လမ်းကြုံ ခေါ်ဆောင်သွားနိုင်သည့် အခြေအနေမရှိချေ။

ထို့ကြောင့် ခေါင်းယမ်းကာ ငြင်းပယ်လိုက်လေသည်။

"ဝမ်းနည်းပါတယ်ရှင်၊ ကျွန်မတို့လည်း အရေးကြီးတဲ့ကိစ္စ ရှိနေတာမို့ လမ်းကြုံခေါ်သွားလို့ မဖြစ်နိုင်ပါဘူး"

"ကျုပ်ကို ဘယ်လိုမှ မကူညီနိုင်တော့ဘူးလားဗျ"

လူငယ်က အကူအညီတောင်းသည့်လေသံဖြင့် ပြောလေသည်။

ကျင်းကျင်းက…

"တစ်ခုတော့ရှိပါတယ်၊ ရှင်က လက်ခံမယ်ဆိုယင် စားရိတ် အနည်းအကျဉ်းပေးလိုက်နိုင်ပါတယ်ရှင်"



လူငယ် ... လက်ကာပြလိုက်လေသည်။

"ကျေးဇူးတင်ပါတယ်ဗျာ၊ ငွေကိုတော့ လက်မခံပါရစေနဲ့ ကျုပ်ကိုခွင့်ပြုပါဦး"

စကားဆုံးလျှင် ချာခနဲလှည့်ကာ ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

ကျင်းကျင်းက….

"ခဏနေပါဦးရှင်"

ဟု ဟန့်တားလိုက်သည်။

လူငယ် ခြေလှမ်းတုန့်ခနဲ ရပ်သွား၏။

ကျင်းကျင်းကို လှည့်လိုက်ပြီး…

"ခင်ဗျားရဲ့ စိတ်သဘောထား ပြောင်းလဲသွားပြီလားဗျာ"

ဟုမေးလိုက်သည်။

ကျင်းကျင်း ခေါင်းယမ်းလိုက်၏။

"ကျွန်မ သဘောထားပြောင်းလဲသွားလို့ မဟုတ်ဘူး၊ ရှင့်ကို မေးစရာရှိလို့ပါ"

"ကျုပ်ကို မေးစရာရှိတယ် ဟုတ်လား"

"ဟုတ်ပါတယ်ရှင်"

"ဘာများ မေးမလို့ပါလိမ့်"

"ရှင်က စွန်ရဲနဲ့ တွေ့ခဲ့တယ်ဆိုတာ တကယ်ပဲလား"

"ဟား…ဟား…ဟား"

လူငယ် သဘောကျစွာ ရယ်မောလိုက်လေသည်။

ကျင်းကျင်း ကြောင်အမ်းအမ်း ဖြစ်သွားပြီး…

"ရှင် ဘာရယ်တာလဲ"

"ဩော် ခင်ဗျားပြောတာကို သဘောကျလို့ပါ"

"ဘာရှင့် ကျွန်မမေးတဲ့စကားမှာ ရယ်စရာမပါဘူး ထင်ပါတယ်"

လူငယ် ခေါင်းညိတ်လိုက်လေသည်။

"မှန်ပါတယ်ဗျာ၊ ရယ်စရာမပါပါဘူး၊ ဒါပေမယ့် စွန်ရဲကြောင့် ချူးတစ်ပြားမှမရှိတော့တဲ့ ကျုပ်ကတော့ ငိုအားထက်ရယ်အားသန်စရာ ဖြစ်နေပြီပေါ့ဗျာ၊ စွန်ရဲနဲ့သာ မတွေ့ခဲ့ယင် ခင်ဗျားနဲ့လည်း တွေ့စရာအကြောင်း မရှိတော့ပါဘူး၊ အခုအချိန်လောက်ဆိုယင် ကျုပ်အိမ်ပြန် ရောက်နေလောက်ရောပေါ့ဗျာ"

ကျင်းကျင်းက စုံစမ်းလိုက်လေသည်။

"စွန်ရဲနဲ့တွေ့ခဲ့တယ်ဆိုတော့ သူက ဘယ်လိုလူစားမျိုးဆိုတာ ရှင်ပြောပြနိုင်မလား"

"ဘာဖြစ်လို့လဲဗျ"

"ဩော် စွန်ရဲရဲ့သတင်းက ကြီးလွန်းနေတော့ ကျွန်မသိထားချင်လို့ပါရှင်"

လူငယ်၏ မျက်နှာတည်သွားလေသည်။

သက်ပြင်းတစ်ချက် ချလိုက်ပြီး...

"စွန်ရဲဟာ တကယ်တော့ ကျော်ကြားတဲ့ လူတစ်ယောက်ပါဗျာ၊ သူဟာ သည်နယ်တဝိုက်မှာ ကျင်လည်ကျက်စားတယ်၊ သည်နယ်ကဖြတ်သွားတဲ့ ကုန်သည်ပွဲစားတွေဆီက ရသမျှလုယူတယ်၊ လုယူတဲ့ဟာတွေကို ဆင်းရဲနွမ်းပါးတဲ့ သူတွေကို ပြန်ပြီးခွဲဝေပေးတယ်ဗျ၊ အဲ သူက ဝိသမလောဘသားတွေကိုသာ လုယူတာနော်၊ ရိုးရိုးသားသား လုပ်ကိုင်စားသောက်ကြတဲ့ ကုန်သည်ပွဲစားတွေဆိုယင် လက်ဖျားနဲ့တောင် မတို့ဘူး"



ကျင်းကျင်းက ပြုံးလိုက်သည်။

"သည်အတိုင်းဆိုယင် ရှင်ဟာလည်း မရိုးမဖြောင့်တဲ့အလုပ်နဲ့ စီးပွားရှာတဲ့လူတစ်ယောက် ဖြစ်နေမှာပေါ့"

လူငယ်က ကပျာကယာ လက်ကာပြလိုက်လေသည်။

"သည်လိုတော့ မစွပ်စွဲလိုက်ပါနဲ့ဗျာ၊ ကျုပ်ကရိုးရိုးသားသားလုပ်ကိုင်စားသောက်တဲ့လူပါ၊ တစ်ယောက်ယောက်က ကျုပ်အကြောင်းမသိဘဲ အမှားမှားအယွင်းယွင်း ပြောလိုက်ပါလိမ့်မယ်၊ နို့မဟုတ်ယင်တော့ စွန်ရဲက ကျုပ်ကိုဒုက္ခပေးမယ် မထင်ပါဘူး"

"ရှင်ကလည်း စွန်ရဲကို ရိုသေလေးစားတယ်ပေါ့"

"သူဟာ တကယ်ကို လေးစားစရာကောင်းတဲ့လူဆိုတော့ လေးစားရတာပေါ့ဗျာ"

"ကဲ ပြောစမ်းပါဦး၊ သူ့ကိုတွေ့ဖူးတယ်ဆိုတော့ လယ်လိုပုံပန်းသဏ္ဌာန်ရှိလဲ၊ သူ့ရဲ့မျက်နှာကိုရော မြင်ခဲ့ရသလား"

ကျင်းကျင်းက မေးလိုက်သည်။

စွန်ရဲအကြောင်း တတ်နိုင်သရွေ့ စုံစမ်းမည်ဟု စိတ်ထဲတေးမှတ်ထားလေသည်။

လူငယ်က...

"ဟာ မှတ်မိပြီလားဗျာ၊ စွန်ရဲဟာ တကယ်ကို ယောကျ်ားပီသတဲ့လူဗျ၊ ဗလကောင်းတယ်၊ ထွားကျိုင်းတယ်၊ တော်ရုံတန်ရုံလူ

ဆိုယင် သူ့ကိုတွေ့တာနဲ့ ကြောက်ဒူးတုန်သွားမှာပဲ"

ကျင်းကျင်းက စွန်ရဲ၏ပုံကို စိတ်ထဲပုံဖော်ကြည့်မိလေသည်။

စွန်ရဲသည် မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေး ရှည်လျားစွာရှိပြီး လွန်စွာမှပင် ထွားကျိုင်းသန်မာသူဖြစ်နိုင်ပေသည်။

ကျင်းကျင်းက မဲ့ပြုံးပြုံးကာ...

"သူက ရှင့်ပစ္စည်းတွေကို လုယူပြီး ရှင့်ကိုအသက်ချမ်းသာပေးလိုက်တယ်ပေ့ါ ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ၊ ခင်ဗျားမကြားဖူးဘူးထင်တယ်၊ စွန်ရဲက ပစ္စည်းသာယူတာ လူကိုတော့ မသတ်ဘူးဆိုတာလေ"

"ကျွန်မ အခုမှပဲ ကြားရတော့တယ်၊ ဒီလိုဆိုယင် စွန်ရဲက ဘယ်ဆိုးလို့တုန်းရှင့်"

"ဒါကြောင့် သူ့ကိုချီးကျူးစရာကောင်းတဲ့ လူတစ်ယောက်လို့ပြောနေကြတာပေ့ါဗျာ"

"သည်နယ်က လူတွေ ချီးကျူးကြတာပဲဖြစ်မှာပါ၊ စွန်ရဲကသူတို့အတွက် အကူအညီရနေတာကိုး၊ ကျွန်မကတော့ စွန်ရဲကို ဘယ်တော့မှ မချီးကျူးဘူးရှင့်"

ကျင်းကျင်းက ခပ်တည်တည် ပြောလိုက်လေသည်။

လူငယ်က...

"ဒါက ခင်ဗျား သဘောအတိုင်းပါပဲဗျာ၊ ကဲ ခင်ဗျားက ကျုပ်ကိုမကူညီနိုင်ဘူးဆိုယင် ကျုပ်က စွန်ရဲဆီကိုပဲ ပြန်သွားရတော့မယ်"



"စွန်ရဲဆီကို ပြန်သွားမယ် ဟုတ်လား"

"ဟုတ်တယ်လေ"

"ဘာသွားလုပ်မှာလဲ"

"သူက ကျုပ်ကို အထင်လွဲပြီး ကျုပ်ရဲ့ပစ္စည်းတွေကို လုယူသွားတာမို့ ပြန်ပေးဖို့ အကျိုးအကြောင်း ရှင်းပြရမှာပေ့ါ"

"သူက လက်မခံဘဲ ရှင်းပစ်လိုက်မယ်ဆိုယင်ကော"

"ဒီအတွက်တော့ မပူပါနဲ့ဗျာ၊ စွန်ရဲဟာ ဘယ်တော့မှ လူမသတ်ဘူးဆိုတာ လူတိုင်းသိကြတာပဲ၊ သူက ပြန်မပေးဘူးဆိုယင် ဘယ်တတ်နိုင်မလဲ လှည့်ပြန်ရုံရှိတာပေ့ါ၊ ကျုပ်အတွက် ဘာမှနစ်နာသွားစရာအကြောင်း မရှိပါဘူး"

မှန်ပေသည်။

စွန်ရဲက ဒုက္ခမပေးဟုဆိုလျှင် သွားရောက်တွေ့ဆုံကာအဖြစ်မှန်ကို ပြောပြလိုက်ခြင်းဖြင့် ပြေလည်သွားနိုင်ပေသည်။

မပြေလည်လျှင်လည်း လက်လျှော့ကာ ပြန်လာဖို့သာရှိသည်။

ယခုထက်ပိုပြီး ဒုက္ခရောက်သွားစရာလမ်း မရှိပါ။

ကျင်းကျင်းက...

"ရှင်က သူ့ကိုသွားတွေ့မယ်ဆိုတော့ သူဘယ်မှာရှိတယ်ဆိုတာ သိထားလို့လား"

ဟုမေးလိုက်သည်။

စကားများစွာ ပြောပြီးမှ အငိုက်ဖမ်းကာ မေးလိုက်ခြင်းဖြစ်လေသည်။

လူငယ်ကလေးက…

"သူ့ကိုတွေ့ချင်တယ်ဆိုယင် မြို့ဦးက ဘုံကျောင်းမှာသွားရှာယင် တွေ့နိုင်တယ်လို့ တချို့ကပြောကြတာပဲ၊ ဒါကြောင့် ကျုပ်က သွားရှာမယ်လို့ စိတ်ကူးထားတာ"

"မြို့ဦးက ဘုံကျောင်း ဟုတ်လား"

"ဟုတ်တယ်လေ"

ကျင်းကျင်း အနည်းငယ် စဉ်းစားလိုက်ပြီးမှ…

"ထားပါတော့လေ၊ ရှင်က သူ့ဆီကိုသွားပြီး ပစ္စည်းပြန်တောင်းပေါ့၊ တကယ်လို့ ပြန်မရဘူးဆိုယင် ဘာမှမပူနဲ့၊ ရှင့်ကိုကျွန်မတို့ ခရီးကြုံခေါ်သွားမယ်"

ဟုပြောလိုက်လေသည်။

ထိုစကားကြားလျှင် လူငယ်လေး ဝမ်းသာသွားပုံရလေ၏။

"ကျေးဇူးတင်လိုက်တာဗျာ၊ ကျုပ်အတွက် နစ်နာစရာလမ်းမရှိတော့ဘူးပေါ့၊ ခင်ဗျားတို့ သည်မှာပဲ ရှိကြမယ်မဟုတ်လား၊ ကျုပ်က သူနဲ့သွားတွေ့လိုက်ဦးမယ်၊ နောက်မှ ပြန်ဆုံကြသေးတာပေါ့"

လူငယ်ကလေးကပြောပြီး ထွက်သွားလေသည်။

ကျင်းကျင်း ပြုံးလိုက်လေသည်။

သူ၏ကိုယ်ရံတော်ခြောက်ယောက်ရှိသည့်အနက် နှစ်ယောက်ကိုစေလွှတ်ကာ အခြေအနေကြည့်ခိုင်းလျှင် ကောင်းမည်ဟု တွေးမိသည်။

လူငယ် ခပ်လှမ်းလှမ်းသို့ရောက်သွားသည်နှင့် ကိုယ်ရံတော်ခြောက်ယောက်ဘက်သို့ လှည့်လိုက်သည်။



ကိုယ်ရံတော်ခြောက်ယောက်ကလည်း သူမခိုင်းစေမည်ဆိုလျှင် ချက်ချင်းဆောင်ရွက်နိုင်ရန် အဆင်သင့်ပြင်ထားကြပါသည်။

ကျင်းကျင်းက…

"ကျားညီနောင်"

ဟုခေါ်လိုက်လေသည်။

သူမ၏စကားအဆုံးတွင် လူနှစ်ယောက်ရှေ့သို့ထွက်လာကြသည်။

ထိုနှစ်ယောက်မှာ ကျားကြီးနှင့်ကျားလေးဟု အမည်ရှိသူများဖြစ်ကြလေသည်။ ကျင်းကျင်းက…

"ရှင်တို့ညီနောင်က သူ့နောက်ကိုနောက်ယောင်ခံလိုက်သွား ရလိမ့်မယ်၊ သူဘာလုပ်တယ်၊ ဘယ်သူနဲ့သွားတွေ့တယ်ဆိုတာ သိရအောင်ကြိုးစားပါ၊ တကယ်လို့ သူက စွန်ရဲနဲ့တွေ့နေပြီဆိုယင် ကျွန်မဆီကို ချက်ချင်းသတင်းပြန်ပို့ပါ"

ဟုအမိန့်ပေးလိုက်လေသည်။

ကျားညီနောင် ခေါင်းညိတ်လိုက်ကြသည်။

"ကောင်းပါပြီ သခင်မလေး"

"ကဲ သွားကြပေတော့"

ကျားညီနောင်သည် လူငယ်နောက်သို့ တိတ်တဆိတ် လိုက်ပါသွားကြလေတော့သည်။

♣ ♣ ♣

လူငယ်ကလေးက ခပ်သုတ်သုတ် လျှောက်သွားနေ၏။

စားသောက်ဆိုင်မှ ထွက်လာပြီး မြို့ဦးဘုံကျောင်းသို့ ရောက်သည့်တိုင် တစ်ချက်ကလေးမျှပင် နောက်လှည့်မကြည့်ခဲ့ချေ။

ထို့ကြောင့် ကျားညီနောင်က မျက်ခြည်မပြတ် စိတ်ချလက်ချလိုက်သွားနိုင်ခဲ့လေသည်။

လူငယ်လေးသည် မြို့ဦးဘုံကျောင်းအတွင်းသို့ ခပ်သွက်သွက်လှမ်းဝင် ပျောက်ကွယ်သွားသည်။

ကျားညီနောင် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။ ကျားကြီးက...

"ဘုံကျောင်းထဲကို လိုက်သွားမှထင်တယ်"

ဟု ပြောလိုက်လေသည်။

ကျားလေးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဘခင်မလေးက မျက်ခြည်မပြတ် လိုက်သွားရမယ်လို့ ပြောထားတာပဲ"

သူတို့နှစ်ယောက် ဘုံကျောင်းအတွင်းဘက်သို့ ခပ်သွက်သွက် ပြေးဝင်သွားကြလေသည်။

ဘုံကျောင်းတဝိုက် လူသူကင်းရှင်းနေပါသည်။

ဘုံကျောင်းအတွင်းသို့ရောက်လျှင် ကျားညီနောင် ခြေလှမ်းတုန့်ခနဲရပ်သွားကြလေသည်။

အကြောင်းကား သူတို့ရှေ့မှ ဝင်သွားသည့်လူကလေးအား မတွေ့ရတော့ခြင်းကြောင့် ဖြစ်ပေသည်။

ကျားကြီးက...



"ဟိုကောင်လေး ဘယ်ရောက်သွားပြီလဲ"

ဟု လွှတ်ခနဲ ရေရွတ်လိုက်သည်။

ကျားလေးက ခေါင်းညိတ်လိုက်သည်။

"ကျုပ်တို့ ထပ်ကြပ်မကွာ လိုက်ဝင်ခဲ့တာပဲ၊ အနောက်ဘက်ထွက်ပေါက်ကများ ထွက်သွားသလား မသိဘူး"

"လာ တို့မြန်မြန်သွားကြည့်ရအောင်"

ဘုံကျောင်းအနောက်ဘက် ရောက်သွားလျှင် တံခါးပေါက်နှစ်ပေါက်ရှိနေသည်ကို တွေ့ရသည်။

ကျားညီနောင် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြသည်။ ကျားကြီးက..

"ညီလေး မင်းကဝဲဘက်ကိုသွား၊ ငါက ယာဘက်ကိုသွားမယ်၊ တစ်ခုခု ထူးခြားယင် ချက်ချင်းအော်ပြောလိုက်"

ဟုပြောလိုက်သည်။

ကျားလေး သဘောတူလိုက်သည်။

"ကောင်းပြီလေ"

သူတို့နှစ်ယောက် လူချင်းခွဲလိုက်ကြသည်။

ကျားလေးက ဝဲဘက်တံခါးဘက်သို့ ခပ်သွက်သွက်ဝင်သွားသလို ကျားကြီးက ယာဘက်တံခါးပေါက်ဆီသို့ ခပ်သွက်သွက်ပြေးဝင်သွားလေသည်။

ကောင်လေးနောက်သို့ခြေရာခံလိုက်သွားသည့် အားဖုံးမှာ အချိန်တန်သည့်တိုင် ပြန်ရောက်မလာသဖြင့် တစ်စုံတစ်ခု မှားယွင်းနေပြီဖြစ်ကြောင်း နားလည်ထားကြသည်။

ထို့ကြောင့် မပေ့ါဆတ့်ကြပါချေ။

နှစ်ယောက်သား လှုချင်းခွဲကာ ဝင်သွားကြပြီး မျက်ခြည်မပြတ်အကဲခတ် ကြည့်လိုက်ကြသည်။

ကျားကလေးက အတွင်းဘက် ခုန်ဝင်သွားပြီး ချက်ချင်းရပ်တန့်လိုက်ရသည်။

အကြောင်းကား သူဝင်သွားသည့် အခန်းတွင်း၌ လူငယ်ကိုလုံးဝမတွေ့ရခြင်းကြောင့် ဖြစ်လေသည်။

ကျားကြီးဝင်သွားသည့် အခန်းတွင်း၌ လူငယ်ရှိနေမည်ဟုတွေးမိလိုက်သည်။

ချက်ချင်း ပြန်လှည့်ထွက်ရန် ဟန်ပြင်လိုက်စဉ်မှာပင် အရှေ့ဘက်တစ်နေရာ၌ လူရိပ်တစ်ခု လှုပ်ရှားသွားသည်ကို တွေ့မြင်လိုက်ရသည်။

ကျားလေး ရင်ထိတ်သွားသည်။

"လူငယ် များလား"

တွေးကာ ရှေ့သို့ ခပ်သွက်သွက်ကလေးလှမ်းသွားလိုက်၏။

လူရိပ်ကား ပျောက်ကွယ်သွားချေပြီ။

ကျားလေးရင်ထဲ စိုးရိမ်ကြောင့်ကျမှုများ ဖြစ်ပေါ်လာသည်။

ကျားကြီးအား အော်ခေါ်လိုက်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်...

"စွန်ရဲကို တွေ့သလားဗျာ"

စကားသံ တစ်ချက်ထွက်ပေါ်လာသည်ကို ကြားလိုက်ရ



လေသည်။ ကျားလေး မျက်လုံးပြူးသွားသည်။

ချာခနဲလှည့်လိုက်သည်။

ထိုအခါ သူ၏အနောက်ဘက်၌ ရောက်နေသူမှာ သူတို့ ခြေရာခံလိုက်လာသည့် လူငယ်လေးဖြစ်နေသည် မဟုတ်ပါလား။

လူငယ်ကလေးက အတွင်းခန်းသို့ သူတို့ရှေ့မှဝင်သွားသည်ကို မျက်စိနှင့် တပ်အပ်တွေ့မြင်ခဲ့ရသည်။

ယခု တဖန် သူ၏အနောက်ဘက်၌ ရောက်နေသည်ကိုတွေ့မြင်ရပြန်သည်။

ကျားလေးရင်ထဲ လှုပ်ရှားသွားသည်။

ကျင်းကျင်းပြောသလို လူငယ်လေးမှာ ထူးဆန်းလျှို့ဝှက်သူဖြစ်ကြောင်း သတိပြုမိလိုက်သည်။

"စွန်ရဲကို တွေ့သလားဗျာ"

လူငယ်လေး၏စကားသံ ထွက်ပေါ်လာပြန်သည်။

သူက ပြုံးရွှင်ချိုသာသော မျက်နှာထားဖြင့် မေးနေခြင်းဖြစ်ပေသည်။

ကျားလေး တွေဝေသွားသည်။

လူငယ်လေးသည် စွန်ရဲကို လိုက်လံရှာဖွေနေသူဖြစ်ရမည်ဟု တွက်ဆမိသည်။

"စွန်ရဲ ဟုတ်လား"

ဟုပြန်မေးလိုက်သည်။ လူငယ်လေးက...

"ဟုတ်ပါတယ်ဗျာ၊ စွန်ရဲကို တွေ့သလားလို့မေးတာပါ"

"မတွေ့ဘူး၊ ခင်ဗျား သူ့ကိုတွေ့ချင်လို့ လိုက်ရှာနေတာ

မဟုတ်လား”

လူငယ်လေး ခေါင်းယမ်းလိုက်သည်။

“ကျုပ်က လိုက်ရှာတာ မဟုတ်ဘူး”

“ဘာ”

“ခင်ဗျားက စွန်ရဲကို လိုက်ရှာနေတယ်ဆိုတာ ကျုပ်သိပါတယ်၊ ဒါကြောင့် တွေ့ပြီလားလို့မေးတာပါ၊ မတွေ့သေးယင် ကျုပ်ပြောပြမလို့ပါ”

“ဘာ”

“ကျုပ် ပြောပြမယ်လေ”

ကျားလေး ကြောင်အမ်းအမ်း ဖြစ်နေ၏။

လူငယ်ကို နားမလည်စွာကြည့်နေမိ၏။

လူငယ်လေးက ပြုံးလိုက်ပြီး...

“ခင်ဗျားက စွန်ရဲကို မတွေ့ချင်ဘူးလား”

ဟုမေးလေသည်။

ကျားလေးက မဲ့ပြုံးပြုံးကာ...

“စွန်ရဲက ဘယ်မှာလဲ”

လူငယ်လေးက ခေါင်းညိတ်လိုက်သည်။

“ခင်ဗျားသိချင်ယင် ပြောပြပါမယ်၊ စွန်ရဲက သည်မှာပါ”

လူငယ်လေး တစ်နေရာကိုညွှန်ပြလိမ့်မည်ဟု ကျားလေးထင်မှတ်မိလေသည်။

သို့သော် သူ၏အထင် တက်တက်စင်လွဲသွား၏။

သူလုံးဝမမျှော်လင့်သည့် မြင်ကွင်းကို တွေ့မြင်လိုက်ရသည်



မဟုတ်ပါလား။

လူငယ်လေးက သူ၏ရင်ဝသို့ လက်ညှိုးဖြင့် ပြန်လည်ညွှန်ပြလိုက်ခြင်း ဖြစ်ပေသည်။

“မင်း...မင်း”

“ဟဲ...ဟဲ...ဟဲ...ကျုပ်က စွန်ရဲပါပဲဗျာ”

လူငယ်လေးသည် စကားဆုံးသည်နှင့် လျှပ်တပြက် ရှေ့သို့တိုးကပ်လာလေသည်။ ကျားလေး ချက်ချင်းသတိဝင်လာသည်။

အားဖုံး ပြန်ရောက်မလာသည်မှာ အဘယ်ကြောင့်ဆိုသည်ကိုလည်း ဆင်ခြင်လာမိသည်။

သူက အားဖုံးမဟုတ်ပါ။

ချက်ချင်း ဓားဆွဲထုတ်ကာ တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ထိုအချိန်တွင် လူငယ်လေးမှာ သူ့အနီးသို့ရောက်လာပြီဖြစ်သည်။ ကျားလေး တိုက်ခိုက်ခြင်းမပြုမီ လက်တစ်ဘက်ဆန့်ထုတ်ကာ သွေးကြောထိုးပိတ်လိုက်၏။

“အား”

အခန်းတွင်းဝယ် ကျားလေး၏အသံ စူးရှစွာ ထွက်ပေါ်လာသည်။

ထို့နောက် လုံးဝ တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။

♣ ♣ ♣

စူးရှသောအသံတစ်ချက် ထွက်ပေါ်လာသည်။

ကျားကြီး ခြေလှမ်း တုန့်ခနဲရပ်သွား၏။

မျက်မှောင်ကြုတ်ကာ နားစွင့်လိုက်သည်။

နောက်ထပ် အော်ဟစ်သံ မကြားရတော့ချေ။

ကျားကြီး ရင်ထိတ်သွားပြီး…

"ကျားလေး"

ဟုခေါ်လိုက်သည်။

သူကြားလိုက်သည့်အသံမှာ ကျားလေး၏အသံဖြစ်သည်ဟု ထင်မိနေသည် မဟုတ်ပါလား။

ချက်ချင်းပြေးထွက်လာပြီး ကျားလေးဝင်သွားသည့် အခန်းတွင်းသို့ ပြေးဝင်လိုက်လေသည်။

အခန်းတွင်းသို့ ရောက်သည်နှင့် ကျားလေးအား တွေ့မြင်လိုက်ရလေသည်။

ကျားလေးက အခန်းအလယ်တွင် မလှုပ်မယှက် ရပ်နေ၏။

ကျားကြီးက…

"ညီလေး မင်းဘာဖြစ်လို့လဲ"

ဟုလှမ်းမေးလိုက်၏။

ကျားလေး မလှုပ်မယှက်ရပ်နေပြီး စကားပြန်မပြောချေ။

ကျားကြီးက…

"ညီလေး ငါပြောနေတာ ကြားရဲ့လား၊ စောစောက မင်း အော်လိုက်တာလား"

ကျားလေးထံမှ တုန့်ပြန်စကားသံ မကြားရချေ။



ကျာ ကြီး မျက်မှောင်ကြုတ်သွား၏။

"ညီလေး"

ခေါ်ယင်း ခပ်သွက်သွက်လှမ်းသွား၏။

ကျားလေးကား တောင့်တောင့်ကြီး ရပ်နေ၏။

မျက်လုံးအစုံ ပြူးကျယ်နေပြီး အခန်းတံခါးပေါက်ဆီသို့ ငေးမျှော်ကြည့်နေသည်။

ကြည့်သာကြည့်နေသော်လည်း ဘာတစ်ခုမျှ မြင်ပုံမရချေ။

ကျားကြီးမှာ အခြေအနေကို နားလည်သဘောပေါက်သွားလေသည်။

"ညီလေး မင်း သွေးကြောပိတ်ခံနေရတာလား"

မေးယင်း ကျားလေး၏ပခုံးကို လှမ်းကိုင်လိုက်လေသည်။

ထိုစဉ်မှာပင် ကျားလေး၏ဝဲဘက်လက်မောင်းအောက်မှ လက်တစ်ဘက် ထွက်ပေါ်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ကျားကြီး အံ့သြသွားလေသည်။

ချက်ချင်း နောက်ဆုတ်ရန်ဟန်ပြင်လိုက်၏။

သို့သော် သူနောက်ကျသွားပြီ။

ကျားလေး၏ နောက်ကျောဘက်မှ ရုတ်တရက်ထွက်ပေါ်လာသည့်လက်က ကျားကြီး၏ပခုံးကို ဆုပ်ကိုင်လိုက်လေသည်။

ကျားကြီးက…

"ဘယ်သူလဲ"

အော်ငေါက်ယင်း ခုခံတိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။ မည်သို့ဆိုစေ သူ့အတွက် နောက်ကျနေပြီဖြစ်ရကား ထွက်

ပေါ်လာသည့်လက်မှာ သူ၏ပခုံးကို ဆုပ်ကိုင်မိသွား၏။

ကျားကြီး၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

ခြေလက်များ လှုပ်ရှားမရတော့ဘဲ တစ်ကိုယ်လုံး တောင့်တင်းသွားလေသည်။

ကျားလေးနည်းတူ ကျားကြီးလည်း သွေးကြောပိတ်ခံလိုက်ရပြီဖြစ်သည်။

ကျားကြီး သွေးကြောပိတ်ခံလိုက်ရပြီး မရှေးမနှောင်းပင် ကျားလေး၏နောက်ကျောဘက်မှ လူတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့မြင်ရ၏။

ထိုလူမှာ သူတို့ခြေရာခံလိုက်ခဲ့သည့် လူငယ်ဖြစ်လေသည်။

ထိုလူငယ်သည် ကျားလေးနှင့် တထပ်တည်းကျအောင် နောက်ကျောဘက်တွင်ဝင်၍ရပ်နေသဖြင့် သူ့အား ရုတ်တရက် မတွေ့မမြင်ရခြင်း ဖြစ်လေသည်။

လူငယ်၏မျက်နှာ ပြုံးရွှင်နေ၏။

ကျားကြီးကို ကြည့်လိုက်ပြီး…

"ခင်ဗျားတို့က စွန်ရဲကိုတွေ့ချင်ကြတယ် မဟုတ်လား၊ ကောင်းပြီ သေသေချာချာ ကြည့်ထားပေတော့ စွန်ရဲဆိုတာ ကျုပ်ပဲ"

ဟုပြောလိုက်လေသည်။

"ခင်ဗျားတို့ သည်မှာ ခဏနေခဲ့ကြဦးပေါ့ ဟုတ်ပြီလား"

ဆက်၍ပြောလိုက်ပြီး ဘုံကျောင်းအပြင်ဘက် လှမ်းထွက်သွားလေသည်။

အပြင်ဘက်ရောက်လျှင် လက်ချောင်းများချိုးကာ…



"စားသောက်ဆိုင်မှာလေးယောက်၊ အရက်ဆိုင်မှာ တစ်ယောက်၊ မြို့ပြင်တောအုပ်မှာနှစ်ယောက်၊ သည်မှာနှစ်ယောက် စုစုပေါင်းကိုးယောက်၊ မိန်းကလေးလေးယောက်က ဘာမှမလုပ်နိုင်ဘဲ အနားယူကြရတယ်၊ သူတို့ကိုပါထည့်တွက်ယင် ဆယ့်သုံးယောက်၊ သူတို့အားလုံး ဆယ့်ကိုးယောက်ရှိတော့တယ်၊ ငါ သိပ်မပင်ပန်းတော့ပါဘူး"

ဟုတီးတိုးရေရွတ်လိုက်သည်။

ထို့နောက် အပြင်ဘက်သို့ ခပ်သွက်သွက်ကလေး ပြေးထွက်သွားလေသည်။

♣ ♣ ♣

သစ်လုံးအိမ်ကလေးအတွင်း၌ လူသူတစ်စုံတစ်ယောက်မျှ ရှိမနေပါချေ။

ဝမ်းစုနှင့်ယို့ကျားတို့ စိတ်ပျက်သွားကြသည်။

သူတို့နှစ်ယောက်အား စွန်ရဲက ပရိယာယ်ဆင်ကာ ကျင်းကျင်းတို့လူစုမှ ခွဲထုတ်လိုက်သည် မဟုတ်ပါလား။

ဝမ်းစု ဒေါပွသွားသည်။

"တောက် သိကြသေးတာပေါ့ကွာ"

ပြောပြောဆိုဆို အပြင်ဘက်ပြေးထွက်သွားရန် ဟန်ပြင်လိုက်လေသည်။ ယို့ကျားက...

"ခဏနေပါဦး"

ဟုဟန့်တားလိုက်၏။

ဝမ်းစု မျက်မှောင်ကြုတ်ကာ...

"ဘာဖြစ်လို့လဲ"

"ဟိုမှာကြည့်စမ်းပါ"

အခန်းအလယ်ရှိ စားပွဲကိုညွှန်ပြယင်းပြောလိုက်လေသည်။

ဝမ်းစုက စားပွဲကို လှမ်းကြည့်လိုက်လေသည်။

ထိုအခါ စားပွဲ၏ခြေထောက်များတွင် ဘီးကလေးများတပ်ဆင်ထားသည်ကို တွေ့ရလေသည်။

ရွှေ့ပြောင်း၍ရနိုင်သော စားပွဲတစ်လုံးဖြစ်သည်။

ဝမ်းစုက ယို့ကျားကို ပြန်ကြည့်လိုက်သည်။

ယို့ကျားက...

"စားပွဲကို ရွှေ့ပြောင်းလို့ရတယ်"



"ဟုတ်တယ်"

"ကျုပ်တို့ရွှေ့ကြည့်ယင် ကောင်းမယ်"

"ဘာဖြစ်လို့လဲ"

"သည်အိမ်ထဲမှာ ထူးခြားတာဆိုလို့ သည်စားပွဲတစ်လုံးပဲ ရှိနေတာမို့လို့ပါ"

ဝမ်းစု လက်ခံလိုက်လေသည်။

"ကောင်းပြီ ရွှေ့ကြည့်ကြတာပေါ့"

ပြောပြောဆိုဆို စားပွဲဆီသို့လှမ်းသွားကာ ခွန်အားအသုံးပြု၍တွန်းဖယ်လိုက်လေသည်။

ဝမ်းစုသည် အလွန်သန်မာသူဖြစ်သည်။

စားပွဲကို တွန်းရွှေ့လိုက်သည်နှင့်...

"ဂျိမ်း"

ကျယ်လောင်သော အသံတစ်ချက်ထွက်ပေါ်လာလေ၏။

ဝမ်းစု ထိတ်လန့်သွားပြီး နောက်ဆုတ်လိုက်သည်။

လှမ်းကြည့်လိုက်သောအခါ စားပွဲရွှေ့လျားသွားသည်နှင့် ကြမ်းပြင်ပေါ်တွင် အပေါက်ကြီးတစ်ပေါက် ဖြစ်ပေါ်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

"မြေအောက်ခန်းတစ်ခု ရှိနေပါလား"

ဝမ်းစု လွှတ်ခနဲရေရွတ်လိုက်သည်။

မှန်ပေသည်။ ကြမ်းပြင်၌ဖြစ်ပေါ်လာသည့် အပေါက်မှ တဆင့် အောက်ဘက်သို့ဆင်းသွားနိုင်သည့် လှေကားများရှိနေသည်ကို တွေ့မြင်လိုက်ရသည် မဟုတ်ပါလား။

ယို့ကျား က...

"ကျုပ်တို့ ဆင်းကြည့်ယင်ကောင်းမယ်"

"ကောင်းတယ်၊ စွန်ရဲဟာ ဘယ်လိုလူစားဆိုတာ သိရတာပေါ့၊ သည်အတိုင်း လှည့်ပြန်သွားတာထက်စာရင် မြေတိုက်ခန်းထဲ ဆင်းကြည့်တာ အကောင်းဆုံးပဲ"

ပြောပြီး ရှေ့မှ ခပ်သွက်သွက် ဆင်းသွားလေသည်။

ယို့ကျားလည်း ထပ်ကြပ်မကွာ လိုက်သွားသည်။

လှေကားထစ်များအတိုင်း ဆင်းသွားပြီး အောက်ဘက် ရောက်သွားသည်နှင့် မှောင်မည်းနေသည်ကို တွေ့ရသည်။

"ရှဲ"

ရုတ်တရက် မီးခတ်ကျောက်နှင့်မီးခတ်သံထွ .က်ပေါ်လာ၏။

မီးရောင်များ ထွက်ပေါ်လာလေသည်။

ယို့ကျားက မီးထွန်းလိုက်ခြင်းဖြစ်သည်။

မီးရောင်ထွက် ပေါ်လာသည်နှင့် အခန်းတွင်း၌ လင်းလင်းချင်းချင်း ဖြစ်သွားလေသည်။

မီးရောင်ကြောင့် မြေအောက်ခန်းမှာ ဂူပေါက်အမြွာမြွာရှိသောလိုဏ်ခေါင်းကြီးတစ်ခုဖြစ်ကြောင်း တွေ့မြင်လိုက်ရသည်။

ဝမ်းစုနှင့် ယို့ကျားတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြသည်။ ဝမ်းစုက...

"ကျုပ်တို့ ဝင်ကြည့်ကြယင် ကောင်းမယ်"

"ကောင်းသားပဲ စွန်ရဲ ဘယ်လိုအကြံအစည်ရှိလဲဆိုတာ သိရတာပေါ့"



မှန်ပေသည်။ သစ်လုံးအိမ်ကလေးအောက်တွင် လမ်းအသွယ်သွယ်ရှိသည့် လိုဏ်ခေါင်းကြီး ဖောက်လုပ်ထားသည်မှာ အကြံအစည်တစ်ခုခု ရှိနေခြင်းကြောင့်သာ ဖြစ်ရပေမည်။

ယို့ကျားက မီးတုတ်ကိုင်ကာ ရှေ့မှလှမ်းဝင်သွားသည်။

ဝမ်းစုက နောက်မှလိုက်သွားသည်။

လိုဏ်ခေါင်းကြီးအတွင်း၌ လိုဏ်ခေါင်းပေါက်ငယ်များကို လမ်းအသွယ်သွယ်ဖြစ်အောင် ဖောက်လုပ်ထားသည်မှအပ အခြားထူးဆန်းမှုဟူ၍ မရှိပါချေ။

ယို့ကျားက မီးတိုင်ကိုကိုင်ကာ ခပ်သွက်သွက် လှမ်းသွားသည်။

ဝမ်းစုက နောက်မှလိုက်သွားပြန်၏။

အတော်ကလေး ဝင်သွားမိသောအခါ...

"အမေ့"

ယို့ကျားမှာ ခြေချော်ကာ လဲကျသွားလေသည်။

အောက်ခြေကြမ်းပြင်မှာ ပြောင်လက်နေသဖြင့် အလွယ်တကူ ခြေချော်သွားနိုင်ပေသည်။

"သတိထား"

ဝမ်းစုက ပြောလိုက်သည်။

ယို့ကျားမှာ ကိုယ်ကိုထိန်းလိုက်၏။

သို့သော် မီးတိုင်က လက်ထဲမှလွတ်ကျကာ ငြိမ်းသွားလေသည်။

ယို့ကျား ကပျာကယာ ကောက်ယူကာ မီးခြစ်လိုက်သည်။

ထိုခဏမှာပင် မီးရောင်ထွက်ပေါ်လာလေသည်။

ယခုအကြိမ် မီးရောင်ထွက်ပေါ်လာမှ ပတ်ဝန်းကျင်ကို ကောင်းစွာ သတိထားမိသည်။

ယို့ကျား က…

"ဘာဖြစ်တာလဲ"

ဟုလွှတ်ခနဲ ပြောလိုက်သည်။

"ဟုတ်တယ်၊ ကျုပ်တို့ ဘယ်နေရာက ဝင်လာကြတာလဲ"

သူတို့နှစ်ယောက် ထိတ်လန့်သွားကြသည်။

မှန်ပေသည်။

သူတို့ မည်သည့်နေရာက ဝင်လာမှန်းမသိနိုင် ကြပါတော့ချေ။

ပတ်ဝန်းကျင်တွင် လိုဏ်ဂူပေါက်များ ပြည့်နှက်နေသည် မဟုတ်ပါလား။ ယို့ကျားက…

"ကျုပ်တို့ဝင်လာတာ ခြေလှမ်းနှစ်ဆယ်လှမ်းလောက်ပဲ ရှိသေးတယ်၊ ဒီအနီးအနားက အပေါက်တစ်ခုခုပဲ ဖြစ်လိမ့်မယ်"

ပြောပြီး အနောက်ဘက်လှည့်ကာ ရှာဖွေလိုက်၏။

သူက မြေတိုက်ခန်းသို့ဆင်းသည့် လှေကားကို ရှာဖွေလိုက်ခြင်းဖြစ်ပေသည်။

အနောက်ဘက်တွင် ဂူပေါက်သုံးလေးပေါက်မက ရှိနေပါသည်။

ဂူပေါက်တိုင်းတွင် လှေကားတစ်ခုစီ ရှိနေသည်ကိုတွေ့ရ၏။

"ဒုက္ခပဲ"



ယို့ကျား လွှတ်ခနဲ ညည်းညူလိုက်၏။

မှန်ပေသည် သူတို့ဝင်လာခဲ့သည့် ဂူပေါက်ကို မမှတ်မိနိုင်တော့သည့် အခြေအနေရောက်နေပြီ မဟုတ်ပါလား။

ယို့ကျား မကျေမနပ် ဖြစ်သွားပြီး…

"ကျုပ်တို့ဝင်လာတာ ဒီအပေါက်ပဲ"

ပြောပြောဆိုဆို အပေါက်တစ်ခုအတွင်းသို့ လှမ်းဝင်လိုက်လေသည်။ ဝမ်းစုက…

"အရမ်းမဝင်နဲ့"

လှမ်းပြောလိုက်သော်လည်း နောက်ကျသွားချေပြီ။

ယို့ကျားမှာ ဂူပေါက်တစ်ခုအတွင်းသို့ လှမ်းဝင်သွားပြီဖြစ်လေသည်။ ဝမ်းစု မတတ်သာတော့ချေ။

"ကျုပ်ကို စောင့်ပါဦး"

ပြောယင်း နောက်မှပြေးလိုက်သွား၏။

သူတို့နှစ်ယောက် ဂူပေါက်တစ်ခုအတွင်းသို့ လှမ်းဝင်လိုက်ပြီးသည်နှင့် အတွင်းဘက်တွင် နောက်ထပ်ဂူပေါက်များ တွေ့မြင်လိုက်ရပြန်သည်။

သူတို့နှစ်ယောက် လိုဏ်ဂူဝင်္ကပါအတွင်း၌ ပိတ်မိနေပြီ ဖြစ်ကြောင်း နှစ်ယောက်စလုံး နားလည်လိုက်ကြလေတော့သည်။

♣ ♣ ♣

ဝက်ပါလိုဏ်ဂူ...။

ဝက်ပါလိုဏ်ဂူတစ်ခုကို ယို့ကျားနှင့်ဝမ်းစုတို့ အံ့ဩစွာ တွေ့မြင်လိုက်ရခြင်းဖြစ်လေသည်။

လိုဏ်ဂူပေါက်များက တစ်ခုနှင့်တစ်ခု ဆက်စပ်နေကြ၏။

ဂူပေါက်တစ်ခုထဲသို့ ဝင်လိုက်သည်နှင့် နောက်ထပ်ဂူပေါက်များကိုတွေ့ရသည်။

ဝမ်းစုနှင့်ယို့ကျားတို့ ကပျာကယာ နောက်ဆုတ်လိုက်ကြသည်။

"ကျုပ်တို့ လိုဏ်ဂူဝက်ပါထဲ ရောက်နေပြီ"

"ဟုတ်တယ် ရှေ့ဆက်သွားလို့ မဖြစ်တော့ဘူး"

ရှေ့ဆက်သွား၍မဖြစ်လျှင် နောက်ပြန်ဆုတ်ရတော့မည်ဖြစ်သည်။ နှစ်ယောက်စလုံး ကပျာကယာ နောက်ဆုတ်လိုက်ကြလေသည်။ သို့သော်...

တခဏအတွင်းမှာပင် နှစ်ယောက်သား ခြေလှမ်းရပ်လိုက်ကြရပြန်လေသည်။

အနောက်ဘက်၌လည်း ဂူပေါက်များကို တွေ့လိုက်ရခြင်းကြောင့်ဖြစ်လေသည်။

"ကျုပ်တို့ဝင်လာတုန်းက ဂူပေါက်တစ်ခုထဲပါ၊ အခုတော့ ဘယ်လိုကြောင့် ဂူပေါက်တွေအများကြီး ဖြစ်နေရတာပါလိမ့်"

ယို့ကျား ခေါင်းကုပ်ကာ ညည်းတွားလိုက်လေသည်။

ဝမ်းစုက...

"သည်ဂူပေါက်တွေဟာ ဝက်ပါသဘောအတိုင်း ရှိနေတာ



ဝင်လာမိပြီးတဲ့နောက် ထွက်သွားဖို့မလွယ်တော့ဘူး၊ ဝက်ပါထဲမှာ ပိတ်မိသလိုဖြစ်သွားပြီ"

"ကျုပ်တို့ ဝက်ပါထဲမှာ ပိတ်မိနေကြပြီပေါ့"

"ဟုတ်တယ်"

"ဒါ..ဒါဆို ဘယ်လိုလုပ်ကြမလဲ"

"ကျုပ်တို့က.."

ဝမ်းစု မည်သို့ပြောရမှန်းမသိ စကားတပိုင်းတစဖြင့် ရပ်တန့်သွားလေသည်။

ယို့ကျားလည်း ငေးငိုင်နေ၏။

ထို့နောက် နှစ်ယောက်သား စိတ်ပျက်စွာဖြင့် ထိုင်ချလိုက်ကြလေတော့သည်။

♣ ♣ ♣

အားဖုံးသည်လည်းကောင်း၊ ကျားညီနောင်သည်လည်းကောင်း ထွက်သွားသည်မှာ အတော်ကြာပြီဖြစ်သော်လည်း ပြန်လည်ရောက်မလာကြသေးချေ။

ဝမ်းစုနှင့် ယို့ကျားတို့လည်း ပြန်ရောက်မလာကြပါ။

ကျင်းကျင်း စိတ်ထဲ လေးလံလာသည်။

တစ်စုံတစ်ခု မှားယွင်းနေပြီဖြစ်ကြောင်း နားလည်လိုက်လေသည်။

သူမသည် မြင်းလည်းပေါ်ထိုင်နေသည့် မိန်းကလေးကို လှမ်းကြည့်လိုက်လေသည်။

ထိုမိန်းကလေးက သူ့အားပြုံး၍ကြည့်နေသည်ကို တွေ့ရ၏။

ကျင်းကျင်း သက်ပြင်းချလိုက်၏။

"စွန်ရဲကို ဘယ်လိုသဘောရသလဲ"

ဟု လှမ်းမေးလိုက်လေသည်။

ကျင်းကျင်းကိုယ်တိုင် မြင်းလှည်းအနီးတွင် ရှိနေသည်ဖြစ်ရကား အနက်ရောင်ဝတ်ဆင်ထားသူများသည် မလှမ်းမကမ်းတွင် နားနားနေနေရပ်နေလိုက်ကြ၏။

မြင်းလှည်းအနီးတွင် ကျင်းကျင်းနှင့် မြင်းလှည်းမောင်းသည့်မိန်းကလေးတို့သာ ရှိနေကြပေသည်။

မြင်းလှည်းမောင်းသည့် မိန်းကလေးက...

"စွန်ရဲဟာ အင်မတန်ဉာဏ်များတဲ့လူဆိုတာ သေချာပါတယ် သခင်မလေး"



ဟုပြောလေသည်။

ကျင်းကျင်းက...

"အားဖုံးနဲ့ကျားညီနောင်က သူ့လက်ချက်နဲ့ ဒုက္ခရောက်နေပြီထင်တယ်၊ ညည်းဘယ်လိုသဘောရသလဲ"

"ဖြစ်နိုင်ပါတယ်၊ အခုအချိန်မှာ ဘယ်သူ့ကိုမှယုံကြည်လို့မဖြစ်ဘူး၊ စွန်ရဲက ကျွန်မတို့ကို အင်အားချည့်နဲ့သွားအောင် လုပ်နေတာထင်ရှားတယ်၊ သူ့ကိုပြန်ပြီးလှည့်စားနိုင်မှ အနိုင်ရမှာပဲ"

ကျင်းကျင်း ပြုံးလိုက်သည်။

"ပြောစမ်းပါဦး၊ ဘယ်လိုလှည့်စားရမှာလဲ"

ဟုမေးလိုက်၏။

"စွန်ရဲကို..."

သူမ ဆုံးအောင် မပြောလိုက်ရပါချေ။

"အား"

"အွန့်"

"အမယ်လေး"

စားသောက်ဆိုင်အတွင်းဘက်မှ စူးရှသောအော်ဟစ်သံများ ဆက်တိုက်ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကျင်းကျင်း ထိတ်လန့်သွားသည်။

"စွန်ရဲ ဆိုင်ထဲရောက်နေပြီ ထင်တယ်"

ပြောပြီး စားသောက်ဆိုင်ကလေးသို့ ပြေးလွှားသွားရန်ဟန်ပြင်လိုက်သည်။

"စွန်ရဲက အတော်ကို ဉာဏ်များတာပဲ"

မြင်းလှည်းမောင်းသည့်မိန်းကလေးက ပြောလိုက်လေ၏။

ကျင်းကျင်း ခြေလှမ်းတုန့်ခနဲ ရပ်သွား၏။

မိန်းကလေးကို လှည့်ကြည့်လိုက်ပြီး..

"စွန်ရဲက ဉာဏ်များတယ် ဟုတ်လား"

"ဟုတ်တယ်လေ၊ သူက ကျွန်မတို့လူစုကို ကွဲအောင်လုပ်ပြီးဒုက္ခပေးနေတာ"

ကျင်းကျင်းက စားသောက်ဆိုင်ဆီသို့မသွားဘဲ နေလိုက်လေသည်။

မလှမ်းမကမ်း၌ ရပ်နေကြသည့် အနက်ရောင်ဝတ်ဆင်ထားသူများဘက်လှည့်ကာ...

"ဟေ့ ဆိုင်ထဲမှာ ဘာဖြစ်တာလဲ၊ သွားကြည့်လိုက်ကြစမ်း"

ဟု အမိန့်ပေးလိုက်၏။

အနက်ရောင်ဝတ်ဆင်ထားသူများလည်း ဦးညွတ်ကာ ချက်ချင်းပြေးလွှားသွားကြလေသည်။

မြင်းလှည်းအနီးတွင် ကျင်းကျင်းနှင့်မိန်းကလေးတို့သာ ကျန်ရစ်ခဲ့ကြသည်။

ကျင်းကျင်းက စားသောက်ဆိုင်ဆီသို့ လှမ်းကြည့်နေ၏။

သူမ၏လူများကား ဆိုင်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွား၏။

ထိုလူများ ဝင်ရောက်သွားပြီး မရှေးမနှောင်းမှာပင်...

"အား"

"အွန့်"



"အမယ်လေး"

စူးရှသောအော်ဟစ်သံများ ဆက်တိုက်ထွက်ပေါ်လာသည်ကိုကြားလိုက်ရပြန်လေသည်။

ကျင်းကျင်း မျက်လုံးပြူးသွား၏။

မိန်းကလေးက...

"သူက ကျွန်မတို့ဆီကိုလာမှာ သေချာတယ်"

ဟုပြောလိုက်လေသည်။

ကျင်းကျင်းက သူမကိုလှမ်းကြည့်လိုက်၏။

မိန်းကလေး ပြုံးလိုက်သည်။

ကျင်းကျင်း အံကြိတ်ကာ..

"စွန်ရဲရောက်လာယင် ကောင်းကောင်းကြီး ဆုံးမပေးရဦးမှာပေါ့"

ဟုပြောလိုက်လေသည်။

သူမ၏စကားသံနှင့် မရှေးမနှောင်းတွင်...

"ဟား..ဟား..ဟား"

ရယ်မောသံများ ထွက်ပေါ်လာသည်ကိုကြားလိုက်ရသည်။

ကျင်းကျင်း လှည့်ကြည့်လိုက်သည်။

ထိုအခါ မလှမ်းမကမ်းတွင်လူငယ်လေးတစ်ယောက် ရပ်နေသည်ကို တွေ့မြင်လိုက်ရ၏။

ကျင်းကျင်း မျက်မှောင်ကြုတ်သွား၏။

"လက်စသတ်တော့ ရှင်ကိုး"

ဟု လွှတ်ခနဲ ရေရွတ်လိုက်မိ၏။

ထိုလူငယ်လေးမှာ စွန်ရဲနှင့်သွားတွေ့မည်ဟု ပြောခဲ့သူမ ဟုတ်ပါလား။

လူငယ်လေး ရယ်မောလိုက်သည်။

"ဟုတ်တယ်"

"ရှင်က စွန်ရဲ ဟုတ်လား"

"ဟုတ်တယ်လေ"

"ကောင်းပြီ ကျွန်မလူတွေအတွက် ၂၄ တာဝန်ယူရလိမ့်မယ်"

လူငယ်(ဝါ) စွန်ရဲက ရယ်မောလိုက်လေသည်။

"ဟား..ဟား..ဟား..ကျုပ်က တာဝန်ယူရမယ် ဟုတ်လား ကောင်းပါပြီဗျာ၊ ကျုပ်တာဝန်ယူပါ့မယ်"

"ရှင့်ကို ရယ်စရာပြောတာ မဟုတ်ဘူး၊ ကျွန်မလူတွေအတွက် ရှင်က ပြန်ပြီးပေးဆပ်ရမှာရှင့်"

ကျင်းကျင်းက ခပ်ထန်ထန် ပြောလိုက်လေသည်။

စွန်ရဲက...

"ခင်ဗျားလူတွေကို ခင်ဗျားပဲ တာဝန်ယူရမှာပေါ့၊ ခင်ဗျားကသာ သူတို့အတွက် တကယ်တမ်းစိတ်ပူတယ်ဆိုယင် သူတို့ ဘာမှ ဖြစ်နိုင်ကြမှာ မဟုတ်ပါဘူး၊ ကျုပ်က ပေးဆပ်တာထက် ခင်ဗျားက ပေးဆပ်ဖို့လိုတယ်ဆိုတာ မှတ်ထားပါဗျာ"

"ကျွန်မက ပေးဆပ်ရမယ် ဟုတ်လား"

"ဟုတ်တယ်လေ၊ ခင်ဗျားကပေးမယ်ဆိုယင် ခင်ဗျားလူတွေ ဘာမှမဖြစ်စေရဘူးလို့ ကျုပ်တာဝန်ယူတယ်"

"ရှင် သေချင်ပြီထင်တယ်"



စွန်ရဲ ရယ်မောလိုက်လေသည်။

"ကျုပ်က မသေချင်ပါဘူးဗျ၊ ကျုပ်လောက်ပျော်ပျော်နေတတ်တဲ့သူလည်း ရှိမယ်မထင်ပါဘူး၊ အခုလည်း ကျုပ်က မြင်းလှည်းမောင်းချင်တဲ့စိတ် ပေါက်နေတယ်ဗျ၊ဒါကြောင့် ခင်ဗျားရဲ့မြင်းလှည်းကိုယူသွားမလားလို့ စိတ်ကူးနေတာ"

ကျင်းကျင်း မဲ့ပြုံးပြုံးလိုက်သည်။

"ရှင်လိုချင်တယ်ဆိုပြီး ဘာကြောင့် ငြိမ်နေရတာလဲ၊ သည်မှာလာယူပါလားရှင့်"

"ကျုပ် လာယူရမယ် ဟုတ်လား"

"ဟုတ်တယ်လေ"

"ကောင်းပြီ ခင်ဗျားက လာဆိုတော့လည်း လာရတာပေါ့"

ပြောပြောဆိုဆို စွန်ရဲက ရှေ့သို့လှမ်းသွားလေသည်။

ကျင်းကျင်းက တိုက်ခိုက်ရန် ပြင်ထားလိုက်၏။

စွန်ရဲမှာ ခေသူမဟုတ်ကြောင်း ရိပ်မိထား၍ သတိကြီးစွာထားနေရ၏။

စွန်ရဲအား အနိုင်တိုက်ခိုက်နိုင်ခြင်းမရှိလျှင် ရှေ့ခရီးဆက်ဖို့လည်း မဖြစ်နိုင်တော့ကြောင်း နားလည်ထားလေသည်။

ကျင်းကျင်းက တိုက်ခိုက်ရန် ဟန်ပြင်လိုက်စဉ်မှာပင်...

"ခွပ်ခွပ်...ခွပ်ခွပ်"

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ရုတ်တရက်မို့ အားလုံးကြောင်အင်းအမ်း ဖြစ်သွားကြ၏။

ကျင်းကျင်းနှင့် စွန်ရဲတို့ လှမ်းကြည့်မိလိုက်ကြသည်။

ထိုအခါ မြင်းနှစ်ကောင်မှာ စားသောက်ဆိုင်ကလေးဆီသို့ ဦးတည်ကာ ဒုန်းစိုင်းနှင်လာနေသည်ကို တွေ့လိုက်ရသည်။

မြင်းစီးလာသူနှစ်ယောက်ကို မြင်လျှင် ကျင်းကျင်း ဝမ်းသာသွားသည်။

"ရှင်တို့ လိုက်လာကြတာကိုး"

ဝမ်းသာအားရ ရေရွတ်လိုက်သည်။

မြင်းစီးလာသူနှစ်ယောက်ကား စားသောက်ဆိုင်ရှေ့သို့ ရောက်လာကြပြီဖြစ်သည်။

မြင်းစီးလာသူနှစ်ယောက်အနက် တစ်ယောက်မှာ ရှောင်ကျူးဖြစ်၏။

ရှောင်ကျူးနှင့်ခေါင်းကြီးတို့ ရောက်ရှိလာကြခြင်းဖြစ်ပေသည်။

ကျင်းကျင်းက..

"အတော်ပဲ ရှင်တို့ကို ဧည့်သည်တစ်ယောက်က စောင့်ကြိုနေတာရှင့်"

ဟု လှမ်းပြောလိုက်သည်။

ရှောင်ကျူးနှင့် ခေါင်းကြီးတို့မြင်းပေါ်မှ ခုန်ဆင်းလာကြပြီဖြစ်သည်။

ရှောင်ကျူးက ကျင်းကျင်းကို ဂါရဝပြုလိုက်ပြီး...

"ကျုပ် နောက်ကျသွားတာကို ခွင့်လွှတ်ပါဗျာ"

ဟုပြောလိုက်သည်။ ကျင်းကျင်းက...



"ကိစ္စမရှိဘူး၊ ရှင်က ကျွန်မတို့နောက်ကို လိုက်လာနိုင်တာ ပဲချီးကျူးရမလိုဖြစ်နေပြီ၊ ဒါထက် သူက..."

ရှောင်ကျူးက ခေါင်းကြီးကို ညွှန်ပြယင်း မိတ်ဆက်ပေးလိုက်သည်။

"သူက ခေါင်းကြီးပါ၊ ကျုပ်ရဲ့မိတ်ဆွေဆိုပါတော့ဗျာ"

မိတ်ဆွေဆိုသည့်စကားကို လေးလေးနက်နက် ပြောလိုက်ခြင်းဖြစ်သည်။

ကျင်းကျင်း မျက်မှောင်ကြုတ်လိုက်သည်။

ခေါင်းကြီးကို လှမ်းကြည့်လိုက်ပြီး ဘာမှမပြောဘဲနေလိုက်သည်။

ခေါင်းကြီးကလည်း မသိချင်ဟန်ဆောင်နေလိုက်သည်။

ရှောင်ကျူးက...

"ဒါထက် ဆရာယို့ကျားတို့ကော ဘယ်သွားကြသလဲ၊ မတွေ့ပါလားဗျ"

ဟုမေးလိုက်သည်။

ကျင်းကျင်းက စွန်ရဲအားညွှန်ပြလိုက်ပြီး...

"ကျွန်မတို့ လမ်းခရီးမှာ ပြဿနာကြုံနိုင်တယ်ဆိုတာ ရှင်သိမှာပေါ့၊ အခု သူက ကျွန်မတို့ကို ဒုက္ခပေးနေပြီလေ၊ ယို့ကျားက သူရှိမယ်ထင်ရတဲ့နေရာတစ်ခုကို လိုက်သွားကြတာ အခုထိ ပြန်မလာကြသေးဘူးရှင့်"

ရှောင်ကျူး မျက်မှောင်ကြုတ်သွား၏။

စွန်ရဲကို ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်လေသည်။

ရှောင်ကျူးနှင့်ခေါင်းကြီးကိုမြင်လျှင် စွန်ရဲ မျက်နှာတည်သွားသည်။

ပြန်လည် အကဲခတ်ကြည့်နေလိုက်သည်။

ရှောင်ကျူးက...

"အင်..ကျုပ်က ခင်ဗျားတို့ကို ကူညီမယ်လို့ ကတိပေးထားတာပဲ ကူညီရမှာပေါ့ဗျာ"

ပြောပြီး စွန်ရဲနှင့် မျက်နှာချင်းဆိုင်လိုက်သည်။

စွန်ရဲ တုတ်တုတ်မျှ မလှုပ်ပါချေ။

ရှောင်ကျူးက စွန်ရဲအား လက်နှစ်ဘက်ဆုပ်ကာ ဂါရဝပြုလိုက်ပြီး...

"ကျုပ်နာမည်က ရှောင်ကျူးလို့ခေါ်ပါတယ်ဗျာ၊ မိတ်ဆွေဘယ်သူဘယ်ဝါဆိုတာ သိပါရစေ"

ဟုမေးလိုက်သည်။ စွန်ရဲက...

"ရှောင်ကျူး ဟုတ်လား"

"ဟုတ်ပါတယ်"

"ငါကတော့ စွန်ရဲ"

"လက်စသတ်တော့ သည်နယ်တဝိုက်မှာ ကျော်ကြားနေတဲ့ စွန်ရဲဆိုတာ မိတ်ဆွေကိုး"

"မိတ်ဆွေလို့ မပြောစမ်းပါနဲ့ဗျာ၊ ငါတို့ဟာ မိတ်ဆွေမဟုတ်ပါဘူး"

"မိတ်ဆွေမဟုတ်ယင် ရန်သူပေါ့ ဟုတ်လား"

ခေါင်းကြီးက ကြားဝင်မေးလိုက်သည်။ စွန်ရဲက...



"မင်းကြိုက်သလို ထင်နိုင်တယ်"

"မင်းက ဘာကြောင့် ဒုက္ခပေးရတာလဲ"

ရှောင်ကျူးက မေးလေသည်။

စွန်ရဲ မျက်လုံးပြူးလိုက်ပြီး...

"ဒုက္ခပေးတာ ဟုတ်တယ်၊ ငါက ငါ့အလုပ်ကိုငါလုပ်တာ မင်းတို့ကိုရွေးပြီး ဒုက္ခပေးတာမဟုတ်ဘူး၊ ဘယ်သူမဆို သည်နယ်က အဖိုးတန်ပစ္စည်းနဲ့ဖြတ်သွားယင် ငါကလုယူမှာပဲကွ"

"တခြားလူတွေဆီက ရချင်ရမယ်၊ ငါတို့ဆီကတော့ ရလိမ့်မယ်လို့မထင်နဲ့၊ မင်းမှားသွားလိမ့်မယ်"

"ဟား..ဟား..ဟား"

စွန်ရဲ ရယ်မောလိုက်လေသည်။

ရှောင်ကျူးနှင့်ခေါင်းကြီးတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

ပြီးမှ စွန်ရဲဘက်သို့ ပြန်လှည့်ကြည့်လိုက်ကြလေသည်။

စွန်ရဲက သဘောကျစွာ ရယ်မောလိုက်ပြီးမှ...

"မင်းပြောသလိုဆိုယင် စွန်ရဲဆိုတဲ့နာမည် ထွက်ပေါ်လာစရာအကြောင်း မရှိပါဘူးကွာ"

"ကောင်းပြီလေ မင်းကိုယ်မင်း အထင်ကြီးတယ်ဆိုယင် စမ်းကြည့်နိုင်ပါတယ်"

"စိတ်ချ မင်းကော ဘယ်လောက်အပြောကြီးနိုင်မလဲကြည့်ကြသေးတာပေါ့ကွာ"

စကားဆုံးလျှင် စွန်ရဲက စတင်တိုက်ခိုက်လိုက်လေသည်။

သူ၏တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်လှပေတော့သည်။

လှုပ်ရှားလိုက်သည်နှင့် အဝတ်အစားလေးတိုးသံများ တဟူးဟူးမြည်ကာ ထွက်ပေါ်လာလေသည်။

စွန်ရဲက ရင်ထိတ်သွားသည်။

"သတိထား"

ဟုလည်း အော်ပြောလိုက်လေသည်။

ခေါင်းကြီးက လက်ပိုက်ကြည့်မနေဘဲ ပါဝင်တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ရှောင်ကျူးက....

"ငါတတ်နိုင်ပါတယ်၊ မင်းဘေးဖယ်လိုက်ပါ"

ပြောပြီး စွန်ရဲနှင့် ရင်ဆိုင်တိုက်ခိုက်လိုက်လေသည်။

ခေါင်းကြီး မချင့်မရဲဖြစ်သွားသည်။

သို့သော် ရှောင်ကျူးမှာ စွန်ရဲအားကောင်းစွာ ရင်ဆိုင်နိုင်မည်ဟု ယုံကြည်ထားသဖြင့် ဘာမှမပြောဘဲ နောက်ဆုတ်လိုက်လေသည်။

ရှောင်ကျူးသည် ဝှက်ထားသည့် သံတုတ်တံကို ထုတ်ယူအသုံးချခြင်းမပြုဘဲ လက်နက်မဲ့တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

စွန်ရဲကလည်း လက်နက်မဲ့ တိုက်ခိုက်လိုက်သည် မဟုတ်ပါလား။

တကယ်တမ်းရင်ဆိုင် တိုက်ခိုက်လိုက်သည့်အခါ စွန်ရဲ၏ ကိုယ်ဖော့ပညာမှာ ကြောက်မက်ဖွယ်ကောင်းအောင် ထက်မြက်နေ



သည်ကို တွေ့မြင်လိုက်ရလေသည်။

စွန်ရဲသည် လေထဲ၌ပင် ခန္ဓာကိုယ် တစ်ပတ်လှည့်လိုက်ပြီး ရှောင်ကျူး၏ဦးခေါင်းအား ခြေနှစ်ချောင်းဖြင့် ကန်ကျောက်လိုက်လေသည်။

သူ၏ခြေထောက်ကန်ချက် ပြင်းထန်လွန်းလှသည်ဖြစ်ရကား လေတိုးသံများပင် တဝီဝီမြည်ကာ ထွက်ပေါ်လာလေသည်။

ရှောင်ကျူးက မလှုပ်မယှက် ရပ်နေသည်။

စွန်ရဲက ခြေထောက်ဖြင့် ကန်ကျောက်လိုက်လျှင် လက်နှစ်ဘက်ဆန့်ထုတ်ကာ ဖမ်းထားလိုက်လေသည်။

စွန်ရဲ ရင်ထိတ်သွားလေသည်။

"လွှတ်စမ်း"

ရှောင်ကျူး၏လက်ထဲ၌ပင် အားယူယင်း ခါးမှနေ၍ခန္ဓာကိုယ် ရှေ့သို့ငိုက်ချကာ က်ဝါးစောင်းနှစ်ဘက်ဖြင့် ရှောင်ကျူး၏ပခုံးပေါ်သို့ခုတ်ချလိုက်လေသည်။

သူ၏တိုက်ခိုက်မှုခံလိုက်ရလျှင် ရှောင်ကျူး၏လက်မောင်းနှစ်ဘက်စလုံး ပြုတ်ထွက်သွားမည် ဖြစ်လေသည်။

သူ၏တိုက်ခိုက်မှုခံလိုက်ရလျှင် ရှောင်ကျူးက...

"သွားစမ်း"

အော်ငေါက်ယင်း စွန်ရဲ၏လက်ဝါးစောင်း ခုတ်ချက်ရောက်မလာမီ တအားလွှဲကာ ပစ်ထုတ်လိုက်သည်။

စွန်ရဲမှာ ရှောင်ကျူးအား တိုက်ခိုက်နိုင်ခြင်းမရှိပါတော့ချေ။

ရှောင်ကျူးလွှဲပစ်လိုက်သည့် အရှိန်ဖြင့် မြင်းလှည်းဆီသို့

ပစ်လွှင့်သွားလေတော့သည်။

မြင်းလှည်းပေါ်မြင်းလှည်းမောင်းသည့် မိန်းကလေးထိုင်နေပါသည်။

စွန်ရဲက မိန်းကလေးအား ခြေထောက်ဖြင့် ကန်ကျောက်လိုက်လေသည်။

မိန်းကလေးအတွက် ရောင်ကျူး ပူပန်သွား၏။

"သတိထား"

လှမ်းပြီး သတိပေးလိုက်လေသည်။

မိန်းကလေးက တည်တည်ငြိမ်ငြိမ်ပင် ထိုင်နေပါသည်။

စွန်ရဲတိုက်ခိုက်လှလျှင် ခါးမှဓားကိုထုတ်ကာ စွန်ရဲ၏ခြေထောက်ကို ခုတ်ချလိုက်လေသည်။

ဓားရောင်ဝင်းခနဲ လင်းလက်သွား၏။

စွန်ရဲ မျက်လုံးပြူးသွားသည်။

ခြေထောက်ကို ကပျာကယာ ရုပ်သိမ်းကာ ဘေးသို့ရှောင်ထွက်လိုက်လေသည်။

ရောင်ကျူး သဘောကျသွား၏။

"ဘယ်ဆိုးလို့လဲ"

လွှတ်ခနဲ ချီးကျူးလိုက်လေသည်။

စွန်ရဲမှာ မြင်းလှည်းတစ်ဘက်သို့ ခုန်ဆင်းသွားရ၏။

ရောင်ကျူး ရောက်လာခြင်းကြောင့် တိုက်ခိုက်လုယက်ဖို့ မလွယ်တော့မှန်း ရိပ်မိလိုက်လေသည်။

ရောင်ကျူးအား ပြုံးပြလိုက်ပြီး...



"မင်းက သည် မြင်းလှည်းကိုကာကွယ်စောင့်ရှောက်ဖို့ တာဝန်ယူထားတယ်ဟုတ်လား"

ဟု လှမ်းမေးလိုက်လေသည်။

ရောင်ကျူးကလည်း တိုက်ခိုက်ခြင်းမပြုတော့ပါချေ။

ဦးခေါင်းကို ဆတ်ခနဲ ညိတ်လိုက်ပြီး...

"ဟုတ်တယ် မင်းလုယက်တိုက်ခိုက်ဖို့ ဘယ်နည်းနဲ့မှမဖြစ်နိုင်တော့ပါဘူး"

စွန်ရဲ ပြုံးလိုက်သည်။

"ကောင်းပြီလေ ငါက တစ်ကြိမ်တစ်ခါနဲ့ လက်လျှော့တတ်တဲ့သူမဟုတ်ဘူးဆိုတာတော့ မင်းနားလည်မှာဖြစ်မယ်၊ ငါတို့တစ္ဆေပြန်တွေ့ကြသေးတာပေါ့ကွာ"

စကားဆုံးလျှင် ချာခနဲ လှည့်ထွက်သွားလေသည်။

"မပြေးနဲ့"

ကျင်းကျင်းက ဟန့်တားလိုက်သည်။

သို့သော် စွန်ရဲမှာ ကိုယ်ဖော့ပညာအသုံးပြုကာ ခပ်သွက်သွက်ပြေးသွားကာ ခဏအတွင်းမှာပင် မြင်ကွင်းမှပျောက်ကွယ်သွားလေသည်။

အသက်ငယ်ငယ်ရွယ်ရွယ်နှင့် ဤမျှကိုယ်ဖော့ပညာတတ်သူတစ်ယောက်ကို မတွေ့မမြင်ဖူးကြပါချေ။

ရောင်ကျူးက ကျိတ်၍ချီးကျူးမိ၏။

ကျင်းကျင်းက မကျေမနပ်ဖြစ်သွားသည်။

"သူ့ကိုလွှတ်ပေးဖို့ မကောင်းဘူး"

ဟုပြောလေသည်။

မည်သို့ဆိုစေ သူမကိုယ်တိုင်လည်း လိုက်သွားခြင်းမရှိပါချေ။

ရှောင်ကျူး သက်ပြင်းချလိုက်သည်။

"သူ့ကိုလွှတ်ပေးဖို့ မသင့်ဘူးဆိုတာ မှန်ပါတယ်ဗျာ၊ ဒါပေမယ့် ဝမ်းစုတို့ ဘယ်ရောက်နေမှန်းမသိဘဲ ကျုပ်တို့လုပ်ချင်ရာလုပ်လို့ မဖြစ်ဘူး မဟုတ်လား"

ထိုစကားကြားလျှင် ကျင်းကျင်း ပါးစပ်ပိတ်ထားလိုက်လေသည်။

♣ ♣ ♣



စားသောက်ဆိုင်အတွင်းဝယ် စားပွဲကုလားထိုင်များ အလဲလဲအပြိုပြို ဖြစ်နေ၏။

မိန်းကလေးငါးယောက်နှင့် အနက်ရောင်ဝတ်ဆင်ထားသူသုံးယောက် ကြမ်းပြင်ပေါ်တွင် လဲကျနေကြသည်ကိုတွေ့ရလေသည်။

ဆိုင်လုလင်များက သူတို့အား ပြုစုနေကြသည်။

ကျင်းကျင်း ဒေါပွသွားသည်။

"သူတို့ကို ဘယ်သူတိုက်ခိုက်လိုက်တာလဲ"

သူမ သိလျှက် မေးလိုက်လေသည်။

ဆိုင်လုလင်များ ထိတ်လန့်သွားကြ၏။

ဆိုင်လုလင်တစ်ယောက်က...

"ကျုပ်..ကျုပ်တို့ တိုက်ခိုက်တာမဟုတ်ပါဘူးဗျာ၊ လူငယ်လေးတစ်ယောက် ရောက်လာပြီး အလစ်ဝင် တိုက်ခိုက်သွားတာပါ"

ဟု ကပျာကယာ ရှင်းပြလေသည်။ ကျင်းကျင်းက...

"တောက်..စွန်ရဲကို ကျွန်မ ဘယ်တော့မှ ခွင့်မလွှတ်ဘူး"

ဟုပြောလိုက်၏။

ရှောင်ကျူးနှင့်ခေါင်းကြီးတို့က ဘာမျှမပြောဘဲ ကျင်းကျင်း၏လူများကို စစ်ဆေးကြည့်လိုက်ကြ၏။

ကျင်းကျင်း၏လူများသည် သွေးကြောပိတ်ခံထားရခြင်းကြောင့် သတိလစ်မေ့မြောနေကြကြောင်း တွေ့ရ၏။

ရှောင်ကျူး သက်ပြင်းချလိုက်သည်။

ကျင်းကျင်းကို ကြည့်ကာ....

"ခင်ဗျားရဲ့လူတွေကို ရှေ့ဆက်ခေါ်သွားယင်လည်း အကြောင်းထူးမှာမဟုတ်ဘူး၊ ဒါကြောင့် သူတို့ကို ပြန်လွှတ်လိုက်ယင် ကောင်းမယ်"

ခေါင်းကြီးက ထောက်ခံသည့်သဘောဖြင့် ခေါင်းညိတ်လိုက်သည်။ မှန်ပေသည်။

ကျင်းကျင်း၏လူများသည် အသက်အသေခံခိုင်းပါက အချိန်မရွေး အသက်စွန့်ကြမည်ဖြစ်သော်လည်း အဓိပ္ပါယ်မဲ့ အသေခိုင်းသည်နှင့်တူမည်သာ ဖြစ်လေသည်။

ရှေ့ခရီးတွင် အန္တရာယ်များတွေ့ရဦးမှာ သေချာလှသည်။

ထို့ကြောင့် ရှေ့ဆက်ခေါ်သွားပါက တမင်သက်သက် ဒုက္ခပေးသလို ဖြစ်သွားပေမည်။

ကျင်းကျင်း မကျေမနပ်ဖြစ်သွား၏။

ရှောင်ကျူးကို စိုက်ကြည့်လိုက်ပြီး..

"ကျွန်မလူတွေကို ပြန်လွှတ်လိုက်ရမယ် ဟုတ်လား"

ဟု မေးလိုက်လေသည်။

ရှောင်ကျူးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"သူတို့ကို ပြန်လွှတ်လိုက်ယင် ကျွန်မတို့အင်အား နည်းသွားမှာပေါ့"

"အခုကော ဘာထူးလို့လဲ"

"သူတို့က တိုက်ခိုက်ဖို့ အားမကိုးရဘူးလို့ ရှင်ထင်နေတာလား"



ရှောင်ကျူး ပါးစပ်ပိတ်ထားလိုက်လေသည်။

ကျင်းကျင်းက ဆက်ပြောလိုက်သည်။

"သူတို့ အသုံးဝင်တဲ့နေရာတွေ အများကြီးရှိသေးတယ်၊ ဒါကြောင့် သူတို့ကို ပြန်မလွှတ်နိုင်သေးဘူးရှင့်"

"ကောင်းပြီလေ၊ ခင်ဗျားလူတွေအတွက် ခင်ဗျားကြိုက်သလိုစီစဉ်နိုင်ပါတယ်၊ တစ်ခုတော့ရှိတယ်၊ မိန်းကလေးတွေကို ပြန်လွှတ်လိုက်ဖို့တော့ ကျုပ် လေးလေးနက်နက်ပြောချင်တယ်၊ သူတို့ကိုပြန်မလွှတ်ဘူးဆိုယင် ဒုက္ခပေးတာနဲ့အတူတူ ဖြစ်သွားလိမ့်မယ်၊ ခင်ဗျားသဘောမတူဘူးဆိုယင် ကျုပ်က ရှေ့ဆက်ကူညီဖို့ သင့်မသင့် ပြန်ပြီးစဉ်းစားရတော့မယ်ဗျ"

ဟု ခပ်ပြတ်ပြတ် ပြောလိုက်သည်။

အချိန်တိုတိုအတွင်း ရှောင်ကျူး၏စိတ်ဓာတ်ကို ကောင်းစွာသဘောပေါက်နားလည်သွားပြီ ဖြစ်သည်။

ခေါင်းကြီး ပြုံးလိုက်သည်။

ရှောင်ကျူး၏စိတ်ဓာတ်ကိုလည်း သဘောကျနေ၏။

ကျင်းကျင်းက သူ့ဘက်လှည့်ကာ မကျေမနပ်ကြည့်လိုက်သည်ကိုမြင်လျှင် မျက်နှာလွှဲထားလိုက်သည်။

ကျင်းကျင်း အတော်ကလေး ဒေါပွနေပါသည်။

ရှောင်ကျူးနှင့်ခေါင်းကြီးကို တစ်လှည့်စီကြည့်လိုက်ပြီး..

"ရှင်ကူညီမှ ကျွန်မတို့ရှေ့ဆက်သွားနိုင်မယ် ထင်နေသလား၊ ဝေးပါသေးတယ်ရှင်၊ ကျွန်မဟာ အဖွဲ့ခေါင်းဆောင်ပဲ ကျွန်မစကားကို အားလုံးနားထောင်ကြရလိမ့်မယ်၊ ကျွန်မကို ဘယ်သူမှအ

မိန့်ပေးလို့မရဘူး”

သူမကလည်း အလျှော့မပေးဘဲ ပြတ်သားစွာ ပြောလိုက်လေသည်။

ရှောင်ကျူး ခေါင်းညိတ်လိုက်သည်။

“ကောင်းပြီလေ ခင်ဗျားသဘောအတိုင်းလုပ်နိုင်ပါတယ်၊ ကျုပ်တို့သွားတော့မယ်”

စကားဆုံးလျှင် ချာခနဲလှည့်ကာ ထွက်သွားသည်။

ခေါင်းကြီးက ဘာမှမပြောဘဲ နောက်မှလိုက်သွား၏။

သူတို့နှစ်ယောက် ထွက်သွားကြသည်ကို ကျင်းကျင်း မကျေမနပ်ကြည့်နေ၏။

ရှောင်ကျူးတို့ မြင်ကွင်းမှ ပျောက်ကွယ်သွားသည့်အခါ နှုတ်ခမ်းစုကာ ကြမ်းပြင်ပေါ် ဒုန်းခနဲမြည်အောင် ခြေဆောင့်နင်းလိုက်တော့သည်။

♣ ♣ ♣

## မိတ်ဆွေသုံးဖော်

စားသောက်ဆိုင်ကလေးမှာ အနောက်ဘက် အတော်ဝေးဝေးတွင် ကျန်ရစ်ခဲ့ပြီဖြစ်သည်။

ရှောင်ကျူးနှင့်ခေါင်းကြီးတို့သည် နောက်သို့လုံးဝလှည့်မကြည့်ဘဲ ထွက်လာခဲ့ကြသည်။

မကြာပါချေ။

စည်စည်ကားကားရှိသော မြို့တွင်းသို့ရောက်လာကြသည်။

လမ်းဘေးတစ်ဘက်တစ်ချက်တွင် စားသောက်ဆိုင်များ၊ အရက်ဆိုင်များ အစီအရီရှိနေသည်။

စားသောက်ဆိုင်များမှ ထွက်ပေါ်လာသော ဟင်းနံ့များသည် လမ်းမပေါ်သို့တိုင် မွှေးကြိုင်သင်းပျံ့နေလေသည်။

ခေါင်းကြီးမှာ ဝမ်းဗိုက်ကိုပွတ်လိုက်ပြီး...

"ငါတို့ တစ်ခုခုစားကြယင် ကောင်းမယ်"

ဟုပြောလိုက်သည်။

ရှောင်ကျူး ခေါင်းညိတ်လိုက်သည်။ ကျင်းကျင်းတို့အား အစီလိုက်ရန် ခရီးပြင်းနှင်လာခဲ့ရခြင်းကြောင့် လမ်းခရီး၌ရပ်နားကာ စားသောက်ခြင်းမပြုခဲ့ချေ။

သူ၏ဝမ်းဗိုက်လည်း ဆာလောင်နေပြီ မဟုတ်ပါလား။

ရှောင်ကျူးက ယခုမှ အနောက်ဘက်ဆီသို့ လှမ်းမျှော်ကြည့်လိုက်သည်။ ခေါင်းကြီးက...

"သူတို့က လူမစုံသေးဘဲ သည်မြို့ကထွက်သွားနိုင်ကြဦးမှာ မဟုတ်ပါဘူး၊ သူတို့အတွက် ပူမနေပါနဲ့"

ဟုပြောလေသည်။

ရှောင်ကျူးက သူ့အားတအံ့တသြကြည့်လိုက်သည်။

"သူတို့ တကယ်ပဲ ထွက်မသွားနိုင်ကြသေးဘူးဆိုတာ မင်းဘယ်လိုလုပ် တွက်ဆမိတာလဲ"

ခေါင်းကြီး ရယ်မောလိုက်သည်။

"အခက်အခဲအန္တရာယ် ကြီးကြီးမားမား မတွေ့ရသေးဘူး၊ သူတို့လူစု ဖရိုဖရဲဖြစ်နေပြီ၊ ဒုက္ခဖြစ်နေပြီလေ၊ ရှေ့မှာသည့်ထက်ပိုဆိုးတဲ့ အခက်အခဲအန္တရာယ်တွေ့နိုင်တယ်ဆိုယင် သူတို့က လူမစုံဘဲ ထွက်မသွားကြမှာသေချာတယ်"

ရှောင်ကျူးက ဘာမှမပြောတော့ပါ။

အနီးဆုံးရှိ စားသောက်ဆိုင်ထဲသို့ လှမ်းဝင်လိုက်လေသည်။



ဆိုင်လုလင်များက သူတို့အား ပျာပျာသလဲ ကြိုဆိုလိုက်ကြလေသည်။ ကျင်းကျင်းတို့လူစု စခန်းချခဲ့သော စားသောက်ဆိုင်ကဲ့သို့ ကြီးကျယ်ခန်းနားခြင်းရှိသော်လည်း သပ်သပ်ရပ်ရပ် ရှိနေသည်။

သူတို့နှစ်ယောက်သည် လမ်းမပေါ်သို့ ဆီး၍မြင်နိုင်သည့် စားပွဲတစ်ခု၌ မျက်နှာချင်းဆိုင်ထိုင်ချလိုက်ကြသည်။

ခေါင်းကြီးကပင် ဦးဆောင်ကာ စားသောက်ဖွယ်ရာများမှာကြားလိုက်လေသည်။

မကြာပါချေ။ သူတို့မှာကြားထားသည့် စားသောက်ဖွယ်ရာများရောက်ရှိလာ၏။

နှစ်ယောက်သား စကားမပြောကြတော့ဘဲ အားရပါးရ စားသောက်လိုက်ကြသည်။

တက်ညီလက်ညီ စားသောက်လိုက်ကြခြင်းကြောင့် စားသောက်ဖွယ်ရာများမှာ တခဏအတွင်း တက်တက်စင်ပြောင်သွားတော့သည်။

ခေါင်းကြီးက နှုတ်ခမ်းသပ်လိုက်ပြီး...

"တော်တော် အရသာရှိတာပဲ၊ သည်အတိုင်းစားနေရမယ်ဆိုယင် မကြာခင် ကျုပ်တို့ ဆင်ကိုယ်လုံးလောက်ဖြစ်လာမှာ သေချာတယ်"

ဟုပြောလိုက်သည်။ မှန်ပါသည်။

ခေါင်းကြီးမှာ နာမည်နှင့်လိုက်အောင် ခေါင်းကြီး၍ပုပုလုံးလုံးကလေး ဖြစ်နေသည် မဟုတ်ပါလား။

ရှောင်ကျူး ရယ်မောလိုက်သည်။

"ဟား..ဟား..ဟား..မင်းက ဆင်နဲ့တူမှာတော့မဟုတ်ဘူး၊ တူချင်းတူယင် ဝက်တစ်ကောင်နဲ့တူလာလိမ့်မယ်"

သူတို့သည် ကျင်းကျင်းနှင့်ပတ်သက်သောစကားကို မပြောဘဲ ရောက်တတ်ရာရာ ပြောဆိုနေကြလေသည်။

ခေါင်းကြီးက...

"ငါက ရွာကိုပြန်ရမယ်ဆိုယင်တော့ စိတ်ထဲမှာ တစ်မျိုးကြီးပဲ၊ ထင်းရူးသာနေကောင်းနေပြီဆိုယင် အတော့်ကို ပျော်စရာကောင်းမှာ"

ဟုပြောလေသည်။ ရှောင်ကျူးက...

"ဘာလဲ မင်းကရွာကို မပြန်ချင်သေးဘူးလား"

"မပြန်ချင်ဘဲ ဘယ်နေပါ့မလဲ၊ ဒါပေမယ့် ထင်းရူးကလည်း နေမကောင်းသေးဘူးဆိုတော့ ရွာပြန်ရောက်ယင် ငါ့မိဘတွေရဲ့ အဖြစ်ဆိုးကို နေ့စဉ်နဲ့အမျှ သတိရနေပြီး စိတ်ဆင်းရဲရမှာ သေချာတယ်"

"ဒါဖြင့် မင်းဘာလုပ်ချင်သလဲ"

"ခြောက်လလောက်တော့ ရောက်ရာပေါက်ရာ လျှောက်သွားချင်နေတယ်"

ခေါင်းကြီးက ထိုသို့ပြောပြီး ရှောင်ကျူးအား အကဲခတ်ကြည့်လိုက်လေသည်။ ရှောင်ကျူး သက်ပြင်းချလိုက်သည်။

ခေါင်းကြီးဆိုလိုသည့် အဓိပ္ပါယ်ကို ကောင်းစွာနားလည်ထားလေသည်။

သူ၏ကိစ္စမှာ ပြီးပြတ်သွားသည် မဟုတ်သေးပါ။

ကျင်းကျင်းက လက်မခံသဖြင့် ထွက်လာခဲ့ခြင်းဖြစ်လေသည်။



ကျင်းကျင်းက အလျှော့ပေးမည်ဆိုလျှင် သူတို့ပြန်လည်ကူညီရမည် ဖြစ်လေသည်။

ရှောင်ကျူးသည် ကျင်းကျင်းတို့လူစုအား ကူညီလိုစိတ်ရှိနေသေးကြောင်း ရိပ်မိထား၏။

ထို့ကြောင့် အိမ်မပြန်လိုသေးကြောင်း ပြောလိုက်ခြင်းဖြစ်ပေသည်။ ရှောင်ကျူးက...

"လွယ်ပါတယ်ကွာ၊ ငါတို့လျှောက်သွားကြတာပေါ့၊ ဒါဆိုယင် မင်းလည်း စိတ်ပြေလက်ပျောက်ဖြစ်သွားမှာပဲ"

ဟုပြောလိုက်လေသည်။ ခေါင်းကြီး ခေါင်းယမ်းလိုက်သည်။

"လျှောက်လည်တာထက်ပိုပြီး စိတ်ဝင်စားစရာကောင်းတဲ့ကိစ္စရှိနေတာပဲ၊ သည်ကိစ္စကို ငါတို့ဘာကြောင့် မေ့ထားရမှာလဲ"

"ဘာကိစ္စလဲကွ"

ရှောင်ကျူး မျက်မှောင်ကြုတ်ကာ မေးလိုက်သည်။

ခေါင်းကြီးက တည်ကြည်သော မျက်နှာထားဖြင့်...

"စွန်ရဲလေကွာ"

"ဟော..စွန်ရဲ ဟုတ်လား"

"ဟုတ်တယ်လေ၊ စွန်ရဲကိုကြည့်ရတာ အတော့်ကို စိတ်ဝင်စားဖို့ကောင်းတယ်၊ သူ့ကို လိုက်ရှာကြတာ မကောင်းဘူးလား"

"ဟာ..မဖြစ်ဘူးထင်တယ်၊ တော်ကြာ ကျင်းကျင်းတို့ကိစ္စထဲ ဝင်ရှုပ်သလိုဖြစ်နေပါဦးမယ်"

ရှောင်ကျူးပြောပြထားသဖြင့် ကျင်းကျင်းတို့လူစုသည်

အနောက်ပိုင်းဒေသသို့ ခရီးသွားကြမည်ဖြစ်ကြောင်း လမ်းခရီးတစ်လျှောက်အန္တရာယ်ကြုံတွေ့နိုင်သဖြင့် လိုက်လံကူညီရမည်ဖြစ်ကြောင်းကို ခေါင်းကြီးသိထားပြီး ဖြစ်လေသည်။

ခေါင်းကြီး ခေါင်းယမ်းလိုက်သည်။

"ဘာဆိုင်လို့လဲ ငါတို့က စွန်ရဲကိုလိုက်ရှာကြမှာပဲ၊ ကျင်းကျင်းတို့လူစုကို ဒုက္ခပေးတာမှမဟုတ်တာ၊ ငါတို့က သူတို့ကိုကူညီရမယ်ဆိုပေမယ့် သူက မောက်မာခက်ထန်တယ်၊ လျှို့ဝှက်လွန်းတယ် ငါတော့ သိပ်သဘောမကျလှဘူး"

ကျင်းကျင်းနှင့်ပတ်သက်ပြီး ဝေဖန်ပြောဆိုလိုက်လေသည်။

ရှောင်ကျူးက...

"ငါလည်း သဘောကျလှတာတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ကတိပေးပြီးသားဖြစ်နေလို့ပါ၊ စွန်ရဲကို လိုက်ရှာမယ်ဆိုယင်လည်း လိုက်ရှာကြတာပေါ့လေ"

"ဒါဖြင့် ငါတို့သွားကြရအောင်"

သူတို့နှစ်ယောက် ထိုင်ရာမှထလိုက်ကြသည်။

ထိုစဉ် ဆိုင်လုလင်တစ်ယောက် သူတို့ထံသို့ ခပ်သွက်သွက်လှမ်းလာနေသည်ကို တွေ့မြင်လိုက်လေသည်။

ရှောင်ကျူးနှင့်ခေါင်းကြီးတို့ မျက်မှောင်ကြုတ်သွားကြ၏။

ဆိုင်လုလင်သည် သူတို့အနီးသို့ရောက်လျှင် ဦးညွှတ်ဂါရဝပြုလိုက်ပြီးလျှင်...

"လူတစ်ယောက်က ဆရာလေးတို့ကို စာတစ်စောင်လာပေးသွားပါတယ်"



ဟုပြောလိုက်သည်။ ရှောင်ကျူးနှင့်ခေါင်းကြီးတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြလေသည်။

"ပေးစမ်းပါဦး၊ ဘာစာလဲ၊ ဖတ်ကြည့်သေးတာပေါ့"

ပြောပြောဆိုဆို စာကိုလှမ်းယူကာဖောက်ဖတ်လိုက်သည်။

ထိုအခါ စာထဲတွင်...

"သတ္တိရှိယင် မြို့ပြင်တောအုပ်ကိုလာခဲ့ပါ။

စွန်ရဲ"

ဟုရေးသားထားသည်ကို တွေ့လိုက်ရ၏။

ခေါင်းကြီး ပြုံးလိုက်သည်။

"ကျုပ်တို့ လိုက်ရှာစရာ မလိုတော့ဘူးဗျ"

ပြောပြီး စာကိုရှောင်ကျူးထံ လှမ်းပေးလိုက်၏။

ရှောင်ကျူးက စာကိုဖတ်ကြည့်လိုက်၏။ စာဖတ်ပြီးလျှင်...

"မင်း ဘယ်လိုသဘောရသလဲ"

"ဘာလုပ်ရမှာလဲ သွားကြတာပေါ့"

ဟု ခပ်ပြတ်ပြတ်ပြောလေသည်။

ရှောင်ကျူး ခေါင်းညိတ်လိုက်သည်။

သူတို့သည် ဆိုင်လုလင်အတွက် ဆုငွေပေးလိုက်ပြီး မြို့ပြင်တောအုပ်ဆီသို့ မည်သို့မည်ပုံသွားရမည်ကို မေးမြန်းစုံစမ်းလိုက်ကြသည်။

ထို့နောက် စားသောက်ဆိုင်ထဲမှ ထွက်လာခဲ့ကြလေတော့သည်။

♣ ♣ ♣

မြို့ပြင်တောအုပ်...။

မြို့ပြင်တောအုပ်သို့ ရှောင်ကျူးနှင့်ခေါင်းကြီးတို့ ရောက်လာကြသောအခါ နေမွန်းတိမ်းစပြုနေပြီဖြစ်လေသည်။

နေရောင်ခြည်ဖြာကျနေခြင်းကြောင့် သစ်ပင်ဝါးပင်များ ထူထပ်စွာ ပေါက်ရောက်နေသော်လည်း တောအုပ်ထဲ လင်းလင်းချင်းချင်းဖြစ်နေသည်ကို တွေ့မြင်ရလေသည်။

ရှောင်ကျူးနှင့်ခေါင်းကြီးတို့ ခြေလှမ်းရပ်လိုက်ကြသည်။

ခေါင်းကြီးက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ပြီး...

"ဆိုင်လုလင် ပြောလိုက်တဲ့အတိုင်းဆို စွန်ရဲ ချိန်းလိုက်တာ သည်နေရာပဲ"

ဟုပြောလိုက်သည်။ ရှောင်ကျူးက...

"သူက ချိန်းလိုက်တယ်ဆိုယင် တွေ့ရမှာပေါ့"

"တွေ့ရမှာပေါ့သာဆိုတယ် ဘယ်သူမှလည်းမတွေ့ပါလား"

"မပူပါနဲ့ကွာ၊ သူလာမှာပါ"

ခေါင်းကြီး ရယ်မောလိုက်သည်။

"ငါတို့ကို ဘယ်လိုဒုက္ခပေးရမယ်ဆိုတာ စဉ်းစားနေလို့ နောက်ကျတာပဲ ဖြစ်ရမယ်ကွ"

ရှောင်ကျူးလည်း သဘောကျစွာ ပြုံးလိုက်မိလေသည်။

ထိုစဉ်မှာပင်...

"ဟား..ဟား..ဟား"

ရယ်မောသံ တစ်ချက်ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကိုကြားလိုက်ရလေတော့သည်။



ရှောင်ကျူးနှင့်ခေါင်းကြီးတို့ ရယ်မောသံထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်၏။

လေဝှေယမ်းတိုက်ခတ်လာခြင်းကြောင့် သစ်ပင်ချုံနွယ်များ လှုပ်ယမ်းသွား၏။

လူရိပ်လူယောင်ကား မတွေ့ရချေ။

ရှောင်ကျူး မျက်မှောင်ကြုတ်သွားလေသည်။ ခေါင်းကြီးက

"မင်းက ဘာကြောင့်ခိုးကြောင်ခိုးဝှက် လုပ်နေတာလဲ၊ သတ္တိရှိယင် ထွက်လာခဲ့ပါလား"

ဟု လှမ်းပြောလိုက်လေသည်။

သူ၏စကားသံ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင်...

"ဟား..ဟား..ဟား"

ရယ်မောသံ ထွက်ပေါ်လာပြန်သည်ကို ကြားရ၏။

ယခုတစ်ကြိမ် ရယ်မောသံသည် အနောက်ဘက်မှထွက်ပေါ်လာခြင်း ဖြစ်လေတော့သည်။

ခေါင်းကြီးက မကျေမနပ်ဖြစ်သွား၏။

အနောက်ဘက် ချာခနဲလှည့်လိုက်ပြီး...

"စွန်ရဲ မင်းထွက်လာယင် ကောင်းမယ်"

ဟုအော်ပြောလိုက်လေသည်။ ရှောင်ကျူးက...

"သူ့ရဲ့ကိုယ်ဖျောက်ပညာက ငါတို့ထက်တော်တယ်ဆိုတာ မမေ့နဲ့"

ဟု သတိပေးလိုက်၏။

"သူဘယ်လောက်တော်တော် ကျုပ်တို့လက်က မလွတ်နိုင်ပါဘူး"

ဟု ခပ်ထန်ထန်ပြောလေသည်။ ခေါင်းကြီးသည် လှည့်စားသူအား သဘောမကျကြောင်း ရှောင်ကျူး နားလည်ထားသည်။

ခေါင်းကြီးက...

"စွန်ရဲ မင်းထွက်လာမလား၊ ဒါမှမဟုတ် ငါတို့က မင်းကို လိုက်ရှာရမလား"

ဟုအော်ပြောလိုက်၏။ သူ၏စကားသံ အဆုံးတွင်...

"ဟား...ဟား...ဟား"

ရယ်မောသံသည် တောင်ဘက်အရပ်မှ ထွက်ပေါ်လာ၏။

ဒေါသထွက်လာအောင် စိတ်ကိုဆွပေးနေကြောင်း ရှောင်ကျူးနားလည်လိုက်သည်။

"သူ့ရဲ့လုပ်ပုံကိုင်ပုံကို ငါစိတ်မရှည်ဘူး၊ ဘာပဲဖြစ်ဖြစ် သူ့ကိုရှာပြီး ဆုံးမလိုက်မယ်"

စကားဆုံးလျှင် တောအုပ်အတွင်းသို့ခုန်ဝင်လိုက်လေသည်။

ခေါင်းကြီးအား ဟန့်တားၡ၍ရမည်မဟုတ်ကြောင်း နားလည်ထားလေသည်။

လှုပ်ရှားခြင်းမပြုဘဲ မြေကွက်လပ်၌ပင် ဆက်၍ရပ်နေလိုက်သည်။ မကြာပါချေ။

"မင်း ဘယ်ပြေးမလဲ"

တောအုပ်၏ဝဲဘက်မှ ခေါင်းကြီး၏အော်ငေါက်သံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။



တဆက်တည်းမှာပင်...

"ဟား...ဟား...ဟား"

စွန်ရဲ၏ရယ်မောသံ ထွက်ပေါ်လာသည်ကို ကြားရ၏။

ထို့နောက် အသံဗလံများ ပျောက်ကွယ်သွား၏။

ရှောင်ကျူး ပခုံးတွန့်လိုက်လေသည်။

ထိုအခိုက်မှာပင်..

"သတ္တိရှိယင် ရပ်လိုက်စမ်း"

ယာဘက်တောအုပ်အတွင်းမှခေါင်းကြီး၏အော်ငေါက်သံထွက်ပေါ်လာသည်ကိုကြားလိုက်ရလေသည်။

မဝေးမနှောင်းမှာပင်...

"ဟား...ဟား...ဟား"

စွန်ရဲ၏ရယ်မောသံ ထွက်ပေါ်လာသည်ကို ကြားရ၏။

ရှောင်ကျူး ပြုံးလိုက်လေသည်။

"ခေါင်းကြီး မင်းနားလိုက်ဦး၊ ငါက သူ့နောက်ကိုတလှည့်လိုက်ဦးမယ်"

စကားဆုံးလျှင် တောအုပ်ထဲ ပြေးဝင်သွားလေသည်။

သူက ဝဲဘက်သို့ပြေးဝင်သွားပြီးမှ ယာဘက်သို့ချက်ချင်းပြောင်းလဲပြေးသွားလေသည်။

ပြေးယင်းလွှားယင်း မြေပေါ်မှကျောက်ခဲများကောက်ယူကာ ဝဲဘက်သို့ အဆက်မပြတ် ပစ်ပေါက်လိုက်လေသည်။

ယာဘက်သို့ပြေးသွားရာတွင် အသံမထွက်ရလေအောင် ဂရုပြုပြေးသွားလေသည်။

သူ၏ရှေ့သို့ပြေးလွှားသွားသည့် လူရိပ်တစ်ခုကို တွေ့မြင်လိုက်ရလေသည်။

"ရပ်လိုက်စမ်း"

ရောင်ကျူး ဟန့်တား၍ လက်ဝါးနှစ်ဘက်၌ အတွင်းအားစုစည်းကာ တွန်းထုတ်လိုက်လေသည်။

"မလုပ်နဲ့"

ရုတ်တရက် အရှေ့ဘက်မှ ဟန့်တားသံ ထွက်ပေါ်လာ၏။ တဆက်တည်းပင်...

"ဝုန်း"

"ဖြောင်း"

ကျယ်လောင်သောအသံများ ထွက်ပေါ်လာ၏။

ရောင်ကျူး ပြုံးလိုက်လေသည်။ သူ၏ရှေ့သို့ ရိပ်ခနဲပြေးဝင်လာသူကို ကောင်းစွာဟန့်တားနိုင်လိုက်ပြီ မဟုတ်ပါလား။

ထိုလူမှာ စွန်ရဲဖြစ်လေသည်။

"မင်း ဘယ်ပြေးမလဲ"

အော်ငေါက်သံတစ်ချက် ထွက်ပေါ်လာသည်။

ခေါင်းကြီးက လက်ထဲ၌ ရဲတင်းကိုကိုင်ကာပြေးလွှားရောက်ရှိလာလေသည်။ ရောင်ကျူး ပြုံးလိုက်လေသည်။

"မင်းရဲ့ကိုယ်ဖော့ပညာ တော်တော်ကောင်းတာပဲ"

ဟုချီးကျူးလိုက်၏။ စွန်ရဲလည်း ပြုံးလိုက်လေသည်။

သူသည် အသက်သေရမည်ဆိုလျှင်ပင် ပြုံးနေမည့်လူစားမျိုးဖြစ်လေသည်။



"မင်းက ငါ့ထက်ပိုပြီး ဉာဏ်ကောင်းတယ်ကွ"

"ဒါတွေ အသာထားလိုက်စမ်းပါ။ မင်းက ရှေ့ဆက်ပြီးလုယက်မယ်လို့ စိတ်ကူးထားသေးသလား"

ဟုပြောလေသည်။ စွန်ရဲ ခေါင်းညိတ်လိုက်သည်။

"ငါ မသေမချင်း ဆိုပါတော့"

"မင်းလုပ်တဲ့အလုပ်က ကောင်းတဲ့အလုပ်မှမဟုတ်ဘဲ"

"ဘာကွ"

စွန်ရဲ၏စကားသံ ဟိန်းထွက်လာလေသည်။

ရောင်ကျူးက..

"မကောင်းလို့ မကောင်းဘူးပြောတာပေါ့။ လုယက်တိုက်ခိုက်တယ်ဆိုတာ ကောင်းတဲ့အလုပ်မှမဟုတ်ဘဲ"

"ဒါတော့ မင်းပြောမှလား ငါလည်းသိတာပေါ့"

"ဒါဖြင့် မင်းကဘာကြောင့် လုယက်တိုက်ခိုက်ချင်နေရတာလဲ"

"ဩော်..မင်းတို့က ငါဟာ လောဘထွက်ပြီး လုယက်တိုက်ခိုက်နေတယ်လို့ ထင်နေကြတာပေါ့လေ"

"မဟုတ်ဘူးလားကွ"

"မဟုတ်ဘူး"

"ဘာမဟုတ်တာလဲ၊ သည်နယ်မှာ စွန်ရဲဆိုတဲ့ဓားပြကြီး သောင်းကျန်းနေတယ်လို့ သတင်းကြီးနေတာပဲ၊ မင်းငြင်းချင်လို့ရမလား"

"သောင်းကျန်းတယ်လို့ ဘယ်သူကပြောတာလဲ"

"မင်း...မင်း"

"သတိထား သူ့ကို မတိုက်ခိုက်နဲ့ဦး"

"မင်းအရမ်းစွပ်စွဲလို့ မဖြစ်ဘူးဆိုတာ မှတ်ထားစမ်းပါ။ ငါသောင်းကျန်းတယ်လို့ ပြောတယ်၊ ငါဘာလုပ်တယ်၊ သည်နယ်က လူတွေ ငါ့အပေါ် ဘယ်လိုသဘောထားကြတယ်ဆိုတာ မင်းလိုက်ပြီး စုံစမ်းကြည့်ပါဦး"

"သြော် မင်းက သူတော်ကောင်းကြီးပေါ့"

"ငါ့ကိုယ်ငါ သူတော်ကောင်းကြီးလို့ ပြောနေတာမဟုတ်ဘူး၊ မင်းက ငါ့ကို လူဆိုးလူယုတ်မာလို့ပြောတာကို မကျေနပ်လို့ ပြောနေတာကွ"

"ငါပြောတာ မဟုတ်ဘူးလား"

"မဟုတ်ဘူး"

"မဟုတ်ဘူးဆိုယင် ဘယ်လိုမဟုတ်တာကို ပြောဦးမှပေါ့"

"ငါက လုယက်တိုက်ခိုက်တယ်ဆိုတာ မှန်တယ်၊ ဒါပေမယ့် လူတိုင်းကို လုယက်တိုက်ခိုက်တာမဟုတ်ဘူး"

"ဘယ်လိုလူတွေကို လုယက်တိုက်ခိုက်တာလဲ၊ ပြောစမ်းပါဦး"

"အို...ရှုပ်ပါတယ်၊ ငါပြောယင် ကြွားရာရောက်မယ်၊ မင်းတို့ မယုံယင် လိုက်ပြီးစုံစမ်းကြည့်ကြ"

"မင်းကိုဖမ်းထားပြီးမှ စုံစမ်းမယ်"

"မလုပ်နဲ့"

ရှောင်ကျူးက တားဆီးလိုက်ပါသော်လည်း နောက်ကျ



သွားချေပြီ။ စွန်ရဲကာ...

"ငါ့ကို အလစ်တိုက်ခိုက်လို့ ရမယ်ထင်သလား"

ဟုပြောကာ ထွက်သွားလေသည်။

ခေါင်းကြီးက ရှောင်ကျူးအား မကျေမနပ်ဖြင့်ကြည့်ကာ...

"မင်းက ဘာဖြစ်လို့ လွှတ်ပေးလိုက်ရတာလဲ"

ရှောင်ကျူး ပြုံးလိုက်သည်။

"ငါ ‌သူ့အကြောင်း စုံစမ်းကြည့်ချင်သေးလို့ပါကွာ"

"ဘာကွ"

"သူပြောတာ ဟုတ်မဟုတ်စုံစမ်းကြည့်ရဦးမယ်"

"တော်ကြာ သူပြောတာ မှန်နေယင် ဘယ်လိုလုပ်မလဲ"

"သူ့ကို လက်ခံနိုင်တယ်ဆိုယင် မိတ်ဆွေဖွဲ့ရမှာပေါ့ကွာ"

"ဟင်"

စွန်ရဲကား အတော်ဝေးဝေးသို့ ထွက်သွားပြီဖြစ်သည်။

ချုံပုတ်တစ်ခုအနီးသို့ရောက်လျှင် ခြေလှမ်းရပ်လိုက်ပြီး...

"မင်းတို့ စုံစမ်းကြည့်ပါ ငါလိမ်ပြောတာ မဟုတ်ဘူး၊ ငါ ဘယ်လိုလူစားဆိုတာ သိရလိမ့်မယ်"

ရှောင်ကျူးကို လက်ညှိုးညွှန်ကာ...

"မင်းက ငါ့ကိုမတားဘဲ လွှတ်လိုက်လို့ မင်းအတွက် ငါက လူနှစ်ယောက်ပြန်လွှတ်ပေးလိုက်မယ်၊ ပဲတင်သံမထွက်တဲ့လိုဏ်ဂူဟာ သူတို့အတွက် ထွက်လမ်းပဲ"

စကားဆုံးလျှင် ချုံပုတ်နောက်သို့ ရိပ်ခနဲခုန်ဝင်သွား၏။

"သူက ဘာအဓိပ္ပါယ်နဲ့ ပြောသွားတာလဲ"

ဟုရေရွတ်လိုက်သည်။

"မင်းအတွက် လူနှစ်ယောက်လွှတ်ပေးလိုက်မယ်လို့ ပြောတာကွ"

"ဒါကဟုတ်ပါတယ်၊ ပွဲတင်သံမထွက်တဲ့ လိုဏ်ဂူဆိုတာ ဘာလဲ"

"ဒါကတော့.."

ခေါင်းကြီးက ပြောရန်ဟန်ပြင်ပြီး ရှေ့ဘာဆက်ပြောရမှန်း မသိသဖြင့် စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်ရလေသည်။

ရှောင်ကျူးက...

"တစ်ခုခုတော့ တစ်ခုခုပဲ၊ သူက အကြောင်းမရှိဘဲပြောမှာတော့မဟုတ်ဘူးကွ"

"မဟုတ်ယင်လည်း သေသေချာချာ ဖွင့်ပြောလိုက်ယင်ပြီးတာပဲ၊ အခုတော့ စကားထာဝှက်သလိုလုပ်နေတယ်၊ နောက်တစ်ခါ ငါနဲ့တွေ့ယင် မလွယ်ဘူး"

"ဒါတွေ ထားလိုက်စမ်းပါ၊ ပွဲတင်သံမထွက်တဲ့လိုဏ်ဂူဆိုတာ ဘာလဲ စဉ်းစားကြည့်စမ်းပါ"

"ပွဲတင်သံမထွက်တဲ့ လိုဏ်ဂူဆိုတာ ရှိလို့လား"

"ရှိတယ်ပဲ ထားလိုက်ပါတော့"

"ရှိတယ် ဟုတ်လား"

"ထားပါတော့ဇော"

"ရှိတယ်ဆိုယင် အဲသည်မှာ လူနှစ်ယောက်ရှိမှာ သေချာတယ်"



"ဟုတ်ပြီ"

ရှောင်ကျူး ဝမ်းသာအားရဖြစ်သွားလေသည်။ ခေါင်းကြီးက

"ဘာဟုတ်တာလဲ"

"ငါတို့က ပွဲတင်သံမထွက်တဲ့ လိုဏ်ဂူကိုတွေ့ယင် အဖမ်းခံနေရတဲ့ လူနှစ်ယောက်ကိုတွေ့ရမှာပဲ၊ အဲသည်လူနှစ်ယောက်ဟာလည်း ကျင်းကျင်းရဲ့လူတွေဖြစ်နိုင်တယ်"

"ကျင်းကျင်းရဲ့လူ ဟုတ်လား"

"ဖြစ်နိုင်တယ်လေ"

"ကျင်းကျင်းက အတော်ဘဝင်မြင့်တာပဲ၊သူ့လူနှစ်ယောက်တွေ့တော့ကော ဘာလုပ်ရမှာလဲ"

"အဲသည်လို မပြောတဲ့၊ ငါတို့က ကူညီနိုင်ယင် ဘယ်သူ့ကို မဆိုကူညီရမှာပဲ မဟုတ်လား"

"ကောင်းပြီလေ မင်းက ကူညီချင်တယ်ဆိုယင် ကူညီကြတာပေါ့"

ရှောင်ကျူးကျေနပ်သွား၏။ သို့သော် ခေါင်းကြီး ဆက်ပြောလိုက်သည့်စကား ကြားလျှင် မည်သို့ပြောရမှန်းမသိ ဖြစ်သွား၏။

"ကူညီမယ်ဆိုတာ ဟုတ်ပါပြီ၊ ပွဲတင်သံမထွက်တဲ့ လိုဏ်ဂူက ဘယ်မှာလဲ"

ရှောင်ကျူး မကြားချင်ဟန် ဆောင်လိုက်သည်။

ခေါင်းကြီးက ထပ်မေးရန်ဟန်ပြင်လိုက်သည်။

ထိုစဉ် ရှောင်ကျူးက...

"ဟိုမှာ ကြည့်စမ်း"

တောအုပ်တစ်နေရာဆီသို့ လက်ညှိုးညွှန်ပြလိုက်သည်။

ခေါင်းကြီးက လှမ်းကြည့်လိုက်သည်။

ထိုအခါ အဝေးတစ်နေရာတွင် မီးခိုးများထွက်ပေါ်နေသည်ကိုတွေ့မြင်လိုက်ရလေသည်။

ခေါင်းကြီး မျက်မှောင်ကြုတ်သွားပြီး…

"မီးခိုးတွေပါလား"

ဟုပြောလိုက်သည်။ ရောင်ကျူးက…

"ဟုတ်တယ်၊ မီးခိုးရှိယင် လူရှိမှာပဲ၊ ငါတို့သွားကြည့်ယင်မကောင်းဘူးလား"

"ကောင်းတာပေါ့"

"ဒါဖြင့် သွားကြစို့"

သူတို့နှစ်ယောက် မီးခိုးများထွက်ပေါ်သည့်နေရာဆီသို့ ဦးတည်ကာ ခပ်သွက်သွက်ပြေးသွားကြလေသည်။

ကွေ့ပတ်၍သွားကြရာ အတော်ကလေးကြာလျှင် မြေကွက် လပ်တစ်ခုတွင် ဆောက်လုပ်ထားသည့် သစ်လုံးအိမ်ကလေးတစ်လုံးရှေ့သို့ ရောက်သွားကြလေတော့သည်။

♣ ♣ ♣



အနက်ရောင်ဝတ်ဆင်ထားသူများကား ပြန်လည်သတိရလာကြပြီဖြစ်သည်။

သူတို့သည် စူးရှတောက်ပသော မျက်လုံးဖြင့်ကြည့်နေသော ကျင်းကျင်းကိုမြင်လျှင် ခေါင်းငုံ့ထားလိုက်ကြသည်။

ကျင်းကျင်း အံကြိတ်လိုက်သည်။

"ရှင်တို့ကို ကျွန်မ ဘယ်လိုအားကိုးရမှာလဲ"

သူမ၏စကားသံ ဟိန်းထွက်လာသည်။

အနက်ရောင်ဝတ်ဆင်ထားသူများ တုတ်တုတ်မျှ မလှုပ်ကြချေ။ ကျင်းကျင်းက…

"စွန်ရဲက တစ်ယောက်တည်း၊ ရှင်တို့ကလူများတယ်၊ ဒါတောင် စွန်ရဲကို ရင်မဆိုင်နိုင်ကြဘူး၊ ဒီအတိုင်းဆို စွန်ရဲထက်ကြောက်စရာကောင်းတဲ့လူကိုတွေ့ယင်ဘယ်လိုလုပ်ကြမလဲ"

အနက်ရောင်ဝတ်ဆင်ထားသူ တစ်ယောက်က…

"သခင်မလေးပေးတဲ့ အပြစ်ဒဏ်ကို ခံပါ့မယ်၊ ကျုပ်တို့စုပေါင်းတိုက်ခိုက်ယင် စွန်ရဲကို ရင်ဆိုင်နိုင်ပါတယ်"

"ဘာ စုပေါင်းတိုက်ခိုက်ယင် ရင်ဆိုင်နိုင်တယ် ဟုတ်လား ဟင်း ဟင်း အခု ရှင်တို့အားလုံး စုပေါင်းတိုက်ခိုက်ခဲ့ကြတာပဲ မဟုတ်လား၊ စွန်ရဲကို နိုင်ဖို့မပြောနဲ့ သူက မညှာဘူးဆိုယင် ရှင်တို့အားလုံးသေသွားလောက်ပြီ"

"သူက သက်ညှာလို့ ကျုပ်တို့အသက်ချမ်းသာရာရတယ်ဆိုတာ မှန်ပါတယ်၊ ဒါပေမယ့် ကျုပ်တို့က သူ့ကိုပြည့်ပြည့်ဝဝတိုက်ခိုက်ခဲ့ကြတာ မဟုတ်ပါဘူး"

"ဘာပြောတယ်"

"ကျုပ်တို့ဟာ အဆိပ်ခတ်ထားတဲ့ အစားအစာတွေကို စားမိတဲ့အတွက် ခွန်အားလေးပုံသုံးပုံလောက် လျော့ကျသွားခဲ့ပါတယ် ဒါကြောင့် ကျုပ်တို့ရဲ့တိုက်ခိုက်မှုတွေ မထိရောက်နိုင်တော့ပါဘူး"

ထိုလူသည် အဖြစ်မှန်ကို ပြာပြလိုက်လေသည်။

ကျင်းကျင်း ငိုင်ကျသွားသည်။

ဘာဆက်ပြောရမှန်းမသိဘဲ ဖြစ်သွားလေသည်။

ထိုသူက ကျင်းကျင်းအား ဦးညွှတ်လိုက်ပြီး..

"ကျုပ် အခုလို ရှင်းပြတဲ့အတွက် အပြစ်ရှိတယ်ဆိုယင် ခွင့်လွှတ်ဖို့တောင်းပန်ပါတယ် သခင်မလေး"

ကျင်းကျင်း ဘာမှမပြောတော့ပါ။

အပြင်ဘက်သို့ ချာခနဲ လှည့်ထွက်သွားလေသည်။

အနက်ရောင်ဝတ်ဆင်ထားသူများနှင့် မိန်းကလေးများမလှုပ်မယှက် ကျန်ရစ်ခဲ့၏။ အတော်ကလေးကြာမှ...

"မင်းတို့ ဘာလုပ်နေတာလဲ"

အပြင်ဘက်မှ ကျင်းကျင်း၏စကားသံ ထွက်ပေါ်လာ သည်ကိုကြားလိုက်ရ၏။ ထိုအခါ အားလုံးသတိဝင်လာကြပြီး စားသောက်ဆိုင်အပြင်ဘက်သို့ အလျင်အမြန် ပြေးထွက်သွားကြလေသည်။

အပြင်ရောက်လျှင် ကျင်းကျင်းက မြင်းလှည်းနံဘေး၌ရပ်နေသည်ကို တွေ့မြင်ရလေ၏။

ကျင်းကျင်းက...

"မင်းတို့ ခွန်အားပျောက်ကွယ်နေတယ်ဆိုတာ သုံးလေးရက်



ကြာယင် ပြန်ကောင်းလာလိမ့်မယ်၊ ဟောဒီဆေး သောက်လိုက်ကြပါ"

ပြောပြောဆိုဆို ဆေးပုလင်းတစ်လုံး ပစ်ပေးလိုက်၏။

အနက်ရောင်ဝတ်ဆင်ထားသူများနှင့် မိန်းကလေးများ ဆေးပုလင်းကိုဖွင့်ကာ ဆေးတစ်လုံးစီသောက်လိုက်ကြလေသည်။

ကျင်းကျင်းက အနက်ရောင်ဝတ်ထားသူ သုံးယောက်အား မြင်းလှည်းဘေး၌ စောင့်ကြပ်နေရန် တာဝန်ပေးလိုက်၏။

ပြီးမှ မိန်းကလေးငါးယောက်ဘက်လှည့်ကာ...

"ညည်းတို့ငါးယောက် အခုချက်ချင်း ရွှေကျားအာမခံဌာနကို သွားကြပေတော့၊ အဲဒီမှာ ငါရောက်တဲ့အထိ စောင့်နေကြ"

ဟုအမိန့်ပေးလိုက်၏။ မိန်းကလေးငါးယောက် ကြောင်အမ်းအမ်းဖြစ်သွားကြ၏။

တခဏအတွင်းပင် ကျင်းကျင်းက တကယ်ပြောနေခြင်းဖြစ်ကြောင်း နားလည်သဘောပေါက်သွားကြသည်။

အားလုံး ဦးညွှတ်ဂါရဝပြုလိုက်ကြသည်။

ကျင်းကျင်းက လက်ဝှေ့ယမ်းပြလိုက်ပြီး..

"အခုချက်ချင်း သွားကြပေတော့"

မိန်းကလေးငါးယောက်လည်း ချက်ချင်း ထွက်ခွာသွားရန် ပြင်ဆင်လိုက်ကြလေသည်။

♣ ♣ ♣

အိမ်ကလေးအတွင်းတွင် ရှင်းရှင်းလင်းလင်းဖြစ်နေ၏။

အိမ်ရှေ့တံခါးပေါက်မှ အိမ်နောက်ဖေးတံခါးပေါက်သို့ ရောက်သည်အထိ လိုက်လံရှာဖွေခဲ့ပြီဖြစ်သည်။

သို့သော် လူသူတစ်စုံတစ်ယောက်မျှ မတွေ့ရပါချေ။

ခေါင်းကြီးက...

"ဘယ်သူမှလည်း မရှိပါလား"

"ဟုတ်တယ် မီးပုံထဲမှာ ထင်းတုံးတွေထည့်ထားတာတော့ ထူးဆန်းနေတယ်"

"မီးခိုးထွက်နေအောင် အိမ်မှာလူရှိတယ်ထင်အောင် တမင် လုပ်ထားတာ မဖြစ်နိုင်ဘူးလား"

"အေးလေ ဒီသဘော သက်ရောက်နေတာပဲပေါ့"

"ဒါဖြင့် ဘယ်သူက ဒီလိုလုပ်ထားရတာလဲ"

"တောအုပ်ကလေးကို ရောက်လာသူတွေ ဒီလမ်းကလေး ကိုမတွေ့တွေ့အောင် လုပ်ထားတာဖြစ်မယ်၊ အဲဒီလူတွေကို ဒုက္ခ ပေးချင်သူပဲ ဖြစ်မှာပေါ့"

"ဒါဆိုယင် စွန်ရဲလုပ်ထားတာပဲ ဖြစ်ရမယ်"

ခေါင်းကြီး အားမနာစတမ်း မှတ်ချက်ချလိုက်လေသည်။

ရှောင်ကျူး ပြုံးလိုက်သည်။

"မင်းပြောတာ ဖြစ်နိုင်ပါတယ်၊ စွန်ရဲက တစ်ယောက် ယောက်ကို ဒီအထိရောက်လာအောင် မျှားခေါ်တာ ဖြစ်နိုင်တယ် မဟုတ်လား"

"ဒီကိုရောက်လာပြီဆိုယင် သူ့ရဲ့ထောင်ချောက်ထဲ တိုးဝင်



မိပြီပေါ့"

"ထောင်ချောက်ထဲဝင်မိပြီဆိုယင် စွန်ရဲလက်ထဲက ဘယ်လို မှလွတ်နိုင်တော့မှာ မဟုတ်ဘူး၊ ဟုတ်ပြီ၊ စွန်ရဲက ဒီကိုရောက်လာ တဲ့လူတွေကို ဖမ်းထားလိမ့်မယ်၊ အဲဒီလူတွေ လွတ်မြောက်နိုင်တဲ့ လျှို့ဝှက်ချက် ငါတို့ကိုပြောပြလိုက်တာပဲဖြစ်မယ်"

ခေါင်းကြီး မဲ့ပြုံးပြုံးလိုက်သည်။

"မင်းက စွန်ရဲကို ယုံကြည်တယ်ပေါ့လေ"

ရှောင်ကျူး ပြုံးလိုက်သည်။

"ဟုတ်တယ်၊ သူက ဓားပြဆိုပေမယ့် လူဆိုးလူယုတ်မာတစ် ယောက်တော့ မဖြစ်နိုင်ဘူး၊ သူပြောတဲ့အတိုင်း ဖြစ်လိမ့်မယ်ဆိုတာ သေချာတယ်"

"ငါတို့ ဒီအိမ်ထဲရောက်လာပြီ၊ ဒီကိုရောက်တဲ့လူ ထောင် ချောက်မိတယ်လို့လည်းပြောတယ်၊ တို့ကျတော့ ဘယ်လိုထောင် ချောက်မှလည်း မမိပါလား"

ပြောပြောဆိုဆို အခန်းအလယ်ရှိ စားပွဲအနီးသို့သွားကာ မှီ၍ရပ်လိုက်လေသည်။

အမှတ်တမဲ့မှီကာ ရပ်လိုက်သော်လည်း ဝဝတုတ်တုတ် သူ၏ ခန္ဓာကိုယ်လေးက စားပွဲကို တွန်းလိုက်သလိုရှိနေပါ၏။

ထိုအခါ...

"ကျွီး"

မြည်သံတစ်ချက် ထွက်ပေါ်လာသည်။

စားပွဲမှာ တစ်ဘက်သို့ရွေ့သွားသည်။

ကြမ်းပြင်ပေါ်၌လည်း အပေါက်တစ်ပေါက် ဖြစ်ပေါ်လာလေတော့သည်။

ခေါင်းကြီး မျက်လုံးပြူးသွား၏။

"ဒါက ဘာလဲ"

လွှတ်ခနဲ ရေရွတ်လိုက်လေသည်။

ရောင်ကျူးက...

"ထောင်ချောက်ပေါ့"

ဟုပြောလိုက်လေသည်။

ခေါင်းကြီး ချက်ချင်းပြုံးလိုက်သည်။

"ကောင်းပြီလေ၊ စွန်ရဲရဲ့ထောင်ချောက် ဘယ်လိုလဲဆိုတာ ငါစမ်းသပ်ကြည့်လိုက်ဦးမယ်"

စကားဆုံးလျှင် အပေါက်မှတဆင့် အောက်ဘက်သို့ဆင်းသွား၏။ ရောင်ကျူးက ဟန့်တားခြင်းမပြုပါချေ။

သူတို့သည် စွန်ရဲနှင့်ပတ်သက်သည့် အကြောင်းကိစ္စအားလုံးကို လေ့လာစုံစမ်းထားရမည်ဟု စိတ်ပိုင်းဖြတ်ထားသည် မဟုတ်ပါလား။

ခေါင်းကြီးနောက်သို့ လိုက်သွား၏။

လှေကားထစ်များအတိုင်း ဆင်းသွားကြရာ နှစ်ယောက်သား အောက်ဘက်သို့ ရောက်သွားလေသည်။

အောက်ဘက်မြေပြင်ကို ခြေချမိသည်နှင့် ခေါင်းကြီးက...

"လက်စသတ်တော့ သူဟာ ဒီနေရာက လိုဏ်ဂူတွေကို ရည်ရွယ်ပြီး ပြောခဲ့တာကိုး"



ဟုရေရွတ်လိုက်သည်။

မှန်ပေသည်။ မြေအောက်တွင် လိုဏ်ဂူပေါက်များစွာတည်ရှိနေသည် မဟုတ်ပါလား။

အလင်းရောင် မသဲကွဲသော်လည်း အကြည့်စူးရဲသူများမို့ ချက်ချင်းတွေ့မြင်ခဲ့ခြင်း ဖြစ်ပေသည်။

ရောင်ကျူး ခေါင်းညိတ်လိုက်၏။

"လိုဏ်ဂူထဲတော့ရောက်ပြီ ငါတို့ ကူညီရမယ့်လူ မတွေ့ရသေးပါလား၊ ဒီအထဲမှာပဲ ရှိတယ်ထင်တယ်"

"ဟိုရှေ့ဆက် ဝင်သွားကြမလား"

"သွားကြတာပေါ့"

ခေါင်းကြီးက မီးစာနှင့်မီးခတ်ကျောက်ကိုထုတ်ယူကာ မီးထွန်းညှိလိုက်၏။

မီးရောင်ထွက်ပေါ်လာလျှင် ပတ်ဝန်းကျင်ကိုကောင်းစွာတွေ့မြင်ရ၏။

"ဂူပေါက်တွေက အများကြီးပါလား"

ခေါင်းကြီး ရေရွတ်လိုက်သည်။

ရောင်ကျူးက...

"ပွဲတင်သံမထွက်တဲ့ဂူပေါက်က ထွက်ပေါက်ဆိုပဲကွ"

အခုတော့ စွန်ရဲပြောသည့်စကားမှာ အဓိပ္ပါယ်ရှိနေပြီဖြစ်သည်။

ရောင်ကျူး ဆက်ပြောလိုက်၏။

"ပွဲတင်သံမထွက်တဲ့ ဂူပေါက်ကို ဘယ်လိုလုပ်ရှာကြမလဲ"

"အိုကွာ သိချင်ယင် လွယ်ပါတယ်၊ ဂူပေါက်တွေရဲ့ထိပ်ဝကနေပြီး အော်ကြည့်ကြတာပေါ့"

ခေါင်းကြီးက စဉ်းစားခြင်းပင်မပြုဘဲ ပြောလိုက်သည်။

မှန်ပေသည်။ အချို့ကိစ္စများသည် စဉ်းစားနေခြင်းက အဖြေမှန်ကိုမရနိုင်သည့်အပြင် ပို၍ရှုပ်ထွေးသွားနိုင်ပေသည်။

အချို့ကိစ္စများတွင် အခက်အခဲ၏အဖြေသည် မျက်စိရှေ့မှောက်၌ပင် ရှိနေတတ်သည်မဟုတ်ပါလား။

ခေါင်းကြီးပြောလိုက်သည့်စကားသည် များပြားစွာတည်ရှိနေသည့်လိုဏ်ဂူပေါက်များအနက် ပွဲတင်သံမထွက်သည့် လိုဏ်ဂူပေါက်ကို ရှာဖွေနိုင်သည့် အလွယ်ကူဆုံးသောအဖြေဖြစ်နေသည် မဟုတ်ပါလား။

ရှောင်ကျူး အားရပါးရ ရယ်မောလိုက်သည်။

"ဟား..ဟား..ဟား"

သူ၏ရယ်မောသံကျယ်လောင်စွာ ထွက်ပေါ်လာသည်။

လိုဏ်ဂူပေါက်များမှ ပွဲတင်သံများ ချက်ချင်းထွက်ပေါ်လာသည်။

ရယ်သံများသည် ပွဲတင်ထပ်ကာ နားမခံသာအောင်ထွက်ပေါ်လာတော့သည်။

"မင်း မရယ်နဲ့"

ခေါင်းကြီး ကပျာကယာ အော်ပြောလိုက်၏။

ရှောင်ကျူး ပါးစပ်ပိတ်ထားလိုက်သည်။

ရယ်သံများသည် အတော်ကလေးကြာသည့်တိုင် ထွက်ပေါ်



နေပြီးမှ တဖြည်းဖြည်း တိုးဝင်ပျောက်ကွယ်သွားသည်။

ခေါင်းကြီး ပခုံးတွန့်လိုက်သည်။

"ဒီအတိုင်းဆိုယင်တော့ မလွယ်ဘူး၊ တို့က ပွဲတင်သံကြားရအောင် အော်ချင်တယ်ဆိုယင်တောင် အကျယ်ကြီးအော်လို့ မဖြစ်ဘူး၊ ပွဲတင်သံစုပြုံထွက်လာယင် ဘယ်ဂူပေါက်က ပွဲတင်သံမထွက်တဲ့ ဂူပေါက်ဆိုတာ မသိရဘဲနေဦးမယ်"

"ဟုတ်တယ်ကွ"

ရှောင်ကျူးက ထောက်ခံလိုက်သည်။

အတော်ကလေးကြာအောင် လျှောက်သွားပြီးလျှင်ဂူပေါက်များသည် သူတို့ထင်မှတ်ထားသည်ထက်ပင် များပြားနေကြောင်း တွေ့ရ၏။

"များလိုက်တဲ့ လိုဏ်ဂူပေါက်တွေ၊ စွန်ရဲက ငါတို့ကိုလိမ်ပြောလိုက်တယ်ဆိုယင်တော့ တစ်သက်လုံးရှာတာတောင် တွေ့မှာမဟုတ်ဘူး"

ခေါင်းကြီး ညည်းညူလိုက်သည်။

ရှောင်ကျူးက အမှတ်မထင် အနောက်ဘက် လှည့်ကြည့်လိုက်၏။

"ဟင်"

မမျှော်လင့်သောမြင်ကွင်းကြောင့် လွှတ်ခနဲ ရေရွတ်လိုက်လေသည်။

"ဘာဖြစ်တာလဲ..ဘာဖြစ်တာလဲ"

ခေါင်းကြီး ကပျာကယာမေးလေသည်။

ရောင်ကျူးက...

"ကြည့်လိုက်စမ်း"

အနောက်ဘက်သို့ လက်ညှိုးညွှန်ကာ ပြောလိုက်သည်။

ခေါင်းကြီးကြည့်လိုက်လေသည်။

အနောက်ဘက်တွင်လည်း ဂူပေါက်များ ရှိနေသည်ကိုတွေ့ရသည်။ ခေါင်းကြီး မျက်မှောင်ကြုတ်သွားပြီး...

"ဘာများထူးခြားလို့လဲကွ"

ဟုမေးလိုက်လေသည်။ ရောင်ကျူးက...

"မင်းသေသေချာချာ ကြည့်စမ်းပါ၊ ဂူပေါက်တွေအားလုံး တစ်ပုံစံထဲ ဖြစ်နေကြတယ် မဟုတ်လား"

ခေါင်းကြီး သေသေချာချာ ကြည့်လိုက်ပြီး တအံ့တသြပြောလေသည်။

"ဟုတ်ပါရဲ့ မင်းပြောမှပဲ ငါသတိထားမိတော့တယ်"

"ငါတို့ ဘယ်ဂူပေါက်က ဝင်လာတယ်ဆိုတာကော မင်းသိသလား"

"ဟင်"

ခေါင်းကြီး ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။ မှန်ပေသည်။ သူတို့ မည်သည့်ဂူပေါက်မှ ဝင်လာခဲ့သည်ကိုပင် မသိနိုင်တော့ပါချေ။

"ဒုက္ခပဲ"

ခေါင်းကြီး ခေါင်းကုပ်ယင်း ညည်းညူလိုက်လေသည်။

ရောင်ကျူးက...



"ပွဲတင်သံမထွက်တဲ့ ဂူပေါက်ကိုမတွေ့ယင် တို့ဒီအထဲက ပြန်ထွက်နိုင်ဖို့ မလွယ်တော့ဘူး"

ဟုပြောလိုက်၏။ ခေါင်းကြီးက မကျေမနပ်ဖြစ်သွားပြီး...

"စွန်ရဲရဲ့စကားကို ယုံမိတာ ငါတို့အမှားပဲကွ"

ရောင်ကျူး ဘာမှမပြောဘဲ ပါးစပ်ပိတ်ထားလိုက်၏။

ထိုစဉ် ဝဲဘက်တစ်နေရာမှ အသံတစ်ခု ခပ်သဲ့သဲ့ထွက်ပေါ်လာသည်ကိုကြားလိုက်ရ၏။

ရောင်ကျူးနှင့်ခေါင်းကြီးတို့ ခေါင်းထောင်သွားကြသည်။

နှစ်ယောက်သား စကားမပြောဘဲ နားစွင့်လိုက်ကြလေသည်။

ကြားလိုက်ရသောအသံများ တိတ်ဆိတ်ပျောက်ကွယ်သွားသည်။ ခေါင်းကြီးက...

"တစ်ယောက်ယောက်တော့ အထဲမှာရှိနေတယ်"

ဟု မှတ်ချက်ချလိုက်လေသည်။

ရောင်ကျူး ကပျာကယာ လက်ကာပြလိုက်ပြီး...

"နားထောင်စမ်း"

ဟုပြောလိုက်၏။

ခေါင်းကြီး ပါးစပ်ပိတ်ကာ နားထောင်လိုက်လေသည်။

ထိုအခါ ခပ်ဝေးဝေးမှ အသံသဲ့သဲ့ ထွက်ပေါ်လာပြန်သည်ကိုကြားလိုက်ရပြန်လေသည်။

အသံမှာ တိတ်ဆိတ်ပျောက်ကွယ်သွားခြင်း မရှိတော့ဘဲ ဆက်ကာဆက်ကာ ထွက်ပေါ်လာသည်။

သေသေချာချာ နားထောင်ကြည့်လိုက်လျှင်...
"မြန်မြန်လာ"
ဟူသောစကားသံနှင့်အတူ ပြေးလွှားလာသည့်ခြေသံများကို ကြားလိုက်ရလေတော့သည်။

♣ ♣ ♣

မိန်းကလေးငါးယောက် ထွက်သွားကြပြီ ဖြစ်လေသည်။

ယခုအခါ ကျင်းကျင်းနှင့်အတူ အနက်ရောင်ဝတ်ဆင်ထားသူသုံးယောက်သာလျှင် ကျန်ရစ်ခဲ့လေတော့သည်။

အနက်ရောင်ဝတ်ဆင်ထားသူ သုံးယောက်မှာ အတွင်းအားပြန်လည်ပြည့်ဖြိုးစေသော ဆေးလုံးများသောက်ကာ မြင်းလှည်းဘေးမြေပြင်၌ထိုင်ချကာ မျက်လုံးစုံမှိတ်၍ အတွင်းအားလေ့ကျင့်နေကြ၏။

ကျင်းကျင်းနှင့် မြင်းလှည်းမောင်းသည့် မိန်းကလေးသာလျှင် အကောင်းပကတိရှိကြလေသည်။

ကျင်းကျင်း၏မျက်နှာပေါ်တွင် မကျေနပ်သည့် အရိပ်အယောင်များ အထင်းသားပေါ်လွင်နေသည်။

လျှို့ဝှက်ခရီးထွက်လာရာတွင် အန္တရာယ်တစ်ခုနှင့်သာ ကြုံရလေသည။

သူမ၏လူများ ဖရိုဖရဲဖြစ်သွားကြပြီ မဟုတ်ပါလား။

စွန်ရဲအကြောင်း စုံစမ်းရန်စေလွှတ်လိုက်သည့် အားဖုံးသည်



လည်းကောင်း၊ ကျားညီနောင်သည်လည်းကောင်း ယခုတိုင် ပြန်ရောက်မလာကြပါချေ။

ယခုအချိန် စွန်ရဲရောက်လာလျှင် သူမကိုယ်တိုင် ရင်ဆိုင်ရတော့မည်ဖြစ်ကြောင်း နားလည်ထား၏။

ရှေ့ဆက်မည့်ခရီးတွင် စွန်ရဲထက်ပို၍ ကြောက်မက်ဖွယ်ကောင်းသူများနှင့် ရင်ဆိုင်ရနိုင်၏။

ဤသို့ဆိုလျှင် သူမ မည်ကဲ့သို့ ကျော်လွှားသွားရမည်နည်း။

ဝမ်းစုနှင့်လူယုံတော်ယို့ကျားတို့သည် အားကိုးရသူများဖြစ်ကြောင်း နားလည်ထား၏။

ရှောင်ကျူးသည်လည်း အားထားရသူဖြစ်သည်။

ယခုတော့ ဝမ်းစုနှင့်လူယုံတော်ယို့ကျားတို့ ပြန်ရောက်မလာကြသည့်အပြင် ရှောင်ကျူးကလည်း သဘောထားချင်း မတိုက်ဆိုင်သဖြင့် လမ်းခွဲသွားချေပြီ။

ကျင်းကျင်း အံကြိတ်လိုက်သည်။

"စွန်ရဲ မြန်မြန်လာပါစေ၊ သူ့ကိုဆုံးမပြီးတာနဲ့ ခရီးဆက်လို့ရပြီ"

ဟုတီးတိုး ရေရွတ်လိုက်လေသည်။

ထိုစဉ် လမ်းမအတိုင်း လူတစ်ယောက် ခပ်သုတ်သုတ်လျှောက်လာနေသည်ကို တွေ့မြင်ရလေသည်။

ထိုလူကိုမြင်လျှင် ကျင်းကျင်း မျက်မှောင်ကြုတ်သွား၏။

"အားဖုံးနဲ့ တူလိုက်တာ"

ဟုစိတ်ထဲ ကျိတ်ပြီး တွေးမိလိုက်လေသည်။

ထိုလူက တဖြည်းဖြည်း အနီးသို့ရောက်ရှိလာရာ သူမ၏အတွေးမှန်ကန်နေကြောင်း သိလိုက်ရလေသည်။

"အားဖုံး"

ကျင်းကျင်း ဝမ်းသာအားရခေါ်လိုက်သည်။

အားဖုံးက ကျင်းကျင်းကို ဂါရဝပြုလိုက်ပြီး...

"ကျုပ်ကို ခွင့်လွှတ်ပါ သခင်မလေး"

ဟု တောင်းပန်လာလေသည်။

ကျင်းကျင်းက...

"ပြောစမ်းပါဦး၊ ရှင်က ဘယ်တွေလျှောက်သွားနေတာလဲ"

"ကျုပ်က သခင်မလေးခိုင်းလိုက်တဲ့အတိုင်း ကောင်လေးနောက်ကို လိုက်သွားတဲ့အခါ အရက်ဆိုင်လေးတစ်ဆိုင်ကို ရောက်သွားခဲ့ပါတယ်၊ အဲဒီအရက်ဆိုင်လေးမှာ.."

အရက်ဆိုင်လေး၌ အဘိုးအိုဟန်ဆောင်ထားသည့် စွန်ရဲနှင့်တွေ့ဆုံခဲ့ရပုံကို ပြောပြလိုက်လေသည်။

သူ၏စကားဆုံးလျှင် ကျင်းကျင်းက...

"အခု ရှင်က ဘယ်လိုလုပ်ပြီး လွတ်မြောက်လာတာလဲ"

ဟုမေးလိုက်၏။

အားဖုံး၏မျက်နှာ နီရဲသွားသည်။

"ကျုပ်လည်း သွေးကြောပိတ်ခံလိုက်ရပြီး တောင့်တောင့်ကြီးဖြစ်နေခဲ့ရာက စောစောကပဲ ခြေတွေလက်တွေ ပြန်ပြီးလှုပ်ရှားလို့ရခဲ့ပါတယ်၊ ဒါနဲ့ ဒီကိုချက်ချင်း ပြန်လာခဲ့တာပါ"

"ဩော်..ရှင့်ရဲ့သွေးကြောတွေ အလိုလို ပြန်ပွင့်လာတယ်



ပေါ့ ဟုတ်လား"

"ဟုတ်ပါတယ် သခင်မလေး"

ကျင်းကျင်း၏ရင်ထဲ လေးလံသွား၏။

စွန်ရဲ၏သွေးကြောပိတ်ပညာမှာ အံ့မခန်းထက်မြက်နေကြောင်း သိလိုက်ရသည် မဟုတ်ပါလား။

အားဖုံးက...

"ကျုပ် သခင်မလေးပေးအပ်တဲ့ တာဝန်ကို ကျေပွန်အောင် မထမ်းဆောင်နိုင်လို့ ကျုပ်မှာ အပြစ်ရှိပါတယ်၊ ကျုပ်ကို အပြစ်ပေးပါ"

ဟုပြောလိုက်၏။ ကျင်းကျင်းမှာ မဆီမဆိုင် ရောင်ကျူး၏မျက်နှာကို ပြေးပြီးမြင်ယောင်မိ၏။

ရောင်ကျူးသာရှိလျှင် အားဖုံးအား အပြစ်ပေးခြင်းမပြုရန် ကြားဝင်ပြောဆိုမည်မှာ သေချာလှပေသည်။

"ရှင် မမျှော်လင့်ဘဲ အငိုက်မိသွားတာမို့ သည်တစ်ကြိမ်ရှိစေတော့၊ ရှင့်ကိုခွင့်လွှတ်လိုက်မယ်၊ နောက်နောင် ဒီလိုပေါ့လျော့မယ်ဆိုယင် ကြီးလေးတဲ့ အပြစ်ဒဏ်ပေးရလိမ့်မယ်"

အားဖုံး ဝမ်းသာသွားလေသည်။

ချက်ချင်းပင် လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်လိုက်ပြီး..

"ကျေးဇူးတင်ပါတယ် သခင်မလေး"

သူသည် တစ်စုံတစ်ခုကို သတိရလာဟန်ဖြင့်...

"ကျုပ် လှုပ်ရှားလာနိုင်တဲ့အချိန် အရက်ဆိုင်ထဲက စားပွဲပေါ်မှာ စာတစ်စောင်တင်ထားတာ တွေ့ရပါတယ်၊ သွားကြည့်တဲ့

အခါ ရွှေကျားအာမခံဌာနအမည်စာအိတ်ပေါ်မှာ ရေးထားတာကြောင့် ကျုပ်တို့နဲ့ပတ်သက်မယ်ထင်ပြီး ယူလာခဲ့ပါတယ်”

ပြောပြောဆိုဆို အကျီအိတ်ထဲမှ စာတစ်စောင် ထုတ်ပေးလိုက်လေသည်။

ကျင်းကျင်း ယူကာကြည့်လိုက်လေသည်။

ထိုစာအိတ်ပေါ်တွင်...

“ရွှေကျားအာမခံဌာန”

ဟုရေးသားထားသည်ကို တွေ့လိုက်ရ၏။

ကျင်းကျင်း မဲ့ပြုံးပြုံးလိုက်သည်။

လက်ရေးကိုတွေ့လိုက်ရသည်နှင့် ကောင်လေးလာပေးသောစာမှ လက်ရေးနှင့် အတူတူဖြစ်လေရာ စွန်ရဲလက်ရေးဖြစ်ကြောင်း ရိပ်မိလိုက်လေသည်။

စွန်ရဲစာဖြစ်နေခြင်းကြောင့် ရွှေကျားအာမခံဌာနပိုင်ရှင် ဝမ်းစုရောက်လာမည့်အချိန်ကိုပင် မစောင့်တော့ဘဲ စာကိုဖောက်ဖတ်လိုက်လေသည်။

ထိုအခါ စာထဲ၌...

“မြင်းလှည်းကိုထားပြီး ထွက်သွားကြပါ၊ ဒါကျုပ်ရဲ့ နောက်ဆုံးသတိပေးခြင်းပဲ”

စွန်ရဲ

ဟုရေးသားထားသည်ကို တွေ့လိုက်ရ၏။

ကျင်းကျင်း ဒေါပွသွား၏။

စာကို ချက်ချင်း အပိုင်းပိုင်းဖြစ်အောင် ဆုတ်ဖြဲကာ မြေပေါ်ပစ်ချလိုက်လေသည်။



ပြီးလျှင် ခြေထောက်ဖြင့် သုံးလေးချက်မက ဆောင့်လိုက်၏။ အားဖုံး ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ကျင်းကျင်းက သူ့အားကြည့်လိုက်ပြီး...

“မြင်းလှည်းအနားက တစ်ဖဝါးမှမခွာနဲ့”

ဟုအမိန့်ပေးလိုက်၏။

အားဖုံး ဦးညွှတ်လိုက်ပြီး...

“ကောင်းပါပြီ သခင်မလေး”

စကားဆုံးလျှင် မြင်းလှည်းဘေးသို့သွားကာ တောင့်တောင့်ကြီးရပ်နေလိုက်လေသည်။ ကျင်းကျင်းက...

“သတ္တိရှိယင် လာခဲ့စမ်း၊ ကျွန်မတို့အကြောင်း ကောင်းကောင်းကြီးသိသွားစေရမယ်”

စွန်ရဲအား ရည်ရွယ်ကာ ကြုံးဝါးလိုက်လေတော့သည်။

♣ ♣ ♣

ခြေသံများ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

တစ်စထက်တစ်စ နီးကပ်လာပြီး နောက်ဆုံးလူနှစ်ယောက် ပြေးထွက်လာကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူနှစ်ယောက်ကိုမြင်လျှင် ရှောင်ကျူး ဝမ်းသာသွားလေသည်။

“ဆရာယို့”

ဟု လှမ်းခေါ်လိုက်လေသည်။

ပြေးလွှားလာသူနှစ်ယောက်မှာ လူယုံတော်ယို့ကျားနှင့် ဝမ်းစုတို့ဖြစ်နေကြသည် မဟုတ်ပါလား။

လူယုံတော်ယို့ကျားနှင့်ဝမ်းစုတို့လည်း ရှောင်ကျူးကိုမြင်လျှင် အတိုင်းမသိ ဝမ်းသာသွားလေသည်။

"ရှောင်ကျူး"

ပြိုင်တူခေါ်လိုက်ကြသည်။

လူယုံတော်ယို့ကျားက...

"ရှောင်ကျူး မင်းက ငါတို့နောက်ကို တကယ်ပဲလိုက်ရှာနိုင်တာကိုး"

"ကျွန်တော် လိုက်လာမယ်လို့ ပြောပြီးမှပဲ ဆက်ဆက်လိုက်လာခဲ့မှာပေါ့ဗျာ"

"ဒါထက် မင်းက သည်အထဲကို ဘယ်လိုလုပ်ရောက်လာခဲ့တာလဲ"

ရှောင်ကျူးနှင့်စွန်ရဲတို့ တွေ့ဆုံခဲ့သည့်အဖြစ်အပျက်များကို ပြန်လည်ပြောပြလိုက်လေသည်။

လူယုံတော်ယို့ကျား မျက်မှောင်ကြုတ်လိုက်ပြီး...

"သူက လက်မခံဘူးလား"

ဟုမေးလိုက်သည်။ ရှောင်ကျူး ခေါင်းယမ်းလိုက်သည်။

"ဟုတ်တယ်၊ တကယ်ဆိုယင် သိုင်းအဆင့်နိမ့်တဲ့ မိန်းကလေးငါးယောက်ကို ပြန်လွှတ်ဖို့လိုပါတယ်၊ လမ်းခရီးတလျှောက် ဘာတွေဖြစ်မယ်၊ ဘာတွေကြုံရမယ်ဆိုတာ ပြောနိုင်မှာမဟုတ်ဘူး၊ အန္တ



ရာယ်တစ်ခုခုနဲ့ကြုံတွေ့ရမယ်ဆိုယင် အဲဒီလူတွေကို ရှေ့ကအသေခံနိုင်းသလို ဖြစ်နေလိမ့်မယ်"

လူယုံတော်ယို့ကျား ခေါင်းညိတ်လိုက်သည်။

"မင်းပြောတာ ဖြစ်နိုင်ပါတယ်၊ စွန်ရဲနောက်ကို ခြေရာခံလိုက်သွားသူတွေ တစ်ယောက်မှ ပြန်မလာကြဘူး"

"ဒီလူတွေ စွန်ရဲနဲ့ ရင်ဆိုင်တိုးမိပြီး ဒုက္ခရောက်ကုန်ကြပြီထင်တယ်"

"ဒါတော့ ကျုပ်လည်း မပြောတတ်ဘူး"

ရှောင်ကျူး စိုးရိမ်ပူပန်သွားသည်။

"စွန်ရဲ စိတ်မပြောင်းသွားပါစေနဲ့လို့ ဆုတောင်းရမှာပဲ၊ အခုအတိုင်းဆို သူ့ဘက်က အသာစီးရနေပေမယ့် သူ့ကြောင့် ဘယ်သူမှ ဒုက္ခမရောက်ရလေအောင် အတော်ကို ကြိုးစားရှောင်ကွင်းပြီး လုပ်ကိုင်နေတာ တွေ့ရတယ်၊ သူက လူ့အသက်ကိုပဓာနမထားတဲ့လူဆိုးကြီးတစ်ယောက်ဆိုယင်တော့ ကျင်းကျင်းရဲ့လူတွေ တစ်ယောက်မှ အသက်ရှင်နိုင်ကြတော့မှာ မဟုတ်ဘူး"

"စွန်ရဲက မဆိုးဘူး၊ တို့ဒီက အမြန်ဆုံး ထွက်သွားနိုင်ကြမှ ဖြစ်မယ်၊ တော်ကြာ ကျင်းကျင်းတို့ ဒုက္ခရောက်နေလိမ့်မယ်"

သူတို့ ဤနေရာ၌ ရှိနေခိုက်တွင် စွန်ရဲက ကျင်းကျင်းထံသွား၍ ဒုက္ခပေးနိုင်ကြောင်း ရှောင်ကျူး တွက်ဆမိသည်။ ထို့ကြောင့်...

"ဒီအထဲက ထွက်သွားဖို့ အရေးကြီးတယ်"

ဟုသံယောင်လိုက်ကာ ပြောလိုက်သည်။

ဝမ်းစုက ခေါင်းယမ်းလိုက်၏။

"ဒီအထဲက ထွက်သွားဖို့ မလွယ်ဘူး ထင်တယ်"

ရောင်ကျူး ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"ဘာဖြစ်လို့လဲ"

"ကျုပ်တို့ ဒီအထဲ ရောက်ခဲ့တာ အတော်ကြာပြီ၊ ထွက်ပေါက်ရှာလို့ မတွေ့ဘဲ တဝဲလယ်လယ် ဖြစ်နေခဲ့ကြရတယ်"

ရောင်ကျူးက လူယုံတော်ယို့ကျားအား လှမ်းကြည့်လိုက်၏။ လူယုံတော်ယို့ကျား မျက်နှာ မသာမယာ ဖြစ်နေသည်ကို တွေ့မြင်ရ၏။

ရောင်ကျူး ပြုံးလိုက်၏။

"ဒီအတွက် မပူပါနဲ့ဗျာ၊ သည်အထဲက ဘယ်လို ထွက်ရမယ်ဆိုတာ ကျုပ်သိပါတယ်"

ဟုပြောလိုက်သည်။ သူ၏စကားကြားလျှင် ဝမ်းစုနှင့် လူယုံတော်ယို့ကျားတို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြတော့၏။

"ဘယ်လို ထွက်သွားနိုင်တာလဲ ပြောစမ်းပါဦး"

ဝမ်းစုက အငမ်းမရ မေးလိုက်၏။ ရောင်ကျူးက...

"ဒီအထဲမှာ ပွဲတင်သံ မထွက်တဲ့ ဂူပေါက်တစ်ခု ရှိတယ်၊ အဲဒီ ဂူပေါက်ဟာ ထွက်ပေါက်ပဲ"

"ပွဲတင်သံ မထွက်တဲ့ ဂူပေါက်ဟုတ်လား"

"ဟုတ်တယ်"

"ကြဲကြဲဖန်ဖန် ပြောတာပဲ၊ ပွဲတင်သံ မထွက်တဲ့ ဂူပေါက်ရှိနိုင်မလား"

ဝမ်းစုက စိတ်ပျက်လက်ပျက်ပြောသည်။



ထိုစဉ် လူယုံ တော်ယို့ကျားက...

"တစ်ခုတော့ ရှိတယ်၊ ဂူပေါက်တစ်ခုဟာ ထူးထူးခြားခြား မှောင်မည်းနေတာ တွေ့ရတယ်၊ ကျုပ်ကလဲ အန္တရာယ်ရှိမယ် ထင်တာနဲ့ ဝင်ကြည့်ဖို့ မကြိုးစားမိခဲ့ဘူး၊ အဲဒီ ဂူပေါက်များ ဖြစ်နေမလား မပြောတတ်ဘူး"

ထိုစကားကြားရလျှင် ရောင်ကျူး ဝမ်းသာသွားသည်။

"ကျုပ်တို့ သွားကြည့်ကြယင် မကောင်းဘူးလား"

လူယုံတော်ယို့ကျားမှာ ရောင်ကျူး ရောက်လာပြီဖြစ်ရာ အားတက်နေပုံရ၏။

"သွားကြည့်လို့ ဖြစ်ပါတယ်၊ ကျုပ်နောက်လိုက်ခဲ့ပါ"

ပြောပြီး လမ်းပြခေါ်ဆောင်သွားသည်။ ရောင်ကျူး၊ ခေါင်းကြီးနှင့် ဝမ်းစုတို့ နောက်မှ လိုက်သွားကြသည်။

မကြာပါချေ။ အခြားဂူပေါက်များထက် ပို၍ ကြီးမားကျယ်ဝန်းသော ဂူပေါက်တစ်ခုရှေ့သို့ ရောက်သွားကြသည်။ လူယုံတော်ယို့ကျားက...

"ကျုပ်ပြောတာ ဒီဂူပေါက်ပဲ"

ဟုညွှန်ပြရင်း ပြောလိုက်သည်။ ရောင်ကျူးက ခေါင်းကြီးဘက် လှည့်ကာ ကြည့်လိုက်၏။ ခေါင်းကြီးက...

"ပွဲတင်သံ မထွက်တဲ့ ဂူပေါက် ဟုတ်မဟုတ် သိဖို့ရာ လွယ်ပါတယ်"

ပြောပြီး ဂူပေါက်အနီး လှမ်းသွားကာ...

"စွန်ရဲ၊ မင်းဘယ်ပြေးမလဲ"

ဟုအော်ဟစ်လိုက်လေသည်။ သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

ပွဲတင်သံ ဟိန်းထွက်လာမည်ဟု ရောင်ကျူး တွေးတောပူပန်မိသည်။ သို့သော် သူထင်မှတ်သလို ဖြစ်မလာချေ။

ခေါင်းကြီး၏စကားသံ ဆုံးသွားသော်လည်း ပွဲတင်သံ ထွက်ပေါ်လာခြင်း မရှိချေ။ အားလုံး ဝမ်းသာသွားကြလေသည်။

"သည်ဂူပေါက်က ပွဲတင်သံလည်း မထွက်ပါလား"

ဝမ်းစုက တအံ့တသြ ရေရွတ်လိုက်သည်။ ရောင်ကျူးက...

"ပွဲတင်သံ မထွက်တဲ့ ဂူပေါက် အမှန်တကယ် ရှိနေပြီပဲ၊ ကျုပ်တို့ အပြင်ထွက်ကြရအောင်"

ဟုပြောလိုက်လေသည်။ ထို့နောက် ဂူပေါက်ထဲသို့ လှမ်းဝင်လိုက်လေသည်။

ခေါင်းကြီး သူ၏နောက်မှ လိုက်သွားလေသည်။ ဝမ်းစုနှင့် လူယုံတော်ယို့ကျားတို့မှာလည်း တွေးတောစဉ်းစားခြင်းပင် မပြုဘဲ နောက်မှ လိုက်သွားကြလေသည်။

♣ ♣ ♣

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားပြီ ဖြစ်လေသည်။

ဝမ်းစုနှင့် လူယုံတော်ယို့ကျားတို့ ပြန်ရောက်မလာကြသေးချေ။ ရောင်ကျူးမှာလည်း ထွက်သွားပြီး ပြန်ပေါ်မလာတော့ချေ။

ကျားညီနောင်၏ အရိပ်အယောင်ကိုလည်း မတွေ့ရပါ။



ကြာသော် ကျင်းကျင်း စိတ်ပျက်လာလေသည်။

အချိန်မှာလည်း နေစောင်းစပြုနေပြီ ဖြစ်သည်။

နောက်ဆုံးတွင် အချိန်မီ ရောက်မလာသူများကို ထားရစ်ကာ ရှိသည့်လူနှင့် ခရီးဆက်သွားရန် ဆုံးဖြတ်လိုက်လေသည်။

မြင်းလှည်းနံဘေး၌ အသင့်စောင့်ဆိုင်းနေကြသူများဘက် လှည့်ကာ အမိန့်ပေးရန် ဟန်ပြင်လိုက်စဉ်မှာပင်...

"သခင်မလေး..သခင်မလေး"

ခေါ်သံများနှင့်အတူ လူနှစ်ယောက် ပြေးလွှားလာနေကြသည်ကို တွေ့မြင်လိုက်ရလေသည်။ ကျင်းကျင်း အံ့သြသွားပြီး လှမ်းကြည့်လိုက်သည်။

"ဟင် ကျားညီနောင်ပါလား"

လွတ်ခနဲ ရေရွတ်မိလိုက်သည်။ မှန်ပေသည်။ ပြေးလွှားလာသူများမှာ ကျားညီနောင် ဖြစ်သည်။

ကျားညီနောင်တို့သည် ကျင်းကျင်းအား ဦးညွှတ်ဂါရဝပြုလိုက်သည်။ ကျင်းကျင်းက တင်းမာသော မျက်နှာထားဖြင့်...

"ရှင်တို့ ဘယ်တွေ သွားနေကြတာလဲ ပြောစမ်းပါဦး"

ဟုခပ်ထန်ထန် မေးလိုက်လေသည်။

နဂိုကပင် မဝံ့မရဲ ဖြစ်နေသော ကျားညီနောင်မှာ ပို၍ မဝံ့မရဲ ဖြစ်သွားကြလေတော့သည်။ ကျင်းကျင်းက...

"ပြောစမ်းပါဦး၊ ရှင်တို့က ဘာငိုင်နေကြတာလဲ"

ဟုထပ်၍ ငေါက်လိုက်လေသည်။ ကျားကြီးက...

"ကျုပ်..ကျုပ်တို့ညီနောင်ဟာ သခင်မလေး နိုင်းလိုက်တဲ့

အတိုင်း မြို့ထိပ်ဘုံကျောင်းကို လိုက်သွားကြပါတယ်၊ ဘုံကျောင်းရောက်တော့"

သူတို့သည် လူငယ်(ဝါ)စွန်ရဲ၏လှည့်စားမှုကို ခံရပြီး သွေးကြောပိတ်ခံခဲ့ရကြောင်း ရှင်းပြလိုက်လေသည်။

ကျင်းကျင်းက အားဖုံးအား လှမ်းကြည့်လိုက်သည်။

အားဖုံး ခေါင်းငုံ့ထားလိုက်လေသည်။ ကျင်းကျင်းက...

"ရှင်တို့က အားဖုံးလိုပဲ၊ အချိန်တန်တော့ သွေးကြောပြန်ပွင့်သွားပြီး လှုပ်ရှားနိုင်ခဲ့ကြတယ် မဟုတ်လား"

ဟုမေးလိုက်လေသည်။ ကျားညီနောင် ပြိုင်တူ ခေါင်းညိတ်လိုက်ကြလေသည်။

"ဟုတ်ပါတယ်"

"သူက ရှင်တို့ကို စာတစ်စောင်များ မပေးခိုင်းလိုက်ဘူးလား"

"ဗျာ"

ကျားညီနောင် ကြောင်အမ်းအမ်း ဖြစ်သွားကြလေသည်။

ကျင်းကျင်းကို နားမလည်နိုင်စွာ ကြည့်လိုက်၏။

ကျင်းကျင်းက သူတို့အား စိုက်ကြည့်နေသည်ကို မြင်လျှင် အယောင်ယောင်အမှားမှား ဖြစ်ကာ ကျားလေးက အင်္ကျီအိတ်ထဲ လက်နှိုက်လိုက်လေသည်။ ကျားကြီးလည်း လက်နှိုက်လိုက်သည်။

"ဟင်"

ကျားလေး ဘာမှ မထူးခြားသော်လည်း ကျားကြီး အထိတ်တလန့် ရေရွတ်သံကို အတိုင်းသား ကြားရ၏။



အားလုံးက ကျားကြီးကို ဝိုင်းကြည့်လိုက်ကြလေသည်။

ကျားကြီး အင်္ကျီအိတ်ထဲမှ လက်ထုတ်လိုက်သည်။

သူ၏လက်ထဲ၌ စာတစ်စောင် ပါလာသည်ကို တွေ့မြင်လိုက်ရလေသည်။ ကျင်းကျင်း ပြုံးလိုက်သည်။

"ထင်သားပဲ၊ စွန်ရဲက ဘာတွေ ကြံစည်နေတယ်ဆိုတာ မကြာခင် ကျွန်မ ဖော်ထုတ်နိုင်မှာပဲ၊ စာကို ပေးပါ"

သူမတောင်းလိုက်လျှင် ကျားကြီးလည်း မနေနိုင်တော့ဘဲ ခပ်သွက်သွက်ကလေး လှမ်းပေးလိုက်လေသည်။

ကျင်းကျင်းက စာကို ဖောက်ဖတ်ကြည့်လိုက်၏။ စာထဲ၌...

"မြင်းလှည်းကို ထားပြီး ထွက်သွားပါ၊ ဒါမှမဟုတ်ရင်တော့ နေဝင်သွားတာနဲ့ ကျုပ်အကြောင်း သိရမယ်"

"စွန်ရဲ"

ဟုရေးသားထားသည်ကို တွေ့ရလေသည်။

"တောက်"

ကျင်းကျင်း တောက်ခေါက်လိုက်သည်။

ပထမနည်းအတိုင်းပင် စာရွက်ကို အစိတ်စိတ်အမြွာမြွာ ဆုတ်ဖြဲကာ မြေပေါ်ပစ်ချလိုက်လေသည်။

ယခုတစ်ကြိမ် စာရွက်ကို ဆုတ်ဖြဲလိုက်စဉ် ထူးခြားသော ရနံ့တစ်ခု ထွက်ပေါ်လာသည်ဟု သူမ ထင်လိုက်မိ၏။

ပထမတစ်ကြိမ်၌လည်း ထိုသို့ပင် ခံစားခဲ့ရလေသည်။

စားသောက်ဆိုင်ရှေ့ဝယ် ပန်းပင်များ စိုက်ပျိုးထားခြင်းကြောင့် ပန်းရနံ့ဟု ထင်မိ၏။

အခုမှ ပန်းရန့်များ မဟုတ်သည်ကို သတိထားမိလိုက်ခြင်း ဖြစ်၏။

တစ်ကြိမ်သတိမမူဘဲ ရှိခြားအံ့၊ နှစ်ကြိမ်ဆိုလျှင် သူမသတိပြုမိသွားမည်သာ ဖြစ်ပေသည်။

ကျင်းကျင်း မျက်မှောင်ကြုတ်သွားပြီး...

"အမွှေးနံ့တစ်ခု ရကြသလား"

ဟုအားလုံးကို ဝေ့ကြည့်ကာ မေးလိုက်လေသည်။

အားလုံး ခေါင်းညိတ်လိုက်ကြရသည်။

"ရပါတယ် သခင်မလေး"

"စောစောကကော"

ကျင်းကျင်း ထပ်မေးလိုက်သည်။ အားဖုံးက...

"စောစောကလည်း တစ်ကြိမ်ရမိတယ်"

ဟုပြောလိုက်လေသည်။ ကျင်းကျင်း မျက်နှာပျက်သွား၏။

အမွှေးနံ့မှာ ထူးခြားနေရာ ရိုးသားမှု မရှိဟု နားလည်လိုက်သည်။ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ပြီး...

"သတိထားကြ၊ စွန်ရဲ ရောက်မလာခင် အဆိပ်မိထားသလား၊ ဒါမှမဟုတ် အတွင်းအား လျော့နည်းကွယ်ပျောက်သွားသလားဆိုတာကို စစ်ဆေးထားကြ"

သူမ၏စကားကြားလျှင် အားလုံး ထိတ်လန့်တုန်လှုပ်သွားကြ၏။ ရန်သူ၏ နောက်တစ်ကြိမ် အဆိပ်ခတ်ခြင်း ခံနေရပြန်ပြီဖြစ်ကြောင်း သဘောပေါက်သွားကြလေသည်။

အားလုံးက အတွင်းအား ထုတ်ဖော်ကြည့်ရန် ဟန်ပြင်လိုက်ကြ၏။ ထိုစဉ်မှာပင်...

"အင့်"

ညည်းညူသံ ထွက်ပေါ်လာသည်။ ကျင်းကျင်း ရင်ထိတ်သွားသည်။

ညည်းညူသံ ထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်သောအခါ အားဖုံးမှာ ဒူးများကွေးညွတ်ကာ မြေပြင်ပေါ် လဲကျသွားသည်ကို တွေ့မြင်လိုက်ရလေသည်။

"အားဖုံး၊ ရှင် ဘာဖြစ်တာလဲ"

သူမ လှမ်းမေးလိုက်သည်ကို အားဖုံး မဖြေနိုင်ပါတော့ချေ။

မြေပေါ် ရောက်လျှင် တုတ်တုတ်မျှ မလှုပ်ဘဲ ငြိမ်သက်သွား၏။ ကျင်းကျင်း ကပျာကယာ ပြေးသွားပြီး အားဖုံး၏သွေးကြောများကို စမ်းသပ်ကြည့်လိုက်လေသည်။

ထိုအခါ အားဖုံးမှာ အသက်ကို တဖြည်းဖြည်း မှန်မှန်ရှူရှိုက်ကာ သတိလစ်မေ့မြောနေကြောင်း တွေ့လိုက်ရ၏။

"တော်ပါသေးရဲ့"

စိတ်ထဲမှာ ကျိတ်ပြီး မှတ်ချက်ချလိုက်မိ၏။

အားဖုံး၏အဖြစ်ကြောင့် ကျန်လူများ စိတ်ဓာတ်ကျသွားမည်ကို စိုးရိမ်ပူပန်မိသည်။

အားဖုံးအတွက် စိုးရိမ်စရာ မလိုကြောင်း ရှင်းပြရန် ဟန်ပြင်လိုက်၏။ ထိုစဉ်မှာပင်...

"အင့်"

"အီး"

မသဲမကွဲ ညည်းညူသံများ ထပ်မံထွက်ပေါ်လာသည်ကို ကြားလိုက်ရပြန်လေသည်။

ကျင်းကျင်း တစ်ကိုယ်လုံး တောင့်တင်းသွား၏။

ညည်းညူသံ ထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်၏။

ထိုအခါ ကျားညီနောင်မှာ ညည်းညူကာ မြေပေါ် တအိအိ ပြိုလဲကျသွားသည်ကို တွေ့မြင်လိုက်ရလေသည်။

"ကျားညီနောင်၊ ရှင်တို့ ဘယ်လို ဖြစ်တာလဲ"

သူမ၏စကားသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ကျားညီနောင်ကား အဖြေမပေးနိုင်ကြပါချေ။

မြေပေါ် လဲကျသွားသည်နှင့် သတိလစ် မေ့မြောသွားပြီ ဖြစ်လေသည်။ ကျင်းကျင်းက...

"အားလုံး သတိထား၊ ရန်သူဟေ့.."

သူမ စကားဆုံးအောင် မပြောလိုက်ရချေ။

ညည်းညူသံများ ဆက်တိုက်ထွက်ပေါ်လာ၏။

ကျန်ရှိနေသေးသည့် အနက်ရောင်ဝတ်ဆင်ထားသူသုံး ယောက်လည်း တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြသည်ကို တွေ့မြင်ရလေသည်။

ကျင်းကျင်းက မေးမြန်းခြင်း မပြုတော့ချေ။

မေး၍လည်း မည်သို့မျှ အကြောင်းထူးမည် မဟုတ် ကြောင်း နားလည်ထားလေတော့သည်။

အားဖုံး၊ ကျားညီနောင်နှင့် အနက်ရောင်ဝတ်ဆင်ထားသူ သုံးယောက်မှာ မြေပေါ်တွင် ဆန့်ဆန့်ကြီး လဲကျနေကြသည်။



ကျင်းကျင်း ဒေါပွသွားသည်။

"တောက်၊ ခွန်ရဲ သိကြသေးတာပေါ့"

ဟုအော်ပြောလိုက်၏။ အနီးပတ်ဝန်းကျင်၌ သူတို့အား စောင့်ကြည့်နေသည့် ခွန်ရဲ ရှိနေကြောင်း ယူဆမိလေ၏။ ထို့ကြောင့်

"ခွန်ရဲ သတ္တိရှိယင် ထွက်လာခဲ့စမ်း"

ဟုအော်ပြောလိုက်လေသည်။ သူမ၏စကားသံနှင့် မရှေး မနှောင်းမှာပင်...

"ဟား..ဟား..ဟား"

ရယ်မောသံတစ်ချက် ကျယ်လောင်စွာ ထွက်ပေါ်လာသည် ကို ကြားလိုက်ရလေသည်။

တဆက်တည်းပင် ခွန်ရဲ လက်နှစ်ဘက် နောက်ပစ်ကာ ခြံဝင်းအတွင်းသို့ ဝင်လာသည်ကို တွေ့လိုက်ရ၏။

ကျင်းကျင်း အံကြိတ်ထားလိုက်သည်။

ပြန်လည်တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်လေသည်။

ခွန်ရဲ၏မျက်နှာ ပြုံးရွှင်နေ၏။

ပန်းဥယျာဉ်တစ်ခုအတွင်း လေညင်းခံ လမ်းလျှောက်လာ သူပမာ လက်နှစ်ဖက် နောက်ပစ်ကာ အေးအေးဆေးဆေး လှမ်းဝင် လာခြင်း ဖြစ်လေသည်။

တခဏအတွင်းပင် ကျင်းကျင်း အနီးသို့ ရောက်ရှိလာ၏။

သူလျှောက်လှမ်းနေသည်မှာ ပန်းဥယျာဉ်တစ်ခု မဟုတ်ပါ။

မြေပေါ်၌ အတုံးအရုံး လဲကျနေသူများဖြင့် အကျည်းတန် အရုပ်ဆိုးလှသည့် နေရာတစ်ခု ဖြစ်နေသည် မဟုတ်လား။

ကျင်းကျင်းက...

"စွန်ရဲ့ ရှင်မဆိုးဘူး၊ ဒါပေမယ့် ကျွန်မတို့ဆီက ခြူးပြားတစ်ပြား အပ်တိုတစ်ချောင်းတောင် ရလိမ့်မယ် မထင်နဲ့"

ဟုပြောလိုက်လေသည်။ စွန်ရဲ ရယ်မောလိုက်ပြီး...

"ခင်ဗျားတော်တော် ကြီးကျယ်နေတာကိုး၊ ခင်ဗျားတို့ ဒုက္ခရောက်မသွားစေချင်လို့ စေတနာနဲ့ ပြောနေတာဗျ"

"စကားမရှည်နဲ့၊ ရှင်တိုက်ခိုက်ဖို့ ပြင်ထားပေတော့"

စကားဆုံးလျှင် စတင်တိုက်ခိုက်လိုက်လေသည်။

စွန်ရဲ ပြုံးရယ်နေဆဲ။ လက်တစ်ဖက် ဝှေ့ယမ်းလိုက်ပြီး...

"အားလုံး လဲကျသွားစမ်း"

ဟုပြောလိုက်လေသည်။ သူက ပြောစရာ မလိုတော့ပါ။

အနက်ရောင်ဝတ်ဆင်ထားသူအားလုံး မြေပေါ် လဲကျနေကြပြီ ဖြစ်သည်။ ကျင်းကျင်း ဒေါသကို မထိန်းနိုင်တော့...

"သေပေတော့"

စွန်ရဲထံ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

စွန်ရဲ ခေါင်းယမ်း လိုက်သည်။ ကျင်းကျင်း၏ တိုက်ကွက်များကို အသာအယာ ရှောင်ပေးလိုက်ပြီးမှ...

"ခင်ဗျား စိတ်မြန်မှန်းသိလို့ စာနှစ်စောင်မှာ မှေ့ဆေးမှုန့်တွေ သုတ်လိမ်းပေးလိုက်တာပဲ၊ ခင်ဗျားကသာ စာတွေကို စုတ်ဖြဲမပစ်ဘူးဆိုရင် ကျုပ်အစီအစဉ် ပျက်သွားနိုင်တယ်၊ စာနှစ်စောင်မှာ သုတ်လိမ်းပေးလိုက်တဲ့ မှေ့ဆေးမှုန့်ချင်း မတူကြဘူးလေ၊ တစ်ခုတည်း ရှူရှိုက်မိတယ်ဆိုရင် အဆိပ်ဖြေဆေးသောက်ရုံနဲ့ ပျောက်သွားမှာပဲ၊ ဒါပေမယ့် နှစ်ခုကို ပေါင်းစပ်ရှူရှိုက်မိပြီဆိုရင်တော့ ကျုပ်ကိုယ်တိုင် ဖော်စပ်ထားတဲ့ ဖြေဆေးသောက်ရမှ သတိရနိုင်တော့မယ်"



ဟုရှင်းပြလိုက်လေသည်။ ကျင်းကျင်း ခံပြင်းဒေါသထွက်နေပါ၏။ စွန်ရဲအား သုတ်သင်ရှင်းလင်းပစ်ရန် ဆုံးဖြတ်လိုက်လေ၏။

"ရှင်က ဘယ်လိုပဲလုပ်လုပ် ရှင်လိုချင်တာ မရနိုင်တဲ့အပြင် ရှင်လုပ်ခဲ့တဲ့ လုပ်ရပ်တွေကြောင့် အပြစ်ပေးခံရမယ်ဆိုတာ ကောင်းကောင်းကြီး မှတ်ထားပါ"

စွန်ရဲ ခေါင်းညိတ်လိုက်သည်။

"ခင်ဗျားကြိုက်သလို ပြောနိုင်ပါတယ်၊ ဒါပေမယ့် မကြာခင် မိုးချုပ်တော့မယ်၊ မြင်းလှည်းထားပြီး အချိန်ရှိတုန်း ထွက်သွားကြပါ"

ကျင်းကျင်း ငိုင်သွား၏။ သူမ၏အဖော်များကား မြေပေါ် အတုံးအရုံး လဲကျနေပြီ ဖြစ်၏။

စွန်ရဲနှင့် ထိပ်တိုက်ရင်ဆိုင်နိုင်သူမှာ သူမတစ်ယောက်တည်းသာ ရှိပေသည်။ မည်သို့ဆိုစေ စွန်ရဲကို မမှုပါ။

"ကောင်းပြီ၊ ရှင်က ကျွန်မကို အနိုင်တိုက်ခိုက်နိုင်မယ်ဆိုရင်တော့ ရှင်ထင်သလို ဖြစ်လာနိုင်ပါတယ်"

ဟုပြောလိုက်၏။ စွန်ရဲ ပြုံးလိုက်သည်။

"ကျုပ်က ခင်ဗျားကို တိုက်ခိုက်စရာ မလိုဘဲနဲ့တောင် အနိုင်ရပြီးသွားပါဗျာ"

"ဘာရှင့်"

"ခင်ဗျား မယုံဘူးလား"

"ရှင့်ကိုယ်ရှင် အထင်ကြီးလွန်းယင်တော့ မှားသွားမယ်"

စွန်ရဲ ခေါင်းယမ်းလိုက်သည်။

"ကျုပ်ကိုယ်ကျုပ် အထင်ကြီးတာ မဟုတ်ဘူး၊ ကျုပ်က အမှန်အတိုင်း ပြောနေတာဗျ"

"ကောင်းပြီလေ၊ အနိုင်အရှုံး တိုက်ခိုက်ပြီးမှ ရှေ့ဆက်ပြောကြတာပေါ့၊ ဘယ်သူ အရင်စမလဲ ပြောပါ"

စွန်ရဲ လက်ဝှေ့ယမ်းပြလိုက်၏။

"ခင်ဗျားက ဧည့်သည်ဆိုတော့ ခင်ဗျားပဲပေါ့"

"ကဲ သတိထားပေတော့"

ကျင်းကျင်းက ရုတ်တရက် ပြေးဝင်တိုက်ခိုက်လိုက်လေ၏။

စွန်ရဲက လက်နှစ်ဘက်နောက်ပစ်ကာ မလှုပ်မယှက် ရပ်နေဆဲ။

ကျင်းကျင်း၏တိုက်ခိုက်မှုကို ရှောင်တိမ်းခြင်း မပြုဘဲ နေမည့်ပုံ ရလေသည်။

"သေပေတော့"

ကျင်းကျင်းက စွန်ရဲထံ ခုန်ဝင်လိုက်စဉ် သူမ၏ခန္ဓာကိုယ် တုန်ခါသွားလေသည်။

"အမယ်လေး"

တစ်ချက် ညည်းညူလိုက်ပြီး မြေပေါ်လဲကျသွား၏။

ထို့နောက် တုတ်တုတ်မျှ မလှုပ်တော့ချေ။

"ဟား..ဟား..ဟား"

စွန်ရဲ သဘောကျစွာ ရယ်မောလိုက်လေတော့သည်။

♣ ♣ ♣



လေပြည်လေညင်း ဝှေ့ယမ်းတိုက်ခတ်လာသည်။

ကောင်းကင်ပေါ်၌ အိပ်တန်းပြန်ငှက်တစ်ချို့ တွေ့မြင်နိုင်၏။ ကောင်းကင်တစ်ခုလုံး ပုစွန်ဆီရောင် သမ်းနေ၏။

နေဝန်းမှာ အနောက်ဘက်သို့ သိသိသာသာကြီး ရောက်ရှိသွားပြီ ဖြစ်လေသည်။

တစ်နေ့တာ အချိန်ကုန်ဆုံးသွားသဖြင့် အနောက်အရပ်တွင် တစ်ညတာ အနားယူတော့မည် ဖြစ်ပေသည်။

နေဝင်ဆည်းဆာအချိန်တွင် အစစအရာရာ လှပနေသည်ဟုပင် ဆိုနိုင်လေတော့သည်။

သို့သော် စားသောက်ဆိုင်ကလေးရှေ့မှ မြင်ကွင်းသည် မလှမပ အကျည်းတန် အရုပ်ဆိုးနေ၏။

အနက်ရောင်ဝတ်ဆင်ထားသူ ခြောက်ယောက်မှာ မြေပေါ်တွင် အတုံးအရုံး လဲကျနေသည် မဟုတ်ပါလား။

ထိုလူခြောက်ယောက်နှင့် မလှမ်းမကမ်းတွင် မိန်းကလေးတစ်ယောက် လဲကျနေ၏။

ထိုမိန်းကလေးမှာ ကျင်းကျင်း ဖြစ်လေသည်။

ကျင်းကျင်းတို့လူစုတွင် မားမားမတ်မတ် နေနိုင်သူ ဟူ၍ မြင်းလှည်းမောင်းသည့် မိန်းကလေးတစ်ယောက်သာလျှင် ကျန်ရစ်ခဲ့ပေတော့သည်။

မြင်းလှည်းမောင်းသည့် မိန်းကလေးက မြင်းလှည်းပေါ်တွင် မလှုပ်မယှက် ထိုင်နေ၏။

သူမ၏ရွှန်းလက်တောက်ပသော မျက်လုံးများသည် စွန်ရဲ

အား စိုက်ကြည့်နေ၏။

သူမတွင် တိုက်ခိုက်မည့် သို့မဟုတ် ခုခံမည့်အသွင် လုံးဝမတွေ့ရချေ။

အဖြစ်အပျက်အားလုံး သူမနှင့် မဆိုင်သလို ထိုင်ကြည့်နေခြင်း ဖြစ်လေသည်။ စွန်ရဲ ပြုံးလိုက်လေသည်။

မိန်းကလေးက ခေါင်းလည်းမညိတ် ခေါင်းလည်းမခါဘဲ ငေးကြည့်နေပါ၏။ စွန်ရဲက...

"မင်းကော"

ဟုထပ်မေးလိုက်သည်။ ထိုအခါမှ မိန်းကလေးက...

"ရှင်က ဘာလုပ်မလို့လဲ"

"ကျုပ်က မြင်းလှည်းကို ယူသွားမယ်လေ"

ပြောရင်း စွန်ရဲ သဘောကျစွာ ပြုံးလိုက်၏။ သူကြိုးစားတိုင်း အောင်မြင်ခဲ့သည်ချည့်ပင်။ မိန်းကလေးက...

"ဘာလုပ်ဖို့လဲရှင့်"

ဟု ထပ်မေးလိုက်သည်။

ယခုတစ်ကြိမ် စွန်ရဲ ကျဲမြီးတိုသွားတော့၏။

"ဘာလုပ်ရမလဲ၊ ကျုပ်လိုချင်လို့ပေါ့"

သူ၏စကားကြားလျှင် မိန်းကလေး ခေါင်းယမ်းလိုက်လေသည်။

"ဘာလုပ်ဖို့ လိုချင်ရတာလဲရှင်"

စွန်ရဲ စိတ်မရှည်နိုင်တော့ပါ။

"ကဲ မင်းဘာသာ ဆင်းမလား၊ ကျုပ်က မောင်းထုတ်ပစ်ရမလားဆိုတာ ပြောပါ"



"ရှင်က မြင်းလှည်းကို တကယ် လိုချင်တာကိုး"

"ဟာ တယ်ခက်ပါလား၊ ကဲ..ကဲ၊ မြင်းလှည်းပေါ်က ဆင်းလိုက်စမ်း၊ နောက်တစ်ခါ ထပ်မပြောဘူး၊ မင်းကို ဆွဲချပစ်လိုက်မယ်"

စွန်ရဲ မြင်းလှည်းမောင်းသည့် မိန်းကလေးကို ငေါက်လိုက်၏။ မိန်းကလေးက...

"ကောင်းပါပြီရှင်"

ပြောပြောဆိုဆို ထိုင်ရာမှ ထလိုက်လေ၏။ ထိုအခိုက်မှာပင်

"ခစ်..ခစ်..ခစ်"

ရယ်မောသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ စွန်ရဲ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်သွား၏။

ချက်ချင်း နောက်လှည့်ကြည့်လိုက်လေသည်။

"ဘယ်လို ဖြစ်တာလဲ"

ဟုလွှတ်ခနဲ ရေရွတ်လိုက်မိ၏။

ယခုတစ်ကြိမ် အံ့သြရသူမှာ စွန်ရဲသာ ဖြစ်လေသည်။

မြေပေါ် လဲကျသွားခဲ့သည့် ကျင်းကျင်းသည် ပြန်လည်ထရပ်လာပြီး ဖြစ်လေသည်။

သူမ၏မျက်နှာ ပြုံးရွှင်နေလေတော့သည်။ စွန်ရဲက...

"ခင်..ခင်ဗျား"

ရှေ့ဆက်မပြောနိုင်ဘဲ ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေ၏။

ကျင်းကျင်း ရယ်မောလိုက်ပြီး...

"ရှင်ဒုက္ခပေးနိုင်တယ်ဆိုတာ သိလို့ အဆိပ်ဖြေဆေးကို ကြို

တင်သောက်ထားလိုက်တယ်လေ၊ ရှင့်ရဲ့ အဆိပ်ဆေးမှုန့်ကို မှုစရာ မလိုတော့ဘူးပေါ့"

စွန်ရဲ အံကြိတ်လိုက်သည်။

"ကောင်းပြီ၊ ကျုပ် နောက်တစ်ခေါက် ပြန်လာဦးမယ်"

ပြောပြီး ထွက်သွားရန် ဟန်ပြင်လိုက်၏။

သို့သော် သူ မသွားဖြစ်တော့ပါချေ။

အကြောင်းမှာ လူလေးယောက် ခပ်သွက်သွက် လျှောက်လာနေသည်ကို တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်ပေသည်။

ထိုလူလေးယောက်ကို မြင်လျှင် အခြေအနေ မဟန်မှန်းနားလည်လိုက်၏။

မည်သို့ဆိုစေ ထွက်သွားဖို့ရာ နောက်ကျနေပြီ ဖြစ်လေ၏။

ကျင်းကျင်းကား စွန်ရဲနှင့် ဆန့်ကျင်ဘက် ဖြစ်ကာ လှမ်း ... နေသူလေးယောက်ကို မြင်လျှင် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွား၏။

လှမ်းလာနေသူလေးယောက်မှာ ရောင်ကျူး၊ ခေါင်းကြီး၊ ဝမ်းစုနှင့် လူယုံတော်ယို့ကျားတို့ ဖြစ်ကြသည် မဟုတ်ပါလား။

စွန်ရဲ၏နဖူးပေါ်၌ ချွေးများ စို့စို့လာလေတော့သည်။

ပထမပိုင်းပြီး၏။

ဒုတိယပိုင်းစာတ်သိမ်းတွင် ဆက်လက်ဖတ်ရှုပါရန်။